ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ စနေနေ့၊ (19-9-2015) (၈၃၂၈)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

သတင်း စာမျက်နှာ » ၃



# ကလေးလွင်ပြင်ရေရှည်တည်တံ့စေရေး မြစ်သာမြစ်ကြောင်းပြုပြင်ပေးရန် ဒေသခံများလိုလားလျက်ရှိ

သတင်းနှင့် ဓာတ်ပုံ
သီသီမင်း

ကလေးလွင်ပြင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြစ်သာမြစ်ကြောင်းပြုပြင်ပေးရန် ဒေသခံများကလိုလားလျက်ရှိကြောင်း ကလေးမြို့တွင်ပြုလုပ်သည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများပါဝင်သော အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက်ကပြုလုပ်သည့် ကလေးကဘော်လွင်ပြင် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပွဲမှသိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ *



ကွေ့ကောက်စီးဆင်းနေသော မြစ်သာမြစ်ကို တွေ့ရစဉ်။



**ကြေးမုံစာတည်းရှုထောင့်** **၁၉-၉-၂၀၁၅၊ စနေနေ့**

# တရားမျှတသည့် ရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၅၀ ရက်သာ လိုတော့သည်။ ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်မှုများ၊ ရွေးကောက်ပွဲကာလ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရွေးကောက်ပွဲအပြီး လုပ်ဆောင်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ကြရာတွင် ရွေးကောက်ပွဲကာလ မီဒီယာအခန်းကဏ္ဍမှာ အထူးအရေးကြီးပေသည်။ ရွေးကောက်ပွဲကာလတွင် မီဒီယာများက သတင်းရယူကြမည်ဖြစ်ပြီး အဆိုပါ မီဒီယာများ လုံခြုံရေး၊ မီဒီယာများထိန်းကျောင်းရေးသည်လည်း အထူးလိုအပ်လာသည်။ ရိုးသားလွတ်လပ်သည့် ရွေးကောက်ပွဲများကျင်းပရာတွင် မီဒီယာကဏ္ဍသည် ဦးစားပေးဆောင်ရွက်ရမည့်အချက်များရှိလာသည်။

လက်ရှိကာလတွင် မီဒီယာများသည် မဲဆန္ဒရှင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် မီဒီယာများသည် ကြားနေရေးတာဝန်ကို တိကျစွာဆောင်ရွက်ရမည်ဖြစ်သည်။ ကိုယ်စားလှယ်တစ်ဦးတစ်ယောက်၊ ပါတီတစ်ခုတစ်ဖွဲ့အား ထောက်ခံမျက်နှာသာပေးခြင်းမျိုးကို မပြုလုပ်သင့်ပေ။ ညီညွတ်မျှတစွာဆက်ဆံရေး အခြေခံမူပေါ်တွင် ရပ်တည်ကြောညာနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

မီဒီယာများ၏ ဆောင်ရွက်ချက်များသည် မျက်မှောက်ကာလမှ ရွေးကောက်ပွဲပြီး နောက်ပိုင်းကာလအထိ အရေးကြီးပေသည်။ လက်ရှိတွင် တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်းသုံးရာကျော်အတွက် မီဒီယာသမားများ လုံလောက်အောင်မရှိသေးချေ။ စိတ်ပါဝင်စားသည့် မီဒီယာသမားများကိုလည်း ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများကြိုတင်ပို့ချပေးထားပြီးဖြစ်သည်။ သတင်းမီဒီယာသမားများကလည်း ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုမြင့်မားနေပေသည်။ ယခုရွေးကောက်ပွဲသည် နှစ်ပေါင်း ငါးဆယ်ကျော်ကာလအတွင်း ထူးခြားသည့်ရွေးကောက်ပွဲ အသွင်ဆောင်နေသည်။

မီဒီယာများအနေဖြင့် ရွေးကောက်ပွဲတွင် ဘက်လိုက်မှုမရှိ ဆောင်ရွက်ရမည့် စံနှုန်းရှိပေသည်။ မီဒီယာများအနေဖြင့် ထိုသတ်မှတ်ချက်ကို လိုက်နာကြရန် အထူးလိုအပ်ပေသည်။ ရွေးကောက်ပွဲကာလတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီများမှာ ကိုးဆယ်ကျော်ရှိနေပြီး ကိုယ်စားလှယ်လောင်းများမှာ ၆၀၀၀ ကျော်ပင်ရှိနေ၍ ထူးခြားသည်ဟုဆိုရမည်ဖြစ်သည်။

မီဒီယာများ၏ သဘောသဘာဝအရ သတင်းတန်ဖိုးအလိုက် မျှတအောင် ဆောင်ရွက်ပေးရသည်ဖြစ်၍ ထိုမျှများပြားသော အခြေအနေများတွင် ကြီးငယ်မရွေးဘက်မလိုက်မိအောင် အလေးထားဆောင်ရွက်ကြရမည် ဖြစ်သည်။ လောလောဆယ်တွင် မဲဆန္ဒရှင်ပြည်သူများ၏ အခန်းကဏ္ဍကို ဦးစားပေးကာ ရွေးကောက်ပွဲအသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော်လည်း ရွေးကောက်ပွဲနီးသည့်ကာလများတွင် ပါဝင်မှုကဏ္ဍအားလုံးအတွက် မျှတစွာဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။

ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည် ယခင်နှင့်မတူ ထူးခြားမှုရှိနေသည်မှာ သေချာပါသည်။ ယခင်ပြုလုပ်ခဲ့သော ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်ပါက သတင်းသမားများ၏ လုပ်ပိုင်ခွင့်နှင့် လွတ်လပ်ခွင့်မှာ သိသာထင်ရှားစွာ ပိုမိုရရှိထားသည်ကို တွေ့ရပေသည်။ ယခုရွေးကောက်ပွဲတွင် ကန့်သတ်ထားမှုများ လျော့နည်းလာပြီး လွတ်လပ်ခွင့်မှာလည်း ပိုများလာသည်မှာ အမှန်ဖြစ်သည်။

ထိုသို့လွတ်လပ်မှုရှိလာသလို တာဝန်ယူမှုနှင့်တာဝန်ခံမှု၊ ကျင့်ဝတ်နှင့် စည်းကမ်းဥပဒေများကို လိုက်နာမှုအပိုင်းများ၌ မီဒီယာသမားများအနေဖြင့် ပိုမိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘက်လိုက်မှုကင်းစွာဖြင့် မျှတစွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သတင်းသမားများသည် သတင်းအချက်အလက်များကို မှန်ကန်အောင် ထုတ်ပြန်ပေးရမည်ဖြစ်သည်။ ဝေဖန်မှု၊ ဆုံးဖြတ်မှုများကို အတတ်နိုင်ဆုံး ရှောင်ရှားရမည်ဖြစ်သည်။

ယခုကျင်းပမည့်ရွေးကောက်ပွဲသည် နိုင်ငံအသွင်ကူးပြောင်းရေးအတွက် အလေးထားပြီး ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ မှန်မှန်ကန်ကန်နှင့် မြန်မြန်ရောက်ရန်လိုအပ်သည်တို့ကို မီဒီယာများက ပါဝင်အထောက်အကူပြုကြရမည်ဖြစ်သည်။ သို့မှသာလွတ်လပ်၍တရားမျှတသည့်စစ်မှန်သော ရွေးကောက်ပွဲအသွင်သဏ္ဌာန်ကို ဖော်ဆောင်ရာရောက်မည်ဖြစ်ပါသည်။ ။

# တာမွေလမ်းဆုံတွင် Y ပုံသဏ္ဌာန်ရှိ ခုံးကျော်တံတားသစ်စီမံကိန်းအား တစ်နှစ်ခွဲအတွင်း အပြီးတည်ဆောက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရေးအတွက် တာမွေမြို့နယ်ရှိ တာမွေလမ်းဆုံတွင် Y-ပုံသဏ္ဌာန်ရှိ တာမွေလမ်းဆုံ ခုံးကျော်တံတားသစ် စီမံကိန်းအား စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါ တာမွေခုံးကျော်တံတားသစ်စီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ ကွန်ကရစ်ကြမ်းခင်း၊ သံမဏိ သံရက်မတံတားဖြစ်ကာ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းတို့ကို ဖြတ်သန်းတည်ဆောက်မည်ဖြစ်သည်။ တံတားတည်ဆောက်မည့်ပုံစံမှာ အရှေ့မြင်းပြိုင်ကွင်းလမ်းမှ ဗညားဒလလမ်းသို့ တစ်လမ်းမောင်း၊ နှစ်လမ်းသွားနှင့် ဗညားဒလလမ်းမှ ဦးချစ်မောင်လမ်းသို့ နှစ်လမ်းမောင်း၊ လေးလမ်းသွားစနစ်ဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

တာမွေလမ်းဆုံ ခုံးကျော်တံတားသစ်၏အရှည်ဖြစ်သော ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်း၏ လေးလမ်းသွား(နှစ်လမ်းမောင်း) အရှည်မှာ ၈၇၆ ဒသမ ၂၈ မီတာ ရှိပြီး အရှေ့မြင်းပြိုင်ကွင်းလမ်း၏ နှစ်လမ်းသွား (တစ်လမ်းမောင်း) အရှည်မှာ ၆၀၀ ဒသမ ၈၉ မီတာရှိသည်။ တံတားအကျယ် လေးလမ်းသွားမှာ ၁၃ မီတာရှိပြီး တံတားအကျယ် နှစ်လမ်းသွားမှာ ခုနစ်မီတာရှိသည်။ မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန် အလေးချိန်မှာ ၇၅ တန်ရှိပြီး တံတားကင်းလွတ်အမြင့်မှာ ၁၆ ပေရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ Y ပုံသဏ္ဌာန်ရှိ တာမွေခုံးကျော်တံတားသစ်တည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမှာပါ။ အရည်အသွေးပြည့်မီပြီး လမ်းအသုံးပြုကြသူများ အဆင်ပြေစေဖို့အတွက် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နိုင်ဖို့လုပ်ဆောင်သွားမှာပါ"ဟု ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက ပြောကြားသည်။

တာမွေလမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းအား တစ်နှစ်ခွဲအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ခုံးကျော်တံတားသစ် စီမံကိန်းအား စက်တင်ဘာ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(ပွင့်သစ္စာ)**

# ညောင်ဦးတွင် ဒုတိယအကြိမ်စိစစ်ပြီး မဲဆန္ဒရှင်စာရင်းကြေညာထားမှုအား ကြည့်ရှုစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၁၈**

ညောင်ဦးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ်မြောက် စိစစ်ပြီး မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်က စတင်၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ ကော်မရှင်ရုံးခွဲများတွင် မဲစာရင်းများ ကြေညာထားရှိပေးပြီး အဆိုပါ မဲစာရင်းများကြေညာထားရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ လက်ပံခြေပေါ်တိုက်နယ်အုပ်စုသို့ စက်တင်ဘာ ၁၆ ရက်က မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက်ပြီး မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကော်မရှင်အဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် မဲဆန္ဒရှင်စာရင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာထားရှိမှု အခြေအနေ၊ မဲဆန္ဒရှင်များ မဲစာရင်းအား လာရောက်ကြည့်ရှုမှုအခြေအနေ၊ မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်မှုအခြေအနေများ၊ မဲစာရင်းစောင့်ကြပ်ထားရှိမည့် အခြေအနေများ၊ မဲရုံအဖြစ်အသုံးပြုမည့် အဆောက်အအုံနှင့် ဆောက်လုပ်မည့် မဲရုံအခြေအနေများ၊ မဲရုံလုံခြုံမှု ရှိ၊ မရှိ၊ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်များတွင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ၊ မဲဆန္ဒပြုသူများအတွက် ကူညီစောင့်ရှောက်မှုအစီအစဉ်များနှင့် မဲစာရင်းပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ချက်များရှိလာပါက အချိန်မီပြင်ဆင်ဆောင်ရွက်နိုင်ရေး အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် မဲရုံပေါင်း ၂၃၁ ရုံနှင့် မဲဆန္ဒရှင်ဦးရေ စုစုပေါင်း ၁၉၄၃၆၅ ဦးခန့်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(IPRD)




# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျစည်းရုံးဟောပြောခွင့်ပြုလျက်ရှိရာတွင် ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့ အနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှုမရှိခြင်း ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၃၅၀၀ - ၇၇၄၅၀၀ | | |
| မန္တလေး | ရွှေဈေး | ၇၇၃၄၀၀ - ၇၇၄၄၀၀ | | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၇၃. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၀၇၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၅၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၈. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၄၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၈. ၇၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၃. ၅၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

# တရုတ်နိုင်ငံနှင့် အာဆီယံတို့သည် မဟာဗျူဟာမိတ်ဖက်များဖြစ်ကြပြီး ကြီးမားသည့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများရှိ

**နန်နင်း စက်တင်ဘာ ၁၈**

(၁၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ နန်နင်းမြို့ရှိ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပြပွဲဗဟိုဌာန (Nanning International Convention and Exhibition Centre) ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိနှင့်အတူ အာဆီယံနိုင်ငံများကိုယ်စား ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တနာဆပ် ပတီမာပရာဂွန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကား ပြောကြားကြသည်။



ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တရုတ်နိုင်ငံနှင့် အာဆီယံတို့သည် မဟာဗျူဟာမိတ်ဖက်များဖြစ်ကြပြီး ကြီးမားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ရှိနေကြပါကြောင်း၊ တရုတ်နိုင်ငံသည် အာဆီယံ၏အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး အာဆီယံသည်လည်း တရုတ်နိုင်ငံ၏ တတိယအကြီးမားဆုံး



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ (၁၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကုန်သွယ်ဖက်ဖြစ်လာပါကြောင်း၊ တရုတ်-အာဆီယံ နှစ်ဖက်အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏသည် ၂၀၁၃ခုနှစ်က အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၀၉ ဘီလီယံဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ၁၂၆ ဒသမ ၉၅ ဘီလီယံအထိ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

မြင့်မားလာသည့် စီးပွားရေးဆက်ဆံမှုကို အကောင်အထည်ဖော်ပေးခဲ့သည့် အာဆီယံ-တရုတ်လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် (ASEAN-China FTA) သည် အာဆီယံအနေဖြင့် အခြားသော ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ချုပ်ဆိုထားသည့် FTA များအနက် ပထမဦးဆုံး အောင်မြင်စွာချုပ်ဆိုခဲ့သည့် သဘောတူညီချက် ဖြစ်ပါကြောင်း။

အာဆီယံ ဒေသတွင်းပေါင်းစည်းမှုနှင့် တရုတ်-အာဆီယံ နီးကပ်စွာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုမည့် အာဆီယံ ပေါင်းစည်းဆက်သွယ်မှု စီမံကိန်း (Master Plan on ASEAN Connectivity - MPAC)တွင် တရုတ်နိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း။

တရုတ်နိုင်ငံက အဆိုပြုသည့် (၂၁)ရာစုပင်လယ်ရေကြောင်းဆိုင်ရာ ပိုးလမ်းမကြီးသည် MPAC ကို အကျိုးပြုမည်ဖြစ်ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် အရေးကြီးသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

အာရှဒေသ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် MPAC ကို အကောင်အထည်ဖော်ရာတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ပါဝင်သည့် အဖွဲ့ဝင်အများစုသည် ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများဖြစ်ကြပြီး ယခုအချိန်တွင် နိုင်ငံပေါင်း ၅၇ နိုင်ငံအထိ တိုးတက်လာသည်ဟု သိရှိရပါကြောင်း။

တရုတ်နိုင်ငံမှ ပိုးလမ်းမရန်ပုံငွေအတွက် ထည့်ဝင်မည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ သည် ပိုးလမ်းမတစ်လျှောက်တွင်ရှိသည့် နိုင်ငံများ၏ အခြေခံအဆောက်အအုံ၊ အရင်းအမြစ်၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး၊ ငွေကြေးပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားသောစီမံကိန်းများတွင် အသုံးပြုရန်ရည်ရွယ်ကြောင်း သိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ကုန်းလမ်းပိုးလမ်းမကြီးတည်ဆောက်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရာတွင် ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ- မြန်မာ စီးပွားရေး စင်္ကြံတစ်လျှောက်ညီမျှသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် အလေးထားခြင်းအတွက်လည်း ဝမ်းမြောက်မိပါကြောင်း။

တရုတ်နိုင်ငံနှင့် အာဆီယံတို့အကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေးအစဉ်အလာအရ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် (၂၁)ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကြီး အောင်မြင်စွာတည်ဆောက်နိုင်စေရန်နှင့် အာဆီယံ-တရုတ် ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အောင်မြင်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ဒုတိယသမ္မတသည် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပြပွဲ ဗဟိုဌာနအတွင်းရှိ Myanmar Commodity Hall သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက CAEXPO Trade Fair ၏ Myanmar Commodity Hall ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် မြန်မာပြခန်းများနှင့် နိုင်ငံတကာပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာပြီး (၁၁)ကြိမ်မြောက် CAEXPO Trade Fair ၏ Myanmar Commodity Hall ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

နန်နင်းမြို့တွင် တရုတ်-အာဆီယံကုန်စည်ပြပွဲများကို ၂၀၀၄ ခုနှစ်မှ စတင်၍ တရုတ်နှင့် အာဆီယံနိုင်ငံများမှ ပြည်သူများအတွက် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရန် ရည်ရွယ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည်။

ယခုနှစ်တွင် ကျင်းပသော (၁၂)ကြိမ်မြောက်ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ပြခန်း ၈၀ ကျော်ဖွင့်လှစ်၍ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းအမျိုးအစားများအလိုက် ကဏ္ဍစုံလင်စွာဖြင့် ပြသလျက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျန်းစီးပြည်နယ် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းရှူးတောင်ရှိ တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ဗုဒ္ဓရုပ်ပွားတော်များနှင့် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နန်နင်းမြို့ရှိ အမျိုးသားယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်းပြသထားသည့် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝပုံစံ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာပြခန်းများအား ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ကွမ်ရှီးရုပ်သံဌာနမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ဆက်ဆံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင်များနှင့်တွေ့ဆုံ အမှာစကားပြောကြားကာ ကောင်စစ်ဝန်ချုပ်ရုံးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နန်နင်းပြည်သူ့ခန်းမဆောင်၌ကျင်းပသည့် နန်နင်းအပြည်ပြည်ဆိုင်ရာ အနုပညာပွဲတော်နှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာ ဖျော်ဖြေပွဲသို့ တက်ရောက်အားပေးသည်။

**(သတင်းစဉ်)**

# တာဝေးပစ်ဒုံးပျံ ပစ်လွှတ်ခြင်းမပြုရန် မြောက်ကိုရီးယားကို တောင်ကိုရီးယားသတိပေး

**ဆိုးလ် စက်တင်ဘာ ၁၈**

မြောက်ကိုရီးယားနိုင်ငံသည် တာဝေးပစ်ဒုံးပျံတစ်စင်းကို ပစ်လွှတ်မည်ဆိုပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဒဏ်ခတ်မှုများကို ထပ်မံပြုလုပ်ဖွယ်ရှိကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက သတိပေးလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဂြိုဟ်တုလွှတ်နိုင်ရန်ဟုဆိုကာ ဒုံးပျံပစ်လွှတ်မှုကို ပြုလုပ်မည်ဆိုပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများကို ထပ်မံတွေ့ကြုံရနိုင်ကြောင်း မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်အစီအစဉ် အဆုံးသတ်ရေးကိုရည်ရွယ်သည့် ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲ၏ တောင်ကိုရီးယား စေ့စပ်ဆွေးနွေးရေးမှူးချုပ် ဝမ်ဂျုံကွတ်က ပြောကြားသည်။ ၎င်းသည် လောလောဆယ်တွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့အပါအဝင် ခြောက်ပွင့်ဆိုင် ဆွေးနွေးပွဲ၌ပါဝင်နေသော နိုင်ငံများသာမက ကုလသမဂ္ဂလုံခြုံရေးကောင်စီကပါ မြောက်ကိုရီးယား၏ ဘေးအန္တရာယ်ပေးနိုင်သောခြေလှမ်းကို စောင့်ကြည့်နေကြကြောင်း ဝမ်ဂျုံကွတ်က တောင်ကိုရီးယား သတင်းထောက်များအား ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များနှင့် သက်ဆိုင်နေသည့် သုတေသနအစီအစဉ်များကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူဒဏ်ခတ်မှု တွေ့ကြုံနေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို မမေ့သင့်ကြောင်း ၎င်းကပြောကြားသည်။

တောင်နှင့်မြောက်ကိုရီးယားနိုင်ငံများ၊ အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့ ပါဝင်သော ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲမှာ ၂၀၀၈ ခုနှစ်နှောင်းပိုင်းမှစ၍ တိုးတက်မှုမရှိဘဲ ရပ်ဆိုင်းလျက်ရှိသည်။ **ကျိုဒို။**

# ချီလီတွင် အင်အားပြင်းငလျင်လှုပ်ခတ် လူရှစ်ဦးထက်မနည်းသေဆုံးပြီး ပြည်သူတစ်သန်းအား ပြောင်းရွှေ့ပေးရ



**စန်တီယေဂို စက်တင်ဘာ ၁၈**

ချီလီနိုင်ငံတွင် စက်တင်ဘာ ၁၆ ရက်က ပြင်းအား ၈ ဒသမ ၃ ရှိ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးပြီး လူဦးရေတစ်သန်းကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ယင်းငလျင်ကြောင့် ဖြစ်ပေါ်သော ဆူနာမီရေလှိုင်းသည် ဂျပန်နိုင်ငံအထိပင် ရောက်နိုင်သည်ဟု သတိပေးချက်များ ထုတ်ပြန်ထားခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ချီလီနိုင်ငံအရှေ့ဘက် ကီလိုမီတာ ၁၅၀၀ (မိုင် ၁၀၀၀) ခန့်အကွာ အာဂျင်တီးနားနိုင်ငံမြို့တော် ဗျူနိုအေရိစ်ရှိ အဆောက်အအုံများပင် လှုပ်ခါသွားကြောင်း၊ ချီလီနိုင်ငံတွင် ပြည်သူများသည် လမ်းမများပေါ်သို့ ကြောက်လန့်တကြား ပြေးထွက်ခဲ့ကြရကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းငလျင်သည် ချီလီနိုင်ငံသမိုင်းတွင် ဆဋ္ဌမမြောက် အင်အားပြင်းထန်သော ငလျင်ဖြစ်သည်။ ယခုနှစ်အတွင်း ကမ္ဘာ့တစ်ဝန်းတွင် လှုပ်ခတ်ခဲ့သော ငလျင်များအနက် အင်အားအပြင်းထန်ဆုံး ငလျင်ဖြစ်ကြောင်း ချီလီပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။ ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုအပြီး နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခဲ့သည်။ ချီလီပင်လယ်ကမ်းခြေဒေသတွင် ဆူနာမီရေလှိုင်း ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့ရပြီး ဒေသခံများကို ကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။

မြေငလျင်လှုပ်မှုကြောင့် ချီလီကမ်းခြေ မြောက်ဘက်ပိုင်းဒေသမှ မိသားစု ၁၅၀၀၀ ကျော်တို့မှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်နေကြောင်း အမျိုးသားအရေးပေါ်လုပ်ငန်းဆိုင်ရာရုံးက ပြောကြားသည်။

ငလျင် ဗဟိုချက်နှင့် အနီးဆုံးဖြစ်သည့် ချိုရာပါပြည်နယ်ကို သဘာဝဘေးအန္တရာယ် ကျရောက်နေသော ဇုန်အဖြစ် ကြေညာထားသည်။

လူဦးရေ ၆ ဒသမ ၆ သန်း နေထိုင်သည့် မြို့တော်စန်တီယေဂို၏ မြောက်ဘက် ၂၂၈ ကီလိုမီတာ (မိုင် ၁၄၀)ခန့်အကွာနေရာကို ဗဟိုပြု၍ မြေငလျင် လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒ တိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။

**ရိုက်တာ။**

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးရှစ်လုံးပေါက်ကွဲ၊ လူ သုံးဦးသေဆုံး

**ဘန်ကောက် စက်တင်ဘာ ၁၈**

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝက်စီရင်စုတွင် အစ္စလာမ္မစ်စစ်သွေးကြွများ ဗုံးဖောက်ခွဲမှုများကြောင့် အရပ်သားနှစ်ဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးဖောက်ခွဲမှုများသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းနှင့် စာတိုက်အပါအဝင် တည်နေရာရှစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရဲအရာရှိများက နိုင်ငံ၏ တောင်ဘက်ပိုင်းတွင် ကျက်စားနေထိုင်ကြသည့် အစ္စလာမ္မစ်များအား သံသယရှိသူများအဖြစ် သတ်မှတ်ထားသည်။

ယင်းဖောက်ခွဲမှုများသည် လွန်ခဲ့သောလက ဘန်ကောက်မြို့၏ လူစည်ကားရာနေရာတွင် ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲမှုနှင့် ဆက်စပ်မှုမရှိကြောင်း ရဲအရာရှိများကဆိုသည်။

နာရာသီဝက်နှင့် နောက်ထပ် စီရင်စုနှစ်ခုကို ထိုင်းနိုင်ငံမှခွဲထွက်ပြီး သီးခြားရပ်တည်ခွင့်ပေးရန် အစ္စလာမ္မစ်များက တောင်းဆိုလျက်ရှိသည်။ ထိုအရေးကိစ္စနှင့်ပတ်သက်ပြီး ယင်းစီရင်စုများ



တွင် မကြာခဏ ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားလျက်ရှိသည်။ ၂၀၀၄ ခုနှစ်မှစပြီး ယခုအချိန်ထိ ဗုံးဖောက်ခွဲမှုများကြောင့် လူပေါင်း ၆၅၀၀ ကျော် သေဆုံးခဲ့ရသည်။

ထိုင်းအစိုးရက အစ္စလာမ္မစ်စစ်သွေးကြွများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရန် ရည်ရွယ်ပြီး ထောင်ဒဏ် ဆယ်နှစ်ကျော်ကျခံရမည့် အစ္စလာမ္မစ်စစ်သွေးကြွခေါင်းဆောင်များကို ပြစ်ဒဏ်ကာလမစေ့မီ အကျဉ်းထောင်မှ ကတိခံဝန်ချက်ဖြင့် လွှတ်ပေးခဲ့ သည်။

ယခုဗုံးဖောက်ခွဲမှုများသည် အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှု လုပ်ဆောင်ချက်များအပေါ် ဆိုးရွားစွာ ထိခိုက်မှုရှိကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# ပါကစ္စတန်နိုင်ငံ ပတ်ရှ်ဝါမြို့အနီး လေတပ်စစ်အခြေစိုက်စခန်းကို တာလီဘန်များ ဝင်ရောက်စီးနင်း

**ပတ်ရှ်ဝါ စက်တင်ဘာ ၁၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပတ်ရှ်ဝါမြို့အနီး လေတပ်စစ်အခြေစိုက်စခန်းတစ်ခုကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ အနည်းဆုံး လူ ၁၇ ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

ယင်းစီးနင်းတိုက်ခိုက်မှုကို နိုင်ငံ၏အကြီးဆုံး အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုဖြစ်သည့် တာလီဘန်စစ်သွေးကြွများက ၎င်းတို့ကျူးလွန်ခဲ့သည်ဟု ပြောကြားခဲ့သည်။

လေတပ်အခြေစိုက်စခန်း၏ ဘုရားကျောင်းအတွင်းသို့ တာလီဘန်များက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ကြောင်းနှင့် စစ်ဘက်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့တို့ အပြန်အလှန်ပစ်ခတ်ခဲ့ရာ စစ်သွေးကြွများဘက်မှ ၁၃ ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်က ပြောကြားခဲ့သည်။

အဆိုပါစစ်သွေးကြွအုပ်စုသည် အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး ပါကစ္စတန်အနောက်မြောက်ဘက်ပိုင်းတွင် ခြေကုပ်ယူထားကြသည်။

ယင်းဒေသသို့ ပါကစ္စတန်စစ်ဘက်က လွန်ခဲ့သည့်နှစ် ဇွန်လကစပြီး စစ်သွေးကြွများကို ချေမှုန်းရန် တပ်ဖွဲ့ဝင်များ စေလွှတ်ထားသည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာလက ပတ်ရှ်ဝါမြို့ရှိ စစ်ဘက်ပိုင် စာသင်ကျောင်းတစ်ကျောင်းကို တာလီဘန်စစ်သွေးကြွများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၁၅၀ ကျော်သေဆုံးခဲ့ခြင်းအတွက် လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်ချေမှုန်းရန် ယင်းဒေသသို့ တပ်ဖွဲ့ဝင်များကို စေလွှတ်ထားခြင်းဖြစ်သည်။

ယခုလေတပ်စစ်အခြေစိုက်စခန်းကို စီးနင်းတိုက်ခိုက်မှုသည် စစ်ဘက်ကို တာလီဘန်များက လက်တုံ့ပြန်သည့်လုပ်ရပ်ဖြစ်သည်ဟု လေ့လာစောင့်ကြည့်သူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# ခရိုအေးရှားနယ်စပ်၌ ခြံစည်းရိုးတည်ဆောက်မှု ဟန်ဂေရီစတင်

**ဘူဒါပတ် စက်တင်ဘာ ၁၈**

ဟန်ဂေရီနိုင်ငံက ရွှေ့ပြောင်းသွားလာသူများ ဝင်ရောက်လာမှုကို ပိတ်ဆို့ရန် ခရိုအေးရှားနှင့် ထိစပ်နေသည့် နယ်စပ်၌ခြံစည်းရိုးတစ်ခု တည်ဆောက်မှုစတင်ခဲ့ပြီး ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ ဖြန့်ကြက်လိုက်ကြောင်း ဝန်ကြီးချုပ် ဗစ်တာအော်ဘန်က ပြောကြားသည်။

ခြံစည်းရိုးကို နှစ်နိုင်ငံနယ်စပ် ၄၁ ကီလိုမီတာ(၂၅မိုင်)တွင် တည်ဆောက်မည်ဟု ဆိုသည်။ ဆားဘီးယား-ဟန်ဂေရီနယ်စပ်တွင်လည်း အဆိုပါခြံစည်းရိုးမျိုး တည်ဆောက်မည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်အင်အား ၆၀၀ က ခြံစည်းရိုး တည်ဆောက်မှုဆောင်ရွက်ခဲ့ပြီး နောက်ထပ် ၅၀၀ ကို ယနေ့ဖြန့်ကြက်မည်ဖြစ်ကာ ၇၀၀ ကို ရက်သတ္တပတ်ကုန်တွင် ဖြန့်ကြက်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ယခုနှစ်အတွင်း ရွှေ့ပြောင်းသွားလာသူ ၁၈၀၀၀၀ ကျော်အတွက် ကြားခံလမ်းကြောင်း ဖြစ်ခဲ့သည့် ဟန်ဂေရီနိုင်ငံက ဆားဘီးယားနှင့် နယ်စပ်တွင် ၃ ဒသမ ၅ မီတာ(၁၀ ပေ)အမြင့်ရှိ ခြံစည်းရိုးတစ်ခု တည်ဆောက်ခဲ့ပြီး ရွှေ့ပြောင်းသွားလာမှုကို အာဏာဖြင့်နှိပ်ကွပ်ရန် လူဝင်မှုကြီးကြပ်ရေး ဥပဒေများ ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေများက ရွှေ့ပြောင်း သွားလာသူများဝင်ရောက်မှုကို ခရိုအေးရှားနှင့် ဆလိုဗေးနီးယားနိုင်ငံများဆီသို့ လမ်းကြောင်းပြောင်းစေခဲ့သည်။

စက်တင်ဘာ ၁၇ ရက်က ခရိုအေးရှားနိုင်ငံမှ တိုင်းပြည်တောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်လာသည့် ရွှေ့ပြောင်းသွားလာသူ ၅၀၀ နီးပါးကို ဖမ်းဆီးခဲ့ကြောင်း ဟန်ဂေရီ ရဲတပ်ဖွဲ့က ပြောကြားသည်။ ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်က ဆားဘီးယားနိုင်ငံမှ ဟန်ဂေရီနိုင်ငံဖြတ်ကျော်ရန် ကြိုးစားနေသည့် ရွှေ့ပြောင်းသွားလာသူများသည် နယ်စပ်မြို့ ရော့စကဲ၌ ဟန်ဂေရီ ရဲတပ်ဖွဲ့နှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုမှာ ဆားဘီးယားပိုင်နက်နယ်မြေအတွင်းမှ ဟန်ဂေရီရဲတပ်ဖွဲ့အပေါ် လုပ်ဆောင်ခဲ့သည့် လက်နက်ကိုင်တိုက်ခိုက်မှုတစ်ရပ်အဖြစ် အော်ဘန်က ပြောကြားလိုက်သည်။ ဟန်ဂေရီနိုင်ငံက ယင်း၏ နယ်စပ်ဒေသများကို ကာကွယ်ရန် စစ်ဘက်ကို အသုံးပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။ **ရိုက်တာ။**

## ပြည်တွင်းရေးရာ

✱ ရွှေဖုံးမှ

"မြစ်သာမြစ်ရဲ့ ရေမျက်နှာပြင်အမြင့်က ၃၆၆ပေလောက်ဆို အန္တရာယ်မရှိဘူး။ ပြီးခဲ့တဲ့မိုးရွာသွားတုန်းက မြစ်သာမြစ်ရေက ၄၀၉ ပေဆိုတော့ ပေ ၃၀ ကျော်လောက်တက်သွားတာ မြေနိမ့်ပိုင်းဖြစ်တဲ့ ကလေးမြို့ ရေမြုပ်ပြီပေါ့။ ၁၀ မီတာစာ ရေကိုထွက်နိုင်အောင် ဖြတ်ထုတ်နိုင်ရင် ကောင်းမယ်လို့ထင်တယ်။ မြစ်သာမြစ်က တောင်ကနေ မြောက်ကိုစီးတယ်။ ရေထွက်တဲ့နေရာကလည်း ကလေးမြို့ကနေလာပြီး ဖောက်ထွက်သွားတာ မင်းသမီးတောင်ကြောကြီးကို ကန့်လန့်ဖြတ်ပြီး ကျိုကုန်းနားကစဖြတ်တာ။ ဖြတ်ထွက်တဲ့နေရာက ပုံမှန်အားဖြင့် မြစ်သာမြစ်အနေနဲ့ ပုံမှန်စီးဆင်းနေတဲ့အချိန်ဆို လုံလောက်တယ်။ ရုတ်တရက်တောင်ပေါ်က ရေအများကြီးစီးဆင်းလာတဲ့အခါကျတော့ ကျလာတဲ့ရေကို ထုတ်ဖို့က သူ့ရဲ့မြစ်မျက်နှာပြင်ဧရိယာက မလုံလောက်ဘူးဖြစ်နေတယ်။ မြစ်ကြောင်းချဲ့တဲ့အခါမှာ ကျဉ်းနေတဲ့နေရာတွေကို နိုင်ငံတော်စီမံကိန်းနဲ့ စက်ယန္တရားတွေ၊ မြေပြုပြင်တဲ့ပညာရှင်တွေနဲ့တွက်ချက်ပြီး ချဲ့လို့ရှိရင် နောင်နှစ်တွေမှာ ဒီလိုမိုးရွာသွန်းခဲ့ရင်တောင် ကလေးမြို့ကလူတွေ ခေါင်းအေးအေးနဲ့ အိပ်လို့ရပြီ"ဟု မြို့ပြအင်ဂျင်နီယာ ဦးကြည်ဝင်းလှိုင်က ၎င်း၏အမြင်ကို သုံးသပ်သည်။

ရေအရင်းအမြစ်ဦးစီးဌာန ခရိုင်မှူး ဦးဇော်ဇော်လွင်က"ချင်းတောင်ပေါ်က ကျဆင်းလာတဲ့ ရေထွက်ပေါက်ကို ခြုံကြည့်လိုက်မယ်ဆိုရင် မြစ်ကြောင်းက ရေထွက်ပေါက်နှစ်ခုထဲပဲရှိပါတယ်။ မြစ်သာမြစ်နဲ့ ရှူးချောင်းပါ။ မြစ်သာမြစ်ကို ဘယ်ကကြည့်ကြည့် ကွေ့ကောက်နေတာကို တွေ့ရမှာပါ။ မြစ်သာမြစ်ရဲ့ အရှေ့ဘက်က ကျောက်နံရံ တောင်သားကမ်းပါးယံတွေက မာကျောတယ်။ ဒါပေမယ့် ကလေးလွင်ပြင်ထဲစီးဆင်းနေတဲ့ မြေသားကတော့နူတယ်။ မြစ်သာမြစ်ကိုကြည့်ရင် ရေကြီးတာချင်းအတူတူ အရှေ့ဘက်မှာ တိုက်စားမှုနည်းပြီး မြို့ဘက်ရွာဘက်တွေမှာတိုက်စားမှုများတာတွေ့ရတယ်" ဟုပြောသည်။

"အိမ်တွေယာတွေမှာ နုန်းမြေတွေပို့ချခဲ့တာကို ကြည့်မယ်ဆိုရင် ချင်းတွင်းမြစ်တစ်လျှောက်၊ မြစ်သာမြစ်တစ်လျှောက် နုန်းတွေဟာ မြစ်ကြမ်းပြင်ကို မပြည့်ဘူးလို့မပြောနိုင်ဘူး။ မိုးရေချိန်ပမာဏများလာရင် ဒါမှမဟုတ် အထိုက်အလျောက် မိုးရေချိန်များရင် ရေတက်လာနိုင်ခြေရှိတဲ့အတွက် ကလေးလွင်ပြင်ဒေသ ရေရှည်တည်တံ့ ခိုင်မြဲဖို့အတွက်ဆိုရင် ရေလမ်းကြောင်းတွေကို ရေစီးရေလာကောင်းအောင် လုပ်ဆောင်ပေးဖို့လိုပါတယ်။ မြစ်သာမြစ်ထဲမှာ ရေစီးရေလာကောင်းအောင် ကြီးမားတဲ့စီမံကိန်းတစ်ရပ်အနေနဲ့ ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်။ ဒီလုပ်ငန်းရဲ့ပမာဏဟာ နိုင်ငံတော်အဆင့်မှ ဆောင်ရွက်နိုင်မယ့်အနေအထားဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ကလေးမြို့ဒေသခံတစ်ဦးဖြစ်သူ သဖန်းအိုင်ရွာသား ကိုတင်ပြုံးက "ချင်းတွင်းမြစ်ရေလျှံရင်ကြောက်ရပြီ။ နေရဥ္စရာမြစ်ကလည်း ရေများလာပြီဆို ရေလျှံဖို့သေချာသွားပြီ။ နေရဥ္စရာမြစ်နဲ့ မြစ်သာမြစ်က ထွက်ပေါက်တစ်ပေါက်ပဲရှိတယ်။ ကလေးမြို့ရဲ့ ရေတွေအားလုံးက ထွက်ပေါက်တစ်ပေါက်တည်းက ထွက်တာ။ ကလေးဝဘက်မှာ ကျောက်ခုတ်လို့ခေါ်တဲ့နေရာရှိတယ်။ အဲဒီနေရာကို ဒေသခံတွေက ချဲ့စေချင်တာ။ အဲဒီနေရာကိုချဲ့လိုက်ရင် ရေထွက်ပေါက်ကျယ်သွားမှာဖြစ်တဲ့အတွက် အခုလိုဆိုးရွားတဲ့ ရေကြီးရေလျှံမှုကနေ သက်သာမယ်လို့ ဒေသခံတွေက ယူဆတဲ့အတွက် မြစ်သာမြစ်ကို အမြန်ဆုံးပြုပြင်စေချင်ကြတယ်"ဟု ပြောသည်။

ဇူလိုင်လအတွင်း ချင်းတောင်ပေါ်တွင် မိုးရေချိန် ၃၃ လက်မခန့်ရွာသွန်းခဲ့သဖြင့် ကျဆင်းလာသောရေများသည် မြစ်သာမြစ်အတွင်းရှိ ရေထွက်ပေါက်မှ ကောင်းမွန်စွာမစီးဆင်းနိုင်ခြင်းနှင့် ချင်းတွင်းမြစ်ရေလျှံတက်ခြင်းတို့ကြောင့် မြစ်သာမြစ်ရေမျက်နှာပြင်သည် ပေအားဖြင့် ၄၀၉ ပေ၊ ၄၁၀ ပေအထိ မြင့်တက်လာပြီး ကလေးမြို့လမ်းဆုံ၏ အမြင့်ပေ ၄၁၂ ပေသို့ရောက်ရှိရန် သုံးပေခန့်သာလိုတော့သည့်အတွက် ကလေးမြို့တစ်မြို့လုံးနီးပါး ရေနစ်မြုပ်မည့်အခြေအနေသို့ရောက်ရှိခဲ့ကြောင်း ကလေးမြို့ဒေသခံ တွဲလက်များပရဟိတအဖွဲ့မှ မြို့ပြအင်ဂျင်နီယာ ဦးကြည်ဝင်းလှိုင်၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ကလေးကဘော်လွင်ပြင် ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေးပွဲသို့ ကလေးကဘော်ဒေသအတွင်း သဘာဝဘေးအန္တရာယ် ရေကြီးရေလျှံ ညွှန်ဖုံးလွှမ်းခြင်းများနှင့် ပတ်သက်ပြီး ကလေးကဘော်ဒေသ ပြည်သူများဘဝရေရှည်တည်တံ့လုံခြုံရေးနှင့် စိတ်ချစွာနေထိုင်နိုင်ရေးအတွက် ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသခံလူမှုအဖွဲ့အစည်းများမှ ပညာရှင်များ ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လအတွင်း ချင်းတွင်းမြစ်နှင့် မြစ်သာမြစ် ရေလျှံမှုဖြစ်ပေါ်လာကာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် နှစ်ပေါင်း ၃၀ကျော်အတွင်း အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ရသည့်အတွက် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာ ၆၄ ခုနှင့် လူနေအိမ်အများအပြား ပျက်စီးခဲ့ရပြီး အိမ်ထောင်စု ၅၃၂၂ စုနှင့် လူဦးရေ ၂၂၄၀၈ ဦး ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အီတလီသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး မစ္စတာ ပီယာ ဂျော်ဂျီယို ဖီဒယ်ရီကို အယ်လီ ဘာတီက စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(သတင်းစဉ်)**

# စာပေဗိမာန် ကလေးစာပေဟောပြောပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

စာပေဗိမာန်၏ အစဉ်အလာကောင်းများနှင့် စာပေဗိမာန်ပုံရိပ်ကောင်းတို့ကို ပြည်သူများ သိရှိဂရုပြုလာနိုင်စေရန် "ကလေးစာပေနှီးနှောဖလှယ်ပွဲနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာပေဗိမာန် ဟောပြောပွဲ(ကလေးစာပေ)" ကို စက်တင်ဘာ ၁၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမ(A)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကလေးစာပေဟောပြောပွဲတွင် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး "တိမ်ကောနေသော ကလေးများ" ခေါင်းစဉ်ဖြင့် မောင်ယဉ်မှူးက လည်းကောင်း၊ "ကလေးဝတ္ထု ဘယ်လိုရေးမလဲ" ခေါင်းစဉ်ဖြင့် တက္ကသိုလ်မောင်အောင်ဆွေက လည်းကောင်း၊ "ရွှေရတုတိုင်ခဲ့ပြီဖြစ်သည့် ကလေးစာပေလမ်းကြောင်း" ခေါင်းစဉ်ဖြင့် သူရဇော်က လည်းကောင်း ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်တွင် ပထမဆုံးအကြိမ် ကလေးစာပေနှီးနှောဖလှယ်ပွဲကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ရာ ယခုအခါ နှစ်(၅၀)ပြည့် ရွှေရတုသို့ တိုင်ခဲ့ပြီဖြစ်သည်။ **(သတင်းစဉ်)**




# ကမ္ဘာ့အကြီးဆုံး ရေပေါ်စာအုပ်စင် သင်္ဘောကြီး အောက်တိုဘာလဆန်း၌ ရန်ကုန်မြို့သို့ ဆိုက်ရောက်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

စာပေမျှော်လင့်ရာ (Logos Hope) ခေါ် ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲသင်္ဘောကြီးသည် ၎င်း၏ အရှေ့တောင်အာရှ ခရီးအဆုံးသတ်တော့မည့်အချိန်နှင့် အာဖရိကတိုက်သို့ ခရီးမစတင်မီ နောက်ဆုံးရပ်နားစခန်းအဖြစ် ရန်ကုန်မြို့သို့ မကြာမီ ဆိုက်ရောက်လာမည် ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ လောဂိုးစ်ဟုပ်သင်္ဘောကြီးသည် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ နိုင်ငံတကာ သင်္ဘောဆိပ်ကမ်း၌ အောက်တိုဘာ ၂ ရက်မှ ၁၅ ရက်အထိ ဆိုက်ကပ်ရပ်နားသွားမည်ဖြစ်သည်။ မြန်မာပြည်သည် လောဂိုးစ်ဟုပ်သင်္ဘော၏ ပထမဆုံးသော သမိုင်းဝင် ခရီးစဉ်တစ်ခုလည်းဖြစ်သည်။

လော့ဂိုးစ်ဟုပ် သင်္ဘောပေါ်ရှိ စာအုပ်ဈေးရောင်းပွဲ၌ လူအများတတ်နိုင်သော ဈေးနှုန်းဖြင့် စာအုပ်ပေါင်း ၅၀၀၀ ကျော်ကို ရွေးချယ်ပြသ ရောင်းချပေးသွားမည်ဖြစ်ရာ ဘာသာရပ်အနေဖြင့် သိပ္ပံဘာသာရပ်များ၊ အားကစားနှင့် ပတ်သက်သောစာအုပ်များ၊ ဝါသနာဆိုင်ရာ ဘာသာရပ်အမျိုးမျိုး၊ ချက်ပြုတ်နည်းသင်စာအုပ်များ၊ အနုပညာနှင့် အတတ်ပညာစာအုပ်များ၊ ဆေးစာအုပ်များ၊ ဘာသာစကားသင်စာအုပ်များနှင့် ဒဿနိကဗေဒစာအုပ်များ၊ ကလေးစာပေများ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ အဘိဓာန်စာအုပ်များ၊ မြေပုံပြစာအုပ်များအပါအဝင် အခြားစိတ်ဝင်စားစရာခေါင်းစဉ်များလည်း စုံလင်စွာ ပါဝင်ကြောင်း သိရသည်။

ထို့အပြင် သင်္ဘောကုန်းပတ်များကို ဖွင့်လှစ်ထားမည်ဖြစ်ပြီး သင်္ဘောသစ်အကြောင်း ဗီဒီယိုများဖြင့် အပြန်အလှန် ခင်းကျင်းပြသမှုနှင့်အတူ ကြိုဆိုမိတ်ဆက်သည့်နေရာမှ ရေခဲမုန့်နှင့် စားသောက်စရာ အဆာပြေရောင်းချရာ နိုင်ငံတကာ ကဖီးဆိုင်အထိ လူတိုင်းအတွက် စိတ်ဝင်စားစရာ များစွာပါရှိမည်ဖြစ်သည်။

အောက်တိုဘာ ၃ ရက်မှ ၁၄ ရက်အထိ ပြည်သူလူထုအတွက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့များတွင် မွန်းလွဲ ၁ နာရီမှ ည ၈ နာရီခွဲအထိ လည်းကောင်း၊ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် နံနက် ၁၀ နာရီမှ ည ၈ နာရီခွဲအထိ လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဝင်ကြေးအခမဲ့ဖြစ်ပြီး အသက် ၁၂ နှစ်အောက် ကလေးငယ်များအား လူကြီးတစ်ယောက်က လိုက်ပါပို့ဆောင်ရန် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(ဝဏ္ဏမြေ)**

# မကူးစက်နိုင်သော ရောဂါများနှင့်ပတ်သက်၍ ကျန်းမာအောင်နေထိုင်နိုင်ရေး နှိုးဆော်ချက်

မကူးစက်နိုင်သောရောဂါများသည် လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းကြောင့်မဟုတ်ဘဲ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း စသည့် ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်မှုပုံစံများတွင် နေထိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောဂါအစုအဝေးဖြစ်သည်။

မကူးစက်နိုင်သောရောဂါများတွင် နှလုံးနှင့်သွေးကြောရောဂါများ (နှလုံးသွေးကြောကျဉ်းရောဂါများ၊ လေဖြတ်ခြင်း၊ သွေးတိုးခြင်း)၊ ဆီးချိုသွေးချိုရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး၊ နာတာရှည်အဆုတ်ရောဂါအမျိုးမျိုးတို့ အဓိကပါဝင်သည်။

မကူးစက်နိုင်သော ရောဂါများမဖြစ်စေရန် ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများဖြစ်သည့် တိရစ္ဆာန်မှရသော အဆီများ (ဥပမာ ဝက်ဆီ၊အမဲဆီ) စသည်တို့ကို လျှော့စားရန်နှင့် ဆင်ခြင်စားသုံးရန်၊ အမျှင်ဓာတ်ကြွယ်ဝသည့် အစားအစာများဖြစ်သော အသီးအရွက်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ အစေ့အဆန်အမျိုးမျိုး၊ အသီးအနှံအမျိုးမျိုးတို့ကို စုံလင်မျှတစွာ စားသုံးရန်၊ ဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ရန်နှင့် အရက်အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

မိမိ၏ အသက်အရွယ်နှင့် အရပ်အမောင်းအလိုက် အဝမလွန်စေရန်နှင့် ရှိသင့်သည့် ကိုယ်အလေးချိန်ကိုထိန်းသိမ်းရန်၊ အဝလွန်နေပါက လက်ရှိကိုယ်အလေးချိန်၏ ငါးရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအထိလျှော့ချရန် လိုအပ်ပါသည်။ လူတိုင်းနေ့စဉ် (နာရီဝက်) မိနစ် ၃၀ ခန့်ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အာဟာရပြည့်ဝအောင်စားသုံးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ကူးစက်ရောဂါများ၊ မိခင်နှင့်ကလေးဆိုင်ရာကျန်းမာရေးပြဿနာများနှင့် အာဟာရပြဿနာများစသည်တို့ကြောင့် သေဆုံးမှုထက် မကူးစက်နိုင်သောရောဂါများကြောင့်သေဆုံးမှုမှာ နောင်နှစ်များတွင် ယခုထက်ပိုမို မြင့်မားလာနိုင်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေနှင့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံဖြင့်နေထိုင်ရန်၊ ကျန်းမာရေးစစ်ဆေးမှုများကို ပုံမှန်ပြုလုပ်သွားရန်နှင့် ရောဂါတွေ့ရှိပါက ကျန်းမာရေးဝန်ထမ်းများနှင့်ပြသ၍ စောစီးစွာ စနစ်တကျကုသမှုခံယူသွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ကျောက်ကြီး စက်တင်ဘာ ၁၈**

ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းလွင်၊ ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများမှ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာ ၁၀ ရွာအား စုစုပေါင်း ကျပ်သိန်း ၃၀၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး မစ္စတာပီရာ ဂျော်ဂျီယို ဖီဒယ်ရီအယ်လီဘာတီအား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# ရွေးကောက်ပွဲအေးချမ်းတည်ငြိမ်စွာကျင်းပနိုင်ရေး ဆွေးနွေး

**လပွတ္တာ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေးဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတံခွန်အားကစားခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကို၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုဝင်ဘာလအတွင်း ကျင်းပမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေး ဆွေးနွေးပွဲဖြစ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လုံခြုံရေးနှင့် ပတ်သက်သည်များကို အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ အနေဖြင့်လည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ မဲရုံတွင် မဲပေးကြမည့်သူများလိုက်နာရမည့် စည်းကမ်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက အလေးအနက်ထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

# ၂၃၀ ကေဗွီ ဘဲလင်း-အုန်းတော နှစ်ထပ်မဟာဓာတ်အားလိုင်း တာဝါတိုင်ငါးတိုင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲ

**နေပြည်တော် စက်တင်ဘာ ၁၈**

စစ်ကိုင်းနှင့် မုံရွာဒေသသို့ ဓာတ်အားပို့လွှတ်သော ၂၃၀ကေဗွီ ဘဲလင်း(ကျောက်ဆည်)-အုန်းတော (စစ်ကိုင်း) နှစ်ထပ်မဟာဓာတ်အားလိုင်းဖြတ်သန်းရာ တံတားဦးမြို့နယ် တပယ်ရွာအနီးရှိ တာဝါတိုင်အမှတ်(၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈) တစ်ဆက်တည်း ငါးတိုင်သည် စက်တင်ဘာ ၁၇ ရက် ည ၈ နာရီခန့်တွင် လေပြင်းတိုက်ခတ်၍ ပြိုလဲပြီး ဓာတ်အားပြတ်တောက်သွားခဲ့သည်။ **(အောက်ပုံ)**

ဓာတ်အားပြတ်တောက်သွားသော စစ်ကိုင်းနှင့် မုံရွာဒေသအား ၁၃၂ ကေဗွီ ချောက် - ဗုဒ္ဓကုန်း(ပခုက္ကူ) - ညောင်ပင်ကြီး(ဆားလင်းကြီး) - အောင်ချမ်းသာ(မုံရွာ) လိုင်းဖြင့် မုံရွာဒေသသို့ လည်းကောင်း၊ ညောင်ပင်ကြီး-အုန်းတောလိုင်းဖြင့် စစ်ကိုင်းဒေသသို့ လည်းကောင်း ည ၉ နာရီခန့်တွင် အသီးသီးပြန်လည်ဓာတ်အားပို့လွှတ်နိုင်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ပြိုလဲသွားသော ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင် ငါးတိုင်ကို အမြန်ပြန်လည်တည်ဆောက်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစီး၍ ဝန်ထမ်း ၁၁၈ ဦးတို့ဖြင့် အမြန်ဆုံးပြန်လည်တည်ဆောက်လျက်ရှိပြီး ရက်သတ္တနှစ်ပတ်ခန့် ကြာမြင့်နိုင်မည်ဖြစ်သည်။ ဓာတ်အားပြတ်တောက်သွားသော ၂၃၀ ကေဗွီ ဘဲလင်း (ကျောက်ဆည်) - အုန်းတော(စစ်ကိုင်း)နှစ်ထပ် မဟာဓာတ်အားလိုင်း ပြန်လည်တည်ဆောက်နေစဉ်ကာလအတွင်း ၁၃၂ ကေဗွီ ချောက် - ဗုဒ္ဓကုန်း(ပခုက္ကူ)- ညောင်ပင်ကြီး(ဆားလင်းကြီး) - အောင်ချမ်းသာ(မုံရွာ)လိုင်းဖြင့် ဓာတ်အားပို့လွှတ်ပေးနေရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မုံရွာဒေသနေရာအများစုတွင် ဓာတ်အားအပြည့်အဝဖြန့်ဖြူးပေးထားပြီး ကျန်ဒေသအနည်းငယ်တွင် အချိန်ပိုင်းအလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အသိပေးကြေညာခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊ ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အခွင့်အလမ်းညီမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများဆောင်ရွက်နိုင်စေရန် ဆက်သွယ်ရေးဥပဒေကို ထုတ်ပြန်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ တင်သွင်းရောင်းချခြင်းတို့အတွက် စနစ်တကျဖြစ်စေခြင်း၊ လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ချင်းဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ၊ လိုင်စင်ရယူပြီးမှ အသုံးပြုရန်သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းများ(လမ်းလျှောက်စကားပြောစက် (Walkie-Talkie)များနှင့် Repeater များ အပါအဝင်)ကိုဖြစ်စေ ခွင့်ပြုချက်နှင့် လိုင်စင်ရယူခြင်းမပြုဘဲ ဆောင်ရွက်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်းမပြုရန် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ထို့အပြင် ဆက်သွယ်ရေးပစ္စည်းများ လက်ဝယ်ထားရှိအသုံးပြုရာတွင် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ အခန်း(၆)၊ နည်းဥပဒေ ၃၃ အရ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်လျှောက်ထားရယူရမည်ဖြစ်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ တွင် ဆက်သွယ်ရေးပစ္စည်းများအား လိုင်စင်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းအတွက် ပြစ်မှုပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မည်သူမဆို လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ(က)၊ ဇယား(၂)အရ ပြန်လည်ထုတ်လွှင့်နိုင်သည့် ရေဒီယိုစက်ပစ္စည်းများတွင်အပါအဝင်ဖြစ်သော လမ်းလျှောက်စကားပြောစက် (Walkie-Talkie)များ၊ Jammer များ၊ Cellular Repeater များ၊ DSM Repeater များအား ခွင့်ပြုချက်မရှိဘဲ တပ်ဆင်အသုံးပြုခြင်း၊ ပြည်သူလူထုအကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်နိုင်သော ဆက်သွယ်ရေးစက်ပစ္စည်းများအား တပ်ဆင်အသုံးပြုခြင်း၊ မည်သည့်ဆက်သွယ်ရေးပစ္စည်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုမဆို ခွင့်ပြုချက်နှင့် လိုင်စင်မရှိဘဲ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းစသည်များ မပြုလုပ်ကြရန်နှင့် ထိုသို့ဆောင်ရွက်ကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**(ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)**

## စက်တင်ဘာ ၁၈ ရက် ( သောကြာနေ့ ) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၀၅၀၀ |
| ၂ | ဧည့်မထ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၈၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၉၀၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၆၅ မှ ၂၄၂၀ |
| ၉ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၅ မှ ၁၈၆၀ |
| ၁၀ | ပြောင်းဆန် | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၅ မှ ၅၉၅ |
| ၁၁ | ဗိုလ်ကိတ်(ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၆၅ မှ ၁၂၅၀ |
| ၁၂ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၅၀၀၀မှ ၁၁၅၀၀၀ |
| ၁၃ | ကြက်သွန်နီ | ဆိပ်ဖြူ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၀၅၀ |
| ၁၄ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၂၆၀၀ |
| ၁၅ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀ မှ ၃၃၅၀ |
| ၁၆ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀ မှ ၇၈၀ |
| ၁၇ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၂၀၀ မှ ၄၀၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |





# အမြင်လေးမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားလုပ်ဆောင်ပြီး စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး ကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၁၈**

တပ်မတော်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထူးလိုလားကြောင်း၊ NCA လက်မှတ်ရေးထိုးရန် တပ်မတော်အနေဖြင့် အဆင်သင့်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားနေခြင်းဖြစ်ပြီး တိုင်းရင်းသားများနှင့် ပတ်သက်၍ ခွဲခြားမှုမရှိသကဲ့သို့ အခွင့်အရေးများလည်း ပေးထားကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ကိစ္စရပ်များသည် မိမိပြည်တွင်းရေးကိစ္စသာဖြစ်ပြီး အားလုံးအမြင်ကျယ်ကျယ်ဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် ပြုလုပ်သော စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာမည့် နိုဝင်ဘာလအတွင်း အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ရာ တပ်မတော်ပိုင်းဆိုင်ရာများတွင် လွတ်လပ်ပြီး တရားမျှတမှုရှိရမည် ဖြစ်သကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာအရလည်း ဖြစ်စေချင်ကြောင်း၊ ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ တပ်မတော်၏ရပ်တည်ချက်မူဝါဒမှာ မိမိနိုင်ငံ၊ မိမိဒေသအတွက် ကောင်းအောင်ဆောင်ရွက်နိုင်သူ၊ ဒီတာဝန်အရေးသုံးပါးအား သိရှိနားလည်စောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး အမြင်လေးမြင်ရှိပြီး တပ်မတော်အပေါ် နားလည်မှုရှိသူဖြစ်စေလိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများသည် အရေးကြီး၍ တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါတွင် မုတ်သုံလေစတင်ဆုတ်ခွာပြီး ပွင့်လင်းရာသီရောက်ရှိလာမည်ဖြစ်၍ လှေစီးသွားလာသူများ (Boat People) အရေးကိစ္စနှင့် ပတ်သက်ပြီး ဂရုပြုလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ယင်းကိစ္စရပ်များနှင့် ဆက်နွယ်ပေါ်ပေါက်လာနိုင်သည့် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်များကိုလည်း သတိထားကာကွယ်ရမည်ဖြစ်ကြောင်း၊ တပ်များဖွဲ့စည်းမှုစနစ်တကျရှိရေး၊ တပ်မတော်သားတစ်ဦးချင်းမှစ၍ တပ်အလိုက် Chain of Command ဖြင့် မှန်ကန်စွာထိန်းသိမ်းနေထိုင်ရေး၊ တပ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် ဒေသခံပြည်သူလူထုအတွက် အထောက်အကူပြုနိုင်သည်အထိ စနစ်တကျဖြင့် အောင်မြင်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ပညာရည်မြှင့်တင်ရေးသည် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသဖြင့် တပ်မတော်အနေဖြင့် တပ်မတော်သားများသာမက မိသားစုဝင်များ၏ ပညာရည်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်ပြီး ပညာရေးဆုံးခန်းတိုင်အောင် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အရက်သေစာသောက်စားမှုနှင့် အပျော်အပါးကိစ္စရပ်များကြောင့် စစ်စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး အလေးထားထိန်းသိမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိရည်မှန်းချက် တာဝန်များအား မှန်မှန်ကန်ကန်နှင့် အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် အမြင်လေးမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ဆောင်ပြီး ယခုပွင့်လင်းရာသီတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## သောင်းကျန်းသူအဖွဲ့က မဲစာရင်းကပ်ထားကြေညာခြင်းအား တားမြစ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်းရှိ ကွတ်ခိုင်မြို့နယ် ဟိုအက်ကျေးရွာအုပ်စုနှင့် မုန်းပေါကျေးရွာအုပ်စုတို့တွင် စက်တင်ဘာ ၁၄ ရက်က မဲစာရင်းများကပ်ထားကြေညာခဲ့ရာ စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီက ဟိုအက်ကျေးရွာအုပ်စုသို့ သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့ (စိစစ်ဆဲ)နှင့် စက်တင်ဘာ ၁၆ ရက် ည ၁၀ နာရီက မုန်းပေါကျေးရွာအုပ်စုသို့ ကေအိုင်အေလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့တို့ ရောက်ရှိလာပြီး မဲစာရင်းများကပ်ထားကြေညာခြင်းမပြုရန် တားမြစ်ခဲ့သဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မဲစာရင်းများကို ဖြုတ်သိမ်းခဲ့ရကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မွန်ဓားပြအဖွဲ့ဝင်များအား လက်နက်၊ ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် ရေးမြို့ရှိ ရေးတံတားကြီးတွင် တပ်မတော်စစ်ကြောင်းမှ လုံခြုံရေးဆောင်ရွက်စဉ် စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခန့်က ထားဝယ်ဘက်မှ ရေးဘက်သို့ မောင်းနှင်လာသည့် မသင်္ကာဖွယ်ရာ ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်လာသူ မွန်ဓားပြ နိုင်မွန်ချမ်းအဖွဲ့မှ အပဲ့(ခ) ဆိတ်ကလေး(၃၇) နှစ်(ဘ)ဦးမောင်သိန်း ခေါဇာမြို့နယ်ခွဲ ခနိသကြားကျေးရွာနေထိုင်သူအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူထံမှ ဖော်ထုတ်ရရှိချက်အရ စက်တင်ဘာ ၄ ရက်တွင် ၎င်းကိုင်ဆောင်သည့် အေကေ-၄၇ သေနတ် တစ်လက်နှင့် ကျည်အိမ် သုံးခုအား ခနိသကြားနှင့် မကျီးကျေးရွာအကြားရှိ ချုံအတွင်းမှ သိမ်းဆည်းရမိခဲ့ပြီး ၎င်းအဖွဲ့မှ မကျီးကျေးရွာနေ အနစ်၊ အောင်မိုး(၃၃) နှစ်(ဘ)ဦးစုန်းနှင့် အလင်း(၄၂)နှစ်(ဘ) ဦးမောင်တို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၇ ရက်က ရေးမြို့ရှိအေးချမ်းစားသောက်ဆိုင်တွင် ဝင်ရောက်ရှာဖွေရာ ပိုင်ရှင် အထွန်းနှင့်အတူ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ယင်းကျည် ၁၀ တောင့်၊ အူဇီသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမ ကျည် ၁၁ တောင့်၊ ပွိုင့်-၂၂ ကျည် နှစ်တောင့်၊ မီးကျည် တစ်တောင့်၊ ၉ မမ ပစ္စတို အတု တစ်လက်နှင့် လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၉ ရက် ည ၁၀ နာရီခန့်က ခေါဇာကျေးရွာရှိ ကွန်ဒွေ၏ နေအိမ်နှင့် ခြံဝင်းအတွင်းမှ ကွန်ဒွေနှင့်အတူ ယင်းကိုင်ဆောင်သည့် ခြောက်လုံးပြူးသေနတ် တစ်လက်၊ ယင်းကျည် ၂၀ တောင့်၊ ဒေသန္တရလုပ် ပုလင်းမိုင်း တစ်လုံးတို့အားလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီခန့်က ပေါက်ပင်ကွင်းကျေးရွာနေ အနိုင်နှင့်အတူ ၎င်းကိုင်ဆောင်သည့် ပွိုင့်-၃၈ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ယင်းကျည် ခြောက်တောင့်နှင့် လမ်းလျှောက်စကားပြောစက် နှစ်လုံးတို့အားလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ပေါက်ပင်ကွင်းကျေးရွာအနီး ရော်ဘာခြံအတွင်းမှ အမ်-၁၆ သေနတ် တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ယင်းကျည် ၁၀ တောင့်တို့အားလည်းကောင်း၊ စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီခန့်တွင် ရေးမြို့ အောင်မေတ္တာရပ်ကွက် အစင်ရွာလမ်းနှင့် ဘူတာလမ်းထောင့်နေ အပေါင်(ခ)သိန်းဝင်းနှင့် ထွန်းအောင်တို့အား ဝှက်ထား သော ၎င်းတို့ ဓားပြတိုက်ရယူထားသည့် ရွှေထည်ပစ္စည်း ကိုးမျိုး၊ အလေးချိန် ၁၇ ဒသမ ၁၅၉ ကျပ်သား (ကာလ တန်ဖိုး ၁၂၄ သိန်း ၉ သောင်းကျပ်ခန့်) တို့အား လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းက ပေါက်ပင်ကွင်းကျေးရွာနှင့် ပတ်ဝန်းကျင်အား နယ်မြေရှင်းလင်းစဉ် စက်တင်ဘာ ၁၂ ရက် ညနေပိုင်းက ရော်ဘာခြံအတွင်းမှ ကာဘိုင်သေနတ် တစ်လက်၊ ယင်းကျည်အိမ် တစ်ခု၊ ကျည်ရှစ်တောင့်၊ တံဆိပ်တုံး နှစ်ခုတို့အားလည်းကောင်း၊ စက်တင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ချုံအတွင်းမှအေကေ-၄၇ သေနတ်တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ကျည် ၁၅ တောင့်၊ ကာဘိုင်သေနတ်တစ်လက်၊ ယင်းကျည်အိမ် တစ်ခု၊ ကျည် ကိုးတောင့်တို့အား လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



ဝဲမှယာ - မွန်ဓားပြ အလင်း၊ အထွန်း၊ အောင်မိုး၊ ကွန်ဒွေ၊ ထွန်းအောင်၊ အပေါင်၊ အနစ်၊ အနိုင်၊ အပဲ့

ထိုသို့ ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်စဉ် စက်တင်ဘာ ၁၁ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က မွန်ဓားပြ မွန်ချမ်းအဖွဲ့မှ မွန်နန်း(ခ) အနန်း(ခ) မောင်နိုင်(၃၇) နှစ်(ဘ)ဦးအောင်သည် လက်လုပ်ပစ္စတို တစ်လက်၊ ၉ မမကျည် ရှစ်တောင့်ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၁၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် အောင်ထွန်း(၃၃)နှစ်(ဘ)ဦးမောင်ပုသည်ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ် တစ်ခု၊ ကျည် ခုနစ်တောင့်၊ အိုင်ကွန် တစ်လုံးတို့ဖြင့် လည်းကောင်း တပ်မတော်စစ်ကြောင်းများသို့ အလင်းဝင်ရောက်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်များတွင် အလင်းဝင်ရောက်သူ နှစ်ဦး၊ မွန်ဓားပြအဖွဲ့နှင့် ဆက်စပ်လျက်ရှိသော တရားခံ ကိုးဦးကို ဖမ်းဆီးရမိခဲ့ပြီး လက်နက်မျိုးစုံ ၁၁ လက်၊ ရွှေထည်ပစ္စည်း မျိုးစုံ ၁၇ ဒသမ ၁၅၉ ကျပ်သား(တန်ဖိုး ၁၂၄ သိန်း ၉ သောင်းကျပ်ခန့်) သိမ်းဆည်းရမိခဲ့သည်။

၎င်းတရားခံများနှင့် သိမ်းဆည်းရမိသော ပစ္စည်းများအား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများက တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး လွှဲပြောင်းအပ်နှံခဲ့ကြောင်းနှင့် တပ်မတော်က မွန်ဓားပြအဖွဲ့အား ဖော်ထုတ်ရှင်းလင်းပေးခဲ့မှုအပေါ် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

■

## U-19 မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း ခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

AFC-U 19 Championship (Group-G) ခြေစစ်ပွဲ ပွဲစဉ်များကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ခြေစစ်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင် U-19 အသင်းနှင့်ထိုင်းလက်ရွေးစင်U-19 အသင်းတို့သည်စက်တင်ဘာ ၂၀ ရက်ညနေ ၅ နာရီတွင် ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ခြေစမ်းပွဲကစားမည် ဖြစ်ရာ အဆိုပါ ယှဉ်ပြိုင်ကစားကြမည့် ပွဲစဉ်ကို ထိုနေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် စတင်၍ MRTV News Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်ထုတ်လွှင့် သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ထိုင်းနှင့် ဗီယက်နမ်အနိုင်ရပြီး မြန်မာအသင်း ရှုံးပွဲကြုံတွေ့

**သတင်း- ရှိုင်းထက်ဇော်**

**မန္တလေး စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ တတိယနေ့ပွဲစဉ်များကို မန္တလာသီရိကွင်း၌ ယနေ့ ဆက်လက်ကျင်းပသည်။

**ဗီယက်နမ်- လေးဂိုး၊ မြန်မာ-နှစ်ဂိုး**

နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှာ ဗီယက်နမ်ကို ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ မြန်မာအသင်းမှာ တစ်ပွဲကစားရန်ကျန်သေးသော်လည်း ထိုင်းနှင့် တရုတ်(တိုင်ပေ) တို့မှာ စတုတ္ထနေ့ပွဲတွင် မည်သည့်အသင်း အမှတ်ရလျှင်ပင် မြန်မာအသင်းမှာ အမှတ်ကွာသွားပြီဖြစ်သောကြောင့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် တရုတ်(တိုင်ပေ)နှင့်ထိုင်းအသင်းတို့က နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်စီ၊ ဗီယက်နမ် အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ မြန်မာအသင်းက သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်၊ ဂျော်ဒန်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းမှာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အဆုံးသတ်သွားပြီဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) တို့သာ အားပြိုင်ရဖွယ်ရှိနေကာ ထိပ်ဆုံးတစ်သင်းသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ထိုင်းအသင်းက ဂျော်ဒန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်းအတွက် အနိုင်ဂိုးကို ၃၁ မိနစ်တွင် မိုင်ဂျာရန်က သွင်းယူခဲ့သည်။

စတုတ္ထနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နှင့်ဂျော်ဒန်၊ ညနေ ၆ နာရီခွဲတွင် တရုတ်(တိုင်ပေ)နှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

❐❐

## ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် ဦးအောင်ခိုင်(ဥက္ကဋ္ဌ) ထွန်းကြွယ်ပေါစက်မှုကုမ္ပဏီလီမိတက်က အလှူငွေကျပ် ၄၄၄၀၀၀၀၊ ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၌ ကျင်းပခဲ့သော အခမ်းအနားတွင် လှူဒါန်းထားသည့် Standard Chartered Bank မှ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို အလှူရှင်က ဘဏ်သို့ ပေးသွင်းရာတွင် အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် ညီမျှသည့် မြန်မာငွေကျပ် ၁၂၇၇၀၀၀၀ကို (CF-002301) သို့ တိုက်ရိုက်ထည့်သွင်းခြင်းနှင့် နေပြည်တော်(ရုံးချုပ်) တွင် လက်ခံရရှိထားသော အခြားနိုင်ငံခြားငွေစာရင်းများ ဖြစ်သည့် ထိုင်းဘတ် ၅၄၁၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ တို့ကို မြန်မာငွေဖြင့် လဲလှယ်ရရှိငွေ စုစုပေါင်း ငွေကျပ် ၂၁၇၆၂၇၈၀၊ Ms. Surang Chantecrodade က အမေရိကန်ဒေါ်လာ ၁၈၆၂ ဒသမ ၆၁၊ PTT Exploration and Production Public Co., Ltd(Thailand)က အမေရိကန်ဒေါ်လာ ၁၅၆၃၀၀၊ PTT Public Co., Ltd (Thailand)က အမေရိကန်ဒေါ်လာ ၁၇၁၅၄၉ ဒသမ ၅၃ တို့ကို အလှူရှင်များက ငွေစာရင်းအမှတ် (1DA-0300086) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ ရရှိသောအလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၅၃၄၃၃၁၀၀၊ အမေရိကန်ဒေါ်လာ ၂၁၆၂၄၁၄ ဒသမ ၁၁ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မိုးများ၍ တောင်ကျရေများ စီးဆင်း ကျိုက္ကော်ရပ်ကွက် ကားလမ်းပေါ် ရေလွှမ်းမိုး


**သထုံ စက်တင်ဘာ ၁၈**


မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်တွင် မိုးများ၍ တောင်ကျရေများ စီးဆင်းသောကြောင့် ယနေ့နံနက် ၁၀ နာရီခန့်မှ စတင်ကာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၃၈/၄)နှင့် (၁၃၉/၀) အကြားရှိ အနိမ့်ပိုင်းကားလမ်းနေရာလေးဖာလုံခန့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

"လမ်းပေါ်မှာရေက နှစ်ပေနီးပါးလောက်အထိ ကျော်တက်ခဲ့ပြီး တဖြည်းဖြည်း ပြန်ကျနေပါတယ်။ မိုးဆက်များလာရင်တော့ စိုးရိမ်ရပါတယ်။ ဈေးထဲကို ရေဝင်နေလို့ ဈေးကိုပိတ်ထားရတယ်။ ကားတွေကိုတော့ တစ်စီးချင်း ဖြည်းဖြည်းမောင်းစေပြီး ပေးဖြတ်နေပါတယ်။ အရှိန်နဲ့မောင်းရင် ရေကဂယက်ထပြီး ကားလမ်းနဲ့ ကပ်နေတဲ့အိမ်တွေဟာ ရေဂယက်ပုတ်တာ ခံရလို့ပါ" ဟု ကျိုက္ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလွင်လွင်က ပြောသည်။ ယင်းနေရာတွင် ပြီးခဲ့သည့်နှစ်က နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး ရေကြီးခဲ့သဖြင့် ယခုကဲ့သို့ ရေလွှမ်းမိုးမှုအပေါ် များစွာစိုးရိမ်လျက်ရှိကြောင်း ဒေသခံအချို့ကလည်း ပြောကြားသည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ဆုံးရှုံးမှု မရှိသော်လည်း ဒေသခံများနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာရန် ခက်ခဲလျက်ရှိရာ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများက ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်များ စနစ်တကျဖြင့် အဆင်ပြေစွာသွားလာနိုင်ရေးနှင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်စီမံထားနိုင်ရေးတို့ကို ကြီးကြပ်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**





# ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဟင်္သာတမြို့တွင် တစ်ပေခွဲခန့်နှင့် ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအား ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၈**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။


ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ နှစ်ခေါက်ဖြင့် အဝတ်အထည်မျိုးစုံနှင့် ပန်းကန်မျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**



# ထူးကဲဒီရေ တက်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၇၇ ပေခန့်မှ ၂၁ ဒသမ ၅၂ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားသည်။ **(ကြေးမုံ)**

# ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခွဲခန့်နှင့် ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင် (ဧရာဝတီမြစ်) အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၉-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြပါရှိသည့် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသတင်းတွင် Industrial Bank of Korea မှ လှူဒါန်းသည့်ငွေမှာ အမေရိကန်ဒေါ်လာ ၅၀၀၀ အစား အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်း)**

## ပြည်တွင်းရေးရာ

# လူထုဗဟိုပြုစီမံကိန်းအတွက် အီတလီနိုင်ငံမှ ယူရိုသန်း ၂၀ ပူးပေါင်းထည့်ဝင်

**နေပြည်တော် စက်တင်ဘာ ၁၈**

တိုင်းဒေသကြီးတစ်ခုနှင့် ပြည်နယ်လေးခုရှိကျေးရွာအုပ်စုပေါင်း ၂၁၅ အုပ်စုကို တိုက်ရိုက်အကျိုးပြုမည့် လူထုဗဟိုပြုစီမံကိန်းအတွက် အီတလီနိုင်ငံမှ ယူရိုသန်း ၂၀ ချေးငွေပူးပေါင်းထည့်ဝင်မှု သဘောတူစာချုပ်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ချုပ်ဆိုသည်။

အဆိုပါချေးငွေဖြင့် ကချင်၊ ကယား၊ မွန်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကျေးရွာအုပ်စုပေါင်း ၂၁၅ အုပ်စုရှိကျေးလက်နေပြည်သူများ၏ ဆန္ဒများဖြစ်သည့် ကျေးလက်မီးလင်းရေး၊ ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေး၊ ကျန်းမာရေးအဆောက်အအုံ၊ လမ်း၊ တံတား၊ ဆိပ်ခံတံတား၊ ဈေး၊ ပန်းခြံငယ်များ၊ကျောင်းအဆောက်အအုံနှင့် ဆည်မြောင်းငယ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဦးစီးဌာနမှသိရသည်။

စာချုပ်ချုပ်ဆိုပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့် ရှေ့မှောက်၌ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ချေးငွေဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ရေးထိုးလဲလှယ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အီတလီအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ လူထုဗဟိုပြုစီမံကိန်းကိုတိုးချဲ့ဆောင်ရွက်နိုင်ရန် အတိုးနည်းချေးငွေ ယူရိုသန်း ၂၀ ကိုကူညီထောက်ပံ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရန်ပုံငွေပူးပေါင်းထည့်ဝင်မှုကြောင့် ယခင်က ကျေးရွာအုပ်စု တစ်အုပ်စုလျှင် ငွေကျပ် ၃၂ ဒသမ၄ သန်းထောက်ပံ့ရာမှ ၃၉ ဒသမ ၆ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးနိုင်မည့်အပြင် စီမံကိန်းကာလကို ၄ နှစ်အထိ တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ ဝင်ငွေနှင့်စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

# Microsoft ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုး



**ရန်ကုန် စက်တင်ဘာ ၁၈**

ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ကမ္ဘာ့အဆင့်အတန်းမီဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံမှအကြီးဆုံးပုဂ္ဂလိကဘဏ်ဖြစ်သော ကမ္ဘောဇဘဏ်နှင့် အမေရိကန်နိုင်ငံမှကမ္ဘာကျော်နည်းပညာကုမ္ပဏီ Microsoft တို့၏ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင်ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး Mr. Derek Mitchell၊ကမ္ဘောဇဘဏ်လီမိတက်မှဥက္ကဋ္ဌဦးအောင်ကိုဝင်းနှင့် အကြီးတန်းအရာရှိများ၊ Microsoft ကုမ္ပဏီမှအာရှပစိဖိတ်ဒေသဆိုင်ရာ Vice President Mr. Bertrand Launayနှင့်တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမေရိကန်သံအမတ်ကြီးက Microsoft အနေဖြင့် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသောဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ကမ္ဘာ့အဆင့်အတန်းမီဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံသို့ပထမဆုံးအကြိမ်ဝင်ရောက်လာပြီးမြန်မာနိုင်ငံမှအကြီးဆုံးပုဂ္ဂလိကဘဏ်ဖြစ်သော ကမ္ဘောဇဘဏ်ကို ရွေးချယ်၍ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ကမ္ဘောဇဘဏ်မှ ကမ္ဘာ့အဆင့်မီဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ပြီး သတင်းအချက်အလက်ဆိုင်ရာလုံခြုံရေး အထူးကောင်းမွန်၍လုပ်ငန်းစွမ်းဆောင်ရည်များစွာတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်၊

ဆက်လက်၍ Microsoft ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ အထွေထွေမန်နေဂျာက Microsoft ၏ရေရှည်ရည်မှန်းချက်ဖြစ်သောဘဏ်လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်နည်းပညာများဖွံ့ဖြိုးတိုးတက်ရေးတွင်လည်းကောင်း၊လူမှုအကျိုးပြု (CSR) လုပ်ငန်းဆောင်ရွက်ချက်များတွင်လည်းကောင်း ကမ္ဘောဇဘဏ်နှင့်တူညီလျက်ရှိပါကြောင်း၊သို့ဖြစ်ပါ၍ ရည်မှန်းချက်တူညီသောအဖွဲ့အစည်းနှစ်ခုပူးပေါင်း၍မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတူတကွ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ကမ္ဘောဇကုမ္ပဏီများအုပ်စု၏ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာဦးညိုမြင့်က ကမ္ဘောဇဘဏ်အနေဖြင့် Microsoft ၏ကမ္ဘာ့ထိပ်တန်း IT နည်းပညာများကိုရယူပြီး ကမ္ဘာ့အဆင့်အတန်းမီ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်းကမ္ဘောဇကုမ္ပဏီများအုပ်စုတွင်ရှိသောအာမခံလုပ်ငန်းများ၊ လေကြောင်းလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ထုတ်လုပ်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်Real Estateလုပ်ငန်းများ စသည်တို့တွင်လည်း Microsoft ၏ကမ္ဘာ့ထိပ်တန်း သတင်းအချက်အလက်နည်းပညာများကိုရယူ၍ ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ယင်းနောက်ကမ္ဘောဇဘဏ်နှင့် Microsoft ကုမ္ပဏီတို့နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးထားသောပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်အား Microsoft မှအာရှပစိဖိတ်ဒေသဆိုင်ရာ Vice President Mr. Bertrand Launay က ပေးအပ်ရာ ကမ္ဘောဇဘဏ်ဥက္ကဋ္ဌဦးအောင်ကိုဝင်းကလက်ခံရယူခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံ၏အကြီးမားဆုံးပုဂ္ဂလိကဘဏ်ဖြစ်သော ကမ္ဘောဇဘဏ်သည် IT နည်းပညာစွမ်းရည်ပိုမိုမြှင့်တင်နိုင်ရန်နှင့် mobile–ready, cloud-ready ဖြစ်လာသည့်အလျောက် customer များကို ယခုထက်ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်အတွက် Microsoft နှင့်ပူးပေါင်းကာ IT အခြေခံအဆောက်အအုံကို ကမ္ဘာ့အဆင့်နှင့်အညီပြောင်းလဲမှုများပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့်ကမ္ဘောဇဘဏ်လီမိတက်၏ IT အခြေခံအဆောက်အအုံကို ကမ္ဘာ့အဆင့်မီ Window 10 Devices, Skype for Business နှင့် Share Point တို့ဖြင့်တိုးတက်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# သီလဝါအထူးစီးပွားရေးဇုန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အွန်လိုင်းစနစ်ဖြင့်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိ

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမည့်သူများ အနေဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် ဌာနဆိုင်ရာ ကိစ္စရပ်များကိုအွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်ကပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူများအကြား စက်တင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးတွင် ပြုလုပ်သည့်တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် myanmarthilawa.com တွင် အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နည်းပညာဆိုင်ရာ လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပြီး လျှောက်ထားတင်သွင်းရန် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို လေ့လာနိုင်မည်ဖြစ်သည်။ ယင်းအပြင် အဆိုပါဝက်ဘ်ဆိုက်တွင်ပင် အွန်လိုင်းငွေပေးချေမှုများကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ယင်းတွေ့ဆုံပွဲမှ သိရသည်။

ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က"ကျွန်တော်တို့ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ one stop service center နဲ့ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကနေလုပ်ဆောင်နေတဲ့ one stop service center က အနည်းငယ် ကွဲပြားပါတယ်။ ဒီလိုကွဲပြားတဲ့ အကြောင်းကို ရင်းနှီးမြှုပ်နှံသူတွေကို ဒီနေ့ရှင်းပြတာပါ။ အွန်လိုင်းဝန်ဆောင်မှုအတွက်လည်း လုပ်နေပါတယ်။ အွန်လိုင်းဝန်ဆောင်မှု စပေးနိုင်ရင် one stop service center ကို လာစရာတောင်မလိုတော့ဘဲ အင်တာနက်ကနေပဲ ရင်းနှီးမြှုပ်နှံသူတွေအတွက် လိုအပ်တဲ့ပါမစ်တွေနဲ့ အသိမှတ်ပြုလက်မှတ်တွေကိုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်" ဟုဆိုသည်။




လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမည့်သူများအား လိုအပ်သည့်ဌာနဆိုင်ရာကိစ္စရပ်များကိုတစ်နေရာတည်းတွင် ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ One Stop Service Center ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

အဆိုပါစင်တာတွင် ရင်းနှီးမြှုပ်နှံမှုပါမစ်ရရှိပြီးပါက စက်ရုံအလုပ်ရုံများတည်ဆောက်ပြီး ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုများ ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံသူများအတွက် one stop service center ရှိ Front Office တွင် စက်ရုံတည်ဆောက်လည်ပတ်ရန် ဆောင်ရွက်ရန်လိုအပ်သည့် ဌာနဆိုင်ရာကိစ္စအဝဝကို တစ်နေရာတည်း၌ လျှောက်ထားဆောင်ရွက်ပေးလျက် ရှိကြောင်းသိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိမှတ်ပြုကိစ္စရပ်များအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာ သစ်တောရေးရာဦးစီးဌာန၊ စက်ရုံတည်ဆောက်ရန်အတွက် အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မီးဘေးအန္တရာယ် လုံခြုံစိတ်ချရမှု အသိမှတ်ပြုလက်မှတ်များအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗီဇာသက်တမ်းတိုးခြင်းနှင့် နေထိုင်ခွင့်လျှောက်ထားခြင်းအတွက် လူဝင်မှုကြီးကြပ်ရေးမှ အချိန်သုံးနာရီအတွင်း လိုအပ်သည်များကိုဆောင်ရွက်ပေးခြင်း၊ ဝင်ငွေခွန်၊ အမြတ်ခွန်၊ ကုန်သွယ်ခွန်များ ပေးဆောင်ရန် အခွန်ဌာန၊ စက်ရုံတည်ဆောက် ပြီးစီးပါကစက်ရုံလည်ပတ်ခွင့်၊ ဘွိုင်လာလည်ပတ်ခွင့် ချပေးခြင်း၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန် လိုင်စင်များဆောင်ရွက်ရန်အတွက် အကောက်ခွန်ဌာနတို့မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်ထံမှ သိရသည်။

One stop Service Center ရှိ ဌာနဆိုင်ရာများအား ဆုံးဖြတ်ပိုင်ခွင့်နှင့် လက်မှတ်ရေးထိုးပိုင်ခွင့်အား နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ စတင်ပြီး ပေးအပ်ထားကြောင်း သိရသည်။ ထို့ကြောင့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများအတွက် စောင့်စားရန် မလိုအပ်ဘဲ အချိန်တိုအတွင်းဆောင်ရွက်ပေးနေကြောင်းသိရသည်။

ဒေါက်တာသန်းသန်းသွယ်က"အခြားဝန်ကြီးဌာနတွေ တစ်ခုမှ သွားစရာမလိုဘူး။ Front Office က လိုအပ်တဲ့ စာရွက်စာတမ်းတွေကို စစ်ဆေးပြီး ပြည့်စုံပြီဆိုတာနဲ့ အနောက်ဘက်မှာရှိတဲ့ Back Office က အရာရှိကလိုအပ်တာတွေ ဆက်လုပ်ပေးမယ်။ ဥပမာ ဗီဇာလာလျှောက်တယ်ဆိုရင် Front Office က စာရွက်စာတမ်းတွေကိုစစ်ဆေးမယ်။ ပြည့်စုံရင် Back Office ကိုပို့မယ်။ အဲ့ဒီက အရာရှိက black list လိုမျိုးရှိမရှိ စစ်ဆေးပြီး ဗီဇာထုတ်ပေးရမယ့်အချက်တွေနဲ့ ပြည့်စုံရင် ပထမဆုံးလျှောက်ထားတဲ့သူဆိုရင် ခြောက်လ၊ ဒုတိယအကြိမ် လျှောက်ထားသူဆိုရင် တစ်နှစ်ထုတ်ပေးနေပါတယ်" ဟု ဆိုသည်။

လက်ရှိတွင် သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံခွင့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံသူ ၄၁ ဦးသည် one stop service center ၏ ဝန်ဆောင်မှုများကို အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံခွင့်ရရှိထားသည့် Zifam-Pyrer Myanmar မှ ဒါရိုက်တာ ဒေါက်တာခင်သီရိက "ဌာနတစ်ခုကနေတစ်ခု စာရွက်စာတမ်းတွေနဲ့ သွားပြီးလျှောက်ထားနေရတာကလမ်းမှာအချိန်ကုန်ပါတယ်။ အချိန်ကြာမြင့်မှုကအရမ်းများတယ်။ အွန်လိုင်းနဲ့လုပ်သင့်တာလည်းကြာပါပြီ။ အကျိုးရှိပါတယ်။ အွန်လိုင်းနဲ့ ဆောင်ရွက်ခြင်းကြောင့်မို့ လူတစ်ဦးချင်းရဲ့အင်အားကိုသုံးနေရတာကနေပိုပြီး အကျိုးရှိလာပါမယ်။ အွန်လိုင်းငွေပေးချေမှုကို ကြိုဆိုတယ်။ အင်တာနက်မြန်နှုန်းတွေ ပုံမှန်ကောင်းနေရင်တော့ အွန်လိုင်းဘဏ်စနစ်က အဆင်ပြေပါတယ်။ငွေသားဆိုရင် တစ်နေရာကနေတစ်နေရာ အထုတ်၊ အသွင်းလုပ်ရတယ်။ လမ်းမှာသယ်လာရင်လည်းမလုံခြုံတာတွေရှိတယ်။ ကုမ္ပဏီတွေ အတွက်ကတော့ အွန်လိုင်းဘဏ်စနစ်က ပိုအဆင်ပြေပါမယ်"ဟု One stop service center နှင့် အွန်လိုင်းဝန်ဆောင်မှုများအပေါ် သုံးသပ်သည်။

**သတင်း-မြတ်သန္တာမောင်**
**ဓာတ်ပုံ-အငယ်လေး**

**❒ ထူးမခြားနားမှ**

ရထားစီးခရီးသည်မှာ ပျမ်းမျှလူဦးရေ တစ်သိန်းခန့်သာ ရှိသည့်အတွက်ကြောင့်လည်း မြို့နေလူဦးရေနှင့် နှိုင်းယှဉ်ကြည့်ပါက အင်မတန်နည်းပါးသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့်လည်း ရန်ကုန်မြို့ပြနေ ခရီးသွားမိဘပြည်သူများအနေဖြင့် ဝန်ဆောင်မှုညံ့၊ ကားမကောင်း၊ စီမံခန့်ခွဲမှုအားနည်းပြီး စည်းကမ်းလိုက်နာမှုနည်းပါးသော မြို့ပြဘတ်စ်ကားများကို နှစ်ပေါင်းများစွာ သည်းခံအသုံးပြုသွားလာနေကြခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ သွားလာနေထိုင်ရင်းကပင် စက်တင်ဘာ ၇ ရက်က မော်တော်ယာဉ်ဥပဒေထွက်ရှိခဲ့ပြီး ဥပဒေအရ ယာဉ်စည်းကမ်းဖောက်ဖျက်မှုအတွက် ဒဏ်ကြေးငွေများ တိုးမြှင့်သတ်မှတ်လိုက်မှုအပေါ် ယာဉ်လုပ်သားများက မကျေနပ်၍ ယာဉ်လိုင်းများပြေးဆွဲခြင်းမပြုဘဲ ရပ်နားခဲ့ကြသည်ဟု သိရသည်။ ယာဉ်လိုင်းများပြေးဆွဲခြင်းမပြုဘဲ ရပ်နားလိုက်ခြင်းကြောင့် ခရီးသွားမိဘပြည်သူများ သွားလာရေးအခက်အခဲများ ဖြစ်သွားခဲ့ရပြီး အထူးသဖြင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုရန် အခက်အခဲများဖြစ်သွားခဲ့သည်ဟု သိရသည်။ ထပ်မံ၍လည်း ယာဉ်လိုင်းပြေးဆွဲခြင်းမပြုဘဲ ရပ်နားလိုက်သည့် ဘတ်စ်ကားလိုင်းများတိုးလာရာ ရန်ကုန်မြို့တော်ကြီး၏ လမ်းမများထက် ယာဉ်ကြောများ ပိုမိုရှင်းလင်းသွားခဲ့သလို ခရီးသွားမိဘပြည်သူများ၏ သွားလာရေးအခက်အခဲများလည်း ပို၍ဆိုးသွားခဲ့သည်။ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အစိုးရက တာဝန်ယူဆောင်ရွက်နေသည့် သယ်ယူပို့ဆောင်ရေးစနစ်မဟုတ်သည့်အတွက်ကြောင့်လည်း ယာဉ်ပိုင်ရှင်များက နေ့စဉ်ဝင်ငွေအဆုံးရှုံးခံကာ ပြေးဆွဲခြင်းမပြုသလို ယာဉ်လုပ်သားများကလည်း နေ့စဉ်ဝင်ငွေထိခိုက်ခံကာ ယာဉ်လိုင်းပြေးဆွဲမှုကို ရပ်နားခဲ့ကြသည်။ လက်ရှိပြဿနာရပ်များကို ဖြေရှင်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ တာဝန်ယူဆောင်ရွက်ရမည်ဟု ခရီးသွားမိဘပြည်သူများက တောင်းဆိုကြသည်။

သို့သော် လက်ရှိအစိုးရသစ်လက်ထက်တွင် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန် စီမံဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ ခုံးကျော်တံတားများ တည်ဆောက်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်လာခြင်း၊ ဘတ်စ်ကားအခြေပြု အမြန်ယာဉ်လိုင်းစနစ် BRT စတင်ပြေးဆွဲနိုင်ရန် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီကိုတည်ထောင်ကာ နိုင်ငံတော်၏ မတည်ထည့်ဝင်ငွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ၏ ထည့်ဝင်ငွေဖြင့် အဆင့်မြင့်ဘတ်စ်ကားလိုင်းပြေးဆွဲရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ အဆင့်မြင့်ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရန် ဆောင်ရွက်နေမှုတွင် ယခုလအတွင်း ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့တွင် ဘတ်စ်ကားရပ်မှတ်တိုင်များ တည်ဆောက်သွားမည့် အဆင့်သို့ ရောက်ရှိနေသည်ဟု သိရသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်နေသည့် အဆိုပါ အဆင့်မြင့်ဘတ်စ်ကားလိုင်းတွင် သီးသန့်ယာဉ်လမ်းကြောဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး မူလယာဉ်လမ်းကြောများကို ထိခိုက်မှုမရှိအောင်ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။ ယင်းသို့ပြေးဆွဲနိုင်ရန်အတွက်လည်း ဘတ်စ်ကားအသစ်များ ပြည်ပမှ မှာယူတင်သွင်းပြီးဖြစ်သည်ဟု သိရပြီး ဘတ်စ်ကားစီးနင်းခနှုန်းထားမှာလည်း လက်ရှိယာဉ်လိုင်းများ၏ ကောက်ခံမှုထက် အနည်းငယ်တိုးမြှင့်ဖွယ်ရာရှိသည်ဟု သိရသည်။

ယင်းသို့ဆိုလျှင် အထက်တွင် ဖော်ပြထားပြီးသကဲ့သို့ တစ်ဦးတစ်ယောက်ချင်းပိုင် ဘတ်စ်ကားများ ပြေးဆွဲခြင်းမပြုဘဲ ရပ်နားနေစဉ်တွင် အစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်နေသော အများပိုင်ဘတ်စ်ကားလိုင်းစနစ်ကို ယခင်ကထက် ပိုမိုလျင်မြန်စွာစီမံဆောင်ရွက်၍ အများပြည်သူများအတွက် ပြေးဆွဲပေးရန် အချိန်တန်ပြီပင်ဖြစ်သည်။ နိုင်ငံတကာမြို့ပြများရှိ သယ်ယူပို့ဆောင်ရေးစနစ်များကဲ့သို့ ရှင်းလင်းသော ယာဉ်လမ်းကြောများ၊ တိကျသော အချိန်ဇယားတို့ဖြင့် စနစ်တကျပြေးဆွဲ အကောင်အထည်ဖော်ရန် အချိန်သင့်ပြီဟု မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ယာဉ်စီးခကိုမူ အနိမ့်ဆုံး လုပ်ခလစာများနှင့်လျော်ညီအောင် သင့်တင့်မျှတသောနှုန်းထား ဖြစ်စေချင်သည်ဟု ခရီးသွားများက ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ဘတ်စ်ကားကို အားထားအသုံးပြုစီးနင်းနေသူများမှာ အခြေခံလူတန်းစားများ အများဆုံးဖြစ်ပြီး မြို့ပြင်နှင့် မြို့သစ်များမှ နေ့စဉ်ဘတ်စ်ကားစီးနင်းအသုံးပြုနေရသည့်အတွက် ယာဉ်စီးခကြီးမြှင့်မှုကို အဓိက ခံစားကြရသောကြောင့်ဖြစ်သည်။

**ယနေ့ဖြစ်ပေါ်နေသော အများပြည်သူသယ်ယူပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ကြပ်မတ်မှုများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ပြီး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုမရှိ ထိရောက်သော အရေးယူဆောင်ရွက်ခြင်းများကို ပြုလုပ်သင့်သည်ဟု မြို့ပြပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ လေ့လာစောင့်ကြည့်သူများကဆို။**

လက်ရှိ မထသမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားသော ယာဉ်စီးခတိုးမြှင့်မှုမှာလည်း အခြေခံလူတန်းစားများအတွက် အခက်အခဲရှိနိုင်သောကြောင့် အစိုးရအဖွဲ့က ယင်းကို ဆိုင်းငံ့ထားသည်ဟု သိရသည်။

"ဘတ်စ်ကားလိုင်းဆိုတာ Public Utilities Services ထဲမှာ ပါပါတယ်။ ဒါဟာ အစိုးရလုပ်ရမှာ။ အစိုးရက တာဝန်ခံပေးရမှာ။ Public Transportation ကို အစိုးရမလုပ်ဘဲ Private ကို Privatization လုပ်ပြီး လုပ်ပိုင်ခွင့်ပေးလိုက်လို့ ဖြစ်တာပါ။ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေဟာ အစိုးရက အရှုံးခံပြီး လုပ်ရမယ့်လုပ်ငန်းတွေကို အမြတ်ရှာပြီး လုပ်စားခိုင်းလိုက်တော့ Macroeconomic Policy အရကြည့်ရင် ကမောက်ကမဖြစ်ပြီပေါ့" ဟု ဒေါက်တာမောင်မောင်စိုး (စီးပွားရေးတက္ကသိုလ်၊ အငြိမ်းစားပါမောက္ခ)က လူမှုကွန်ရက်ဖေ့စ်ဘွတ်စာမျက်နှာတွင် သုံးသပ်ဖော်ပြထားသည်ကို တွေ့ရသည်။

နိုင်ငံတကာမြို့ပြများ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း အစိုးရ(သို့မဟုတ်)အစိုးရက ထောက်ပံ့ထားသော အဖွဲ့အစည်း၊ ကုမ္ပဏီကြီးများက တာဝန်ယူဆောင်ရွက်ရပြီး အရှုံးခံဆောင်ရွက်ပေးရသော မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းများပင်ဖြစ်သည်။ အရှုံးခံပြေးဆွဲပေးခြင်းကြောင့် အစိုးရများက ပြန်လည်ထောက်ပံ့ပေးအပ်ခြင်းပြုကြသည်။ လက်ရှိတွင် ရန်ကုန်မြို့၌ အစိုးရ၏ မတည်ငွေ၊ ကုမ္ပဏီကြီးများ၏ ထည့်ဝင်ငွေနှင့် အများပြည်သူများ၏ ရှယ်ယာများဖြင့် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီတည်ထောင်ကာ အဆင့်မြင့်ဘတ်စ်ကားလိုင်းများပြေးဆွဲရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံတကာတွင် ဆောင်ရွက်နေသကဲ့သို့ အဆင့်မြင့်ယာဉ်လိုင်းများ အကောင်အထည်ဖော်သင့်ပြီဖြစ်ကြောင်း မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်ကြသည်။

"ကျွန်တော်တို့ငယ်ငယ်က ရွက်လှေတံဆိပ်နဲ့ ဘတ်စ်ကားဆိုရင် ဆိပ်ကမ်းရောက်တယ်၊ လေယာဉ်ပျံတံဆိပ်ဆိုရင် လေယာဉ်ကွင်းရောက်တယ်၊ ဒါမျိုးပေါ့။ မေးနေစရာမလိုဘူး တက်စီးသွားရုံပဲ။ နောက်ပိုင်း နံပါတ်တွေဖြစ်သွားတယ်။ တိုးတဲ့နံပါတ်တိုး၊ ပျောက်တဲ့နံပါတ်ပျောက်နဲ့။ တစ်ခါ မ. ဆ. လ ခေတ်မှာ ယောကျ်ားသက်သက်၊ မိန်းမသက်သက် စီးရတဲ့ကားတွေ၊ နှစ်စီးတွဲယာဉ်တွေဆိုတာ ဖြစ်ပြန်ရော။ ဒါလည်း မအောင်မြင်ပြန်ဘူး။ န. ဝ. တ ခေတ်ဦးရောက်တော့ ကိုရီးယားကားတွေဝင်လာပြီး မြို့ပတ်ယာဉ်ဆိုတာပေါ်လာပြန်တယ်။ နောက် ပျောက်သွားပြန်တယ်။ ဒီဘက်ခေတ်မှာ အဲကွန်းကားဆိုတာ ပေါ်လာပြန်ရော။ အဲဒါကလည်း ပိုက်ဆံတောင်းကောင်းအောင်သာလုပ်တာ မအောင်မြင်ပြန်ဘူး။ အခုနောက်ပိုင်း အထူးကားတဲ့၊ ပိုက်ဆံသာ ပိုပေးရတာ ဘာမှမထူးဘူးလေ။ အနှောင်းမသေချာဘဲ ဒုံရင်းက ဒုံရင်းပဲဖြစ်နေတော့ လူတွေက မယုံကြတော့ဘူး။ ဖြစ်သလိုသွားလာရင်းနဲ့ပဲ သွားလာနေကြရတယ်။ မြို့တစ်မြို့ရဲ့ အဆင့်အတန်းဟာ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဘယ်လောက်အထိ ကောင်းမွန်အောင် ဆောင်ရွက်ထားသလဲ ကြည့်လို့ရတယ်။ ဒီလုပ်ငန်းဟာ စီးပွားဖြစ်လုပ်ငန်း မဟုတ်ဘူး။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း။ ပိုက်ဆံရဖို့ချည်းပဲ ကြည့်လို့မရပါဘူး။ လူ့အသက်တွေ၊ ဘဝတွေ အများကြီးရောပါနေတယ်။ ပုဂ္ဂလိက အဖွဲ့အစည်းကြီးတွေ၊ ကုမ္ပဏီတွေ အခုယာဉ်လိုင်းတွေမှာ ပါဝင်ပြေးဆွဲနေပေမယ့် ကားတွေက စုတ်ပြီး အထူးသာပြောတယ်။ ဘာမှမထူးခြားဘူး။ ဒါတွေကို ဘယ်လိုကြပ်မတ်မလဲ။ ဟိုစနစ်ပြောင်း၊ ဒီစနစ်ပြောင်းနဲ့ ရေရှည်ကောင်းမွန်တဲ့ စနစ်ကောင်းတစ်ခုတော့ ဖြစ်သင့်ပါပြီဗျာ။ ကျွန်တော်တို့လည်း အသက် ၇၀ ကျော်နေပြီ"ဟု ရန်ကုန်မြို့ခံ ဦးအေးချိုက ပြောသည်။

လက်ရှိ သယ်ယူပို့ဆောင်ရေးစနစ်တွင် ခရီးသွားမိဘပြည်သူများသာမက ယာဉ်လုပ်သားများ၊ ယာဉ်ပိုင်ရှင်များတွင်လည်း များစွာအခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ ဆိုးရွားသောယာဉ်ကြောပိတ်ဆို့မှုများကြောင့် ခေါက်ရေပြည့် ပြေးဆွဲနိုင်ခြင်းမရှိဘဲ ကားပြင်ဆင်စရိတ်၊ အခွန်အခစရိတ်နှင့် နှစ်စဉ်ပြေးဆွဲခွန်၊ အထွေထွေစရိတ်တို့ကြောင့် အခက်အခဲများစွာရှိသည်ဟု သိရသည်။ ယာဉ်အသစ်များဝယ်ယူရာတွင်လည်း အသစ်ဟုဆိုသော်လည်း ပြည်ပတွင် အသုံးပြုပြီး တစ်ပတ်ရစ်ယာဉ်များကို အသစ်တစ်စီးဈေးနှုန်းခန့် ပေးဝယ်နေရပြီး ရန်ကုန်မြို့၏ယာဉ်ကြောစနစ်နှင့် လျော်ညီအောင် ခရီးသည်အတက်အဆင်း တံခါးပေါက်များ ပြန်ဖောက်ရခြင်း၊ ထိုင်ခုံများ ပြန်ပြင်ဆင်ရခြင်းနှင့် ကားပြုပြင်စရိတ်မှာလည်း မသက်သာကြောင်း ယာဉ်ပိုင်ရှင်တို့ကဆိုသည်။ ယာဉ်ဝယ်ယူရာတွင်လည်း အတိုးနှုန်းမြင့်မားမှုကြောင့် လိုအပ်သည်ထက် ပိုမိုရင်းနှီးထားမှုများရှိရာ ယင်းတို့ကို ကာမိစေရန် ဝင်ငွေရှာဖွေမှုများ ပြုလုပ်ရင်းဖြင့်ပင် သံသရာလည်လျက်ရှိနေခြင်းဖြစ်သည်ဟု သိရသည်။ ခေတ်အမျိုးမျိုး စနစ်အမျိုးမျိုး ပြောင်းလဲမှုများတွင် ယာဉ်လုပ်သားများ၊ ယာဉ်ပိုင်ရှင်များသည်လည်း လိုက်ပါပြောင်းလဲဝန်ဆောင်မှုပေးခဲ့ရာတွင် ရပ်တည်မှု၊ စားဝတ်နေရေးအခက်အခဲများကြောင့် လိုအပ်ချက်များစွာရှိလျက်ရှိသည်။ ယခုလည်း ယာဉ်စည်းကမ်းဒဏ်ငွေတိုးမြှင့်မှုအပေါ် မကျေနပ်၍ ဆန္ဒပြကာ ကားများမထွက်ခြင်းကို အများပြည်သူများက ဝေဖန်လျက်ရှိသည်။ စည်းကမ်းဖောက်မှသာ ဒဏ်ဆောင်ရမည်ဖြစ်ပြီး စည်းကမ်းချိုးဖောက်မှုမရှိပါက ဒဏ်ငွေဆောင်ရန်မလိုသည့်အတွက်ကြောင့်လည်း စည်းကမ်းလိုက်နာသင့်သည်ဟု ဆိုသည်။ ထို့ကြောင့်လည်း ယနေ့ဖြစ်ပေါ်နေသော အများပြည်သူသယ်ယူပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ကြပ်မတ်မှုများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ပြီး စည်းကမ်းကိုင်တွယ်ဆောင်ရွက်မှုများတွင်လည်း စည်းကမ်းလိုက်နာနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုမရှိ ထိရောက်သော အရေးယူဆောင်ရွက်ခြင်းများကို ပြုလုပ်သင့်သည်ဟု မြို့ပြပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ လေ့လာစောင့်ကြည့်သူများက ဆိုသည်။

ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်မရှိသေးသောကြောင့်သာ ဖြစ်ပေါ်နေရသောပြဿနာရပ်များကို ဖြေရှင်းရာတွင် လုံခြုံစိတ်ချ၍ ကောင်းမွန်သောသယ်ယူပို့ဆောင်ရေးစနစ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် လိုအပ်ပြီး ယင်းသို့ ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုလုံးကို လွှမ်းခြုံစီမံဆောင်ရွက်နိုင်ပါက မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းသာမက မြို့ပြယာဉ်သွားလာရေးကိုပါ လွှမ်းခြုံဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယာဉ်ကြောရှုပ်ထွေးမှုများကိုလည်း ဖြေရှင်းနိုင်မည်ဟု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က သုံးသပ်ခဲ့သည်။ ယင်းသို့ အစိုးရ၏ မတည်မှုဖြင့် တာဝန်ယူဆောင်ရွက်ပေးသော သယ်ယူပို့ဆောင်ရေးစနစ် စနစ်တကျဖြစ်ပေါ်လာပါက လက်ရှိယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ယာဉ်လိုင်းများအနေဖြင့်လည်း အများပိုင်ဘတ်စ်ကားလိုင်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိကြသည်ဟုလည်း သိရသည်။ ထို့ကြောင့် မြို့ပြတစ်ခု၏ အရေးကြီးဆုံး မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်သည် အဆင့်မြင့်ကောင်းမွန်ရန် အရေးကြီးပြီး လက်ရှိရန်ကုန်မြို့၏ အထူးကား၊ မထူးကား(ရိုးရိုးကား)၊ ထူးမခြားနားသောကားများဖြင့် ပြေးဆွဲမှုစနစ်အမျိုးမျိုးမှသည် မိဘပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်မည့် အဆင့်မြင့်ဘတ်စ်ကားလိုင်းများ အလျင်အမြန် ပြေးဆွဲအကောင်အထည်ဖော်နိုင်ရန်ကိုသာ မျှော်လင့်စောင့်စားရတော့မည်ဖြစ်သည်။ သို့သော် ရှေးအစဉ်အဆက်ကဲ့သို့မဟုတ်ဘဲ အနှောင်းသေချာရန် လိုအပ်မည်ပင်ဖြစ်ပါသည်။

---

**❍ MNL မှ**

ချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ကမ္ဘောဇအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။ ပွဲအပြီးတွင် ကမ္ဘောဇပရိသတ်များမှ ချီးမြှင့်သည့် အကောင်းဆုံးဆုကို မျိုးမင်းလတ်(ကမ္ဘောဇ)က ရရှိခဲ့ပြီး ကမ္ဘောဇအသင်း အတွင်းရေးမှူးက ချီးမြှင့်သည်။

**(YUSC)ကွင်း**

**ရတနာပုံ - သုံးဂိုး**

(အောင်သူ၊ ရဲကိုဦးနှင့်မျိုးကိုထွန်း)

ရန်ကုန် - နှစ်ဂိုး

(ကျော်ကိုကိုနှင့် ဇော်မင်းထွန်း)

**(သုဝဏ္ဏကွင်း)**

ဟံသာဝတီ - လေးဂိုး

(ဘမ်ဘာ-နှစ်ဂိုး၊ ဂျော်ဂျီနှင့် အူစမန်နော့ဗ်-တစ်ဂိုးစီ)

ဧရာဝတီ - ဂိုးမရှိ

**(အောင်ဆန်းကွင်း)**

ရခိုင် - နှစ်ဂိုး

(မာစီယိုနှင့် ပြည်မိုး)

နေပြည်တော်-တစ်ဂိုး

(ဟက်ပီးနက်စ်-ပင်နယ်တီ)

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

မနောမြေ-ဇေယျာရွှေမြေ

**(အောင်ဆန်းကွင်း)**

ဇွဲကပင် - ချင်းယူနိုက်တက်

**ဥတုရာသီ တောကိုမှီ၍**

---

## မြန်မာ ယူ-၁၆ အသင်း ဩစတြေးလျကို ရှုံးနိမ့်

**ဟနွိုင်း စက်တင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပလျက်ရှိသည့် အာရှ ယူ-၁၆ ခြေစစ်ပွဲ အုပ်စု(*J*) ဒုတိယနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းမှာ ဩစတြေးလျ ယူ-၁၆ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းမှာ ဗီယက်နမ်အသင်းနှင့် ပထမပွဲထက် ကစားပုံပိုကောင်းခဲ့သော်လည်း အာရှထိပ်သီး ဩစတြေးလျအသင်းကို အနိုင်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ပွဲအစနှစ်မိနစ်တွင် ဩစတြေးလျအသင်း ဂိုးစရခဲ့သော်လည်း ၂၆ မိနစ်တို့တွင် မြန်မာအသင်း ချေပဂိုး ပြန်ရခဲ့သည်။ သို့သော် ၂၈ မိနစ်နှင့် ၃၃ မိနစ်တို့တွင် ဩစတြေးလျအသင်းက နှစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်၍ ပထမပိုင်းအတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ နှစ်ပွဲဆက်ရှုံးခဲ့သောကြောင့် တစ်ပွဲကစားရန်ကျန်သော်လည်း ခြေစစ်ပွဲမအောင်ရန် သေချာသွားပြီဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၀ ရက်တွင် ဂူအမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

## မိုးစပါးပုလဲသွယ် စံကွက်ရိတ်သိမ်း

**ရွှေတောင် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မကျီးပေါက်ကုန်းအုပ်စု ကွင်းအမှတ်(၄၆၃)၌ မိုးစပါးပုလဲသွယ် ငါးဧက စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူ ၈၁ ဦး တက်ရောက်ခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲတွင် အထွက်နှုန်း တစ်ဧက ၁၈၂ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအရိုးဆရာဝန်များညီလာခံ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ (၄၇)ကြိမ်မြောက် မြန်မာနိုင်ငံ အရိုးဆရာဝန်များညီလာခံကို အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် *Sky Star Hotel* တွင် ကျင်းပမည်ဖြစ်ပြီး သင်းလုံးကျွတ်ညီလာခံအမှုဆောင်သစ်ရွေးချယ်ပွဲရှိ၍ မြန်မာနိုင်ငံအရိုးဆရာဝန်များတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(ကြေးမုံ)**

# နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ ဂူဗိမာန်စေတီတော်ပြုပြင်ရန် မြေတူးရာမှတွေ့ရှိခဲ့သည့် ရှေးဟောင်းအုတ်ခွက်ဘုရားများမှာ ပုဂံခေတ်ထက်စောဟုဆို

**သထုံ စက်တင်ဘာ ၁၈**

သထုံမြို့ စတုဘုမ္မိကမဟာသတိပဋ္ဌာန် (ငှက်တွင်း) ကျောင်းတိုက်ဝင်းအတွင်း၌ ငှက်တွင်းဂိုဏ်း စတင်တည်ထောင်တော်မူခဲ့သော ရွှေမင်းဝံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရှိပူဇော်ထားသည့် နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိသော ဂူဗိမာန်စေတီတော်အား ပြန်လည်မွမ်းမံရန် မြေတူးဖော်စဉ်က တွေ့ရှိခဲ့ရသော ရှေးဟောင်းအုတ်ခွက်ဘုရားများမှာ ပုဂံခေတ်ထက်စောကြောင်း အဆိုပါ အုတ်ခွက်ဘုရားများအား လာရောက်လေ့လာသည့်ရှေးဟောင်းသုတေသနပညာရှင်အချို့၏ ပြောကြားချက်အရ သိရသည်။

"အုတ်ခွက်ဘုရားတွေက အိန္ဒိယအရှေ့တောင်ပိုင်း အခု ဘင်္ဂလားနယ်ထဲမှာ ထွန်းကားခဲ့တဲ့ (Pala-Sena Period) လက်ရာမျိုးလို့ ယူဆရပါတယ်။ ပုဂံခေတ် အစောပိုင်းလက်ရာတွေက (Pala-Sena) လက်ရာမျိုး ဩဇာသက်တဲ့ ပုံစံမျိုးတွေတွေ့ရတယ်။ ဒီအုတ်ခွက်ဘုရား ဆင်းတုတော်တွေကို ပုဂံနဲ့ သရေခေတ္တရာမှာ အများအပြား တွေ့ခဲ့ရပြီးဖြစ်သော်လည်း ယခုသထုံမြို့ဟောင်းမှာလည်း အရေအတွက်အများစုကို တွေ့ရတဲ့အတွက် သထုံမှာ ဗုဒ္ဓဘာသာ ထွန်းကားခဲ့ပုံကိုတွေ့ရတယ်" ဟု ရှေးဟောင်းသုတေသနပညာရှင် ဦးစံဝင်းက ပြောကြားသည်။

၎င်းက ဆက်လက်ပြီး "အနော်ရထာဘုရင်က ၁၀၅၇ ခုနှစ်မှာ သထုံကိုသိမ်းတော့ သထုံပျက်သွားတယ်။ အခုတွေ့ရတဲ့ အုတ်ခွက်ဘုရားတွေက ၁၀၅၇ ခုနှစ်မတိုင်ခင်က ယဉ်ကျေးမှုပစ္စည်းတွေဖြစ်တယ်။ ဒါပေမယ့် ဒီအုတ်ခွက်ဘုရားတွေက ဘယ်လောက်စောသလဲဆိုတာကိုတော့ မပြောနိုင်



သေးဘူး။ ပုဂံခေတ်မှာလုပ်တဲ့ လက်ရာတွေက ဒီလက်ရာတွေမျိုးနဲ့ ဆင်တူတယ်။ သရေခေတ္တရာ အုတ်ခွက်တွေမှာလည်း ဆင်တူလက်ရာတွေတွေ့ရတယ်။ ဟံသာဝတီခေတ်မှာလည်း ဒီလို အုတ်ခွက်ဘုရားမျိုးတွေ တွေ့ရပေမယ့် ဒီလက်ရာကို မမီဘူး" ဟု ပြောကြားသည်။

မွန်ရှေးဟောင်း ကျောက်စာလေ့လာသူ ဦးအောင်ဆန်းဝင်းက "အုတ်ခွက်ဘုရားအခြေမှာ ပါတဲ့ စာတွေက နာဂရီအက္ခရာတွေဖြစ်ပါတယ်။ အဲဒီနာဂရီ အက္ခရာကို ရခိုင်ပြည်မှာ ၂ ရာစု ၃ ရာစု ကတည်းက သုံးကြတယ်။ အခု ဒီကျောင်းတိုက်မှာ တူးဖော်တွေ့ရှိတဲ့ အုတ်ခွက်ဘုရားတွေမှာလည်း အဲဒီ နာဂရီအက္ခရာတွေပါရှိပါတယ်" ဟု ပြောကြားသည်။

အဆိုပါ အုတ်ခွက်ဘုရားများမှာ ဂူဗိမာန်အားပြုပြင်ရန် မြေတူးစဉ် ဇွန် ၁၅ ရက်၊ ဇူလိုင် ၁၅ ရက်၊ ဩဂုတ် ၈ ရက်နှင့် စက်တင်ဘာ ၁၅ ရက်တို့တွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အုတ်ခွက်ဘုရားပေါင်း ၆၅၀ ကျော်၊ အကျိုးအပဲ့ ၉၀၀ နီးပါး၊ အိုးခြမ်းကွဲအပိုင်းအစ ၃၀၀ ကျော်နှင့် ဂဝံကျောက်သားဖြင့်ပြုလုပ်ထားသည့် ရှေးဟောင်းအဆောက်အအုံ အစိတ်အပိုင်းအချို့တို့ကို တူးဖော်တွေ့ရှိခဲ့ပြီးဖြစ်ကြောင်း ငှက်တွင်းကျောင်းတိုက်ဆရာတော်က မိန့်ကြားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကလည်း အဆိုပါကျောင်းတိုက်အနီးရှိ အမှတ် (၂) အထက ကျောင်းဝင်းအတွင်း အုတ်ခွက်ဘုရားပေါင်း ၁၀၀၀ ကျော်ကို တူးဖော်တွေ့ရှိခဲ့ရဖူးကြောင်း၊ ယခု တူးဖော်တွေ့ရှိသော ရှေးဟောင်းအုတ်ခွက်ဘုရားများမှာ ဒုတိယအကြိမ်တူးဖော်တွေ့ရှိရခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးစံဝင်း၏ ပြောပြချက်အရ သိရသည်။

**သက်ဦး(သထုံ)**

## လတော်သလင်း၊ ကြိုင်သင်းရွှေရင်းမာ

လျှပ်ပန်းခွေနွဲ့ လေယူသွဲ့လျှင်
ကောက်ပင်နုဖြိုး လေပြည်တိုး၍
မြူခိုးဝေရီ ရှစ်ခွင်ဆီမှာ
သံဝါရိုက်ညောင်း ဆင့်ဆင့်လောင်းကာ
ရင်းမာကြိုင်သင်း တော်သလင်းတွင်
မြစ်တွင်းသင်ဖြူးခင်းတည့်လေး။

မြစ်ရေပြည့်လျှံ ကမ်းယံထိတိုး
တော်သလင်းမိုးသည် ကန်သင်းကျိုးမျှ
သည်းလှသည်တွင် ဆင်ယင်ပွဲတော်
ပြိုင်လှေလှော်ကြ မြစ်ပြင်လှကြီး
ယိုယီးလေးလေး ညာသံပေးကာ
ရွာပျိုဖြူတို့ ပျော်တည့်လေး။

မြစ်မင်းရော ရေဇလာတွင်
မြစ်ညာမှသည် အကြေရပ်ဆီသို့
စီရီနွဲ့နွဲ့ သစ်ဖောင်ဖွဲ့ကာ
မျှောချလာသည့် မြန်မာကျွန်းသစ်
ချစ်စရာဓလေ့ တရွေ့ရွေ့သည်
မြန်ပြည်အလှပန်းချီတည့်လေး။

"တော်သလင်းနေ ပုစွန်သေ၏"
"တော်သလင်းမိုး ကန်သင်းကျိုး၏"
ဆိုခဲ့သည့်စာ ဆိုလာစကားများ
မှတ်သားနာယူ ပြည်သူတို့ထံ
"တောသလံ"လ နှစ်သက်လှစွာ
ဝမ်းမြောက်စွာဖြင့် မင်္ဂလာရှိစေ
အောင်ကြေစေဟု
တောင်းဆုဖြာဖြာ ပို့တည့်လေး။

ဖိုးရန်နိုင်(ကျောက်ကြီး)

# ရန်ကုန်တွင် လိုင်းကားအချို့ မထွက်သဖြင့် စာမေးပွဲဖြေဆိုနေသည့် တက္ကသိုလ်ကျောင်းသားအချို့ အခက်တွေ့

**ရန်ကုန် စက်တင်ဘာ ၁၈**

အသစ်ထွက်ရှိလာသည့် မော်တော်ယာဉ်ဥပဒေကို မကျေနပ်သည့် ရန်ကုန်မြို့ရှိ ခရီးသည်တင်ယာဉ်လိုင်းအချို့ ကားမထွက်သည့်အတွက် စာမေးပွဲဖြေဆိုနေသည့် တက္ကသိုလ်ကျောင်းသားကျောင်းသူအချို့ အခက်အခဲဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် (တာဝ)တွင် ပထမနှစ် ဂုဏ်ထူးတန်း တက်ရောက်နေသည့် ကျောင်းသားတစ်ဦးက "ကျွန်တော်တို့ ကျောင်းကို သွားတဲ့ လိုင်းကားတွေက ဒီမနက် မထွက်တော့ အဝေးကလာရတဲ့ ကျောင်းသားအချို့ အခက်အခဲဖြစ်ကုန်တယ်။ တချို့ဆို ကြည့်မြင်တိုင်တစ်ဖက်ကမ်းက လာကြရတာဆိုတော့ စာမေးပွဲရက်ကြီးမှာ တော်တော်ဒုက္ခရောက်ကြတယ်။ ကျွန်တော်တောင် သာကေတမှာနေတာ ကားငှားသွားတာတောင် အချိန်မီလေးပဲ။ လိုင်းကားတွေမရှိတော့ နောက်နေ့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီးစောစောထွက်ရမယ်။ သိပ်တော့ ပြဿနာမရှိပေမယ့် အဝေးကြီးကနေ အစောကြီးထရမယ့် ကျောင်းသားတွေတော့ စိတ်အနှောင့်အယှက်ဖြစ်တဲ့အပြင် စာမေးပွဲရက်မှာ အချိန်တွေ အလကားကုန်တာပေါ့"ဟု စာမေးပွဲရက်အတွင်း လိုင်းကားများ ရပ်နားခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်း၏အတွေ့အကြုံကို ပြောသည်။

ထိုသို့ လိုင်းကားအချို့ရပ်နားခဲ့ခြင်းနှင့်ပတ်သက်၍ ဒဂုံတက္ကသိုလ်မှ သင်တန်းရေးရာဌာနမှူး ဦးသက်လွင်က "လိုင်းကားတွေ မထွက်တာတော့ မှန်ပါတယ်။ ဒါကိုသိထားပြီး စာမေးပွဲချိန်နောက်ကျတာမျိုးတော့ မဖြစ်သင့်ပါဘူး။ နောက်ကျမယ်မှန်းသိရင် အိမ်က စောစောကြိုထွက်ရမှာပါ။ ကျွန်တော်တို့ကျောင်းမှာ မော်ဘီကနေလာတဲ့ ဆရာမဆိုရင် ကျောင်းကို ရှစ်နာရီကတည်းက ရောက်နေတာ။ ဒီနေ့ကျောင်းသားနှစ်သောင်းကျော်ရှိတဲ့ ကျွန်တော်တို့ ကျောင်းမှာ ကျောင်းနောက်ကျလို့ စာမေးပွဲဖြေနောက်ကျတယ်လို့ သတင်းပို့တဲ့သူတစ်ယောက်မှ မရှိပါဘူး"ဟု ကျောင်းနှင့်ပတ်သက်၍ ပြောသည်။

ကားလိုင်းအချို့ မထွက်ခြင်းကြောင့် စာမေးပွဲ အချိန်မီအောင်သွားရောက်ခဲ့ရသူ ဒဂုံတက္ကသိုလ် ကျောင်းသူတစ်ဦးက "ကျောင်းကို အမေလိုက်ပို့တာ။ ကားလိုင်းတွေက မထွက်တော့ တစ်ကွေ့တစ်ပတ်ကြီး စီးရတယ်။ နောက်ဆုံး ကားပိတ်နေလို့ ကားငှားသွားလို့ စာမေးပွဲမီရုံလေး ရောက်တာ။ ပြန်တော့ ကားသုံးဆင့်စီးပြန်ရတယ်။ အခြားတတ်နိုင်တဲ့ သူငယ်ချင်းတွေကတော့ ကားငှားသွားတော့ အဆင်ပြေကြပါတယ်"ဟု ၎င်း၏ အတွေ့အကြုံကို ပြောသည်။

လိုင်းကားအချို့ ရပ်နားခဲ့သောကြောင့် ကျောင်းသားကျောင်းသူများ စာမေးပွဲဖြေဆိုရာတွင် အခက်အခဲဖြစ်နိုင်သည်ကို ကြိုသိသည့်သန်လျင်နည်းပညာတက္ကသိုလ်မှ ဆရာမတစ်ဦးကလည်း "မနက်ဖြန် စာမေးပွဲဖြေဆိုမယ့် ကျောင်းသားတွေ ကားအဆင်ပြေအောင် လိုင်းကားတွေနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း သတင်းပို့ထားပါသည်။ မထသဗဟိုကိုလည်း ဆက်သွယ်သတင်းပို့ထားပါတယ်။ TTU ကျောင်းသားများတွေအတွက်တော့ ဆူးလေလမ်းကြောင်း၊ တာမွေလမ်းကြောင်းနဲ့ ဒဂုံတောင်မြောက်လမ်းကြောင်းကို ကျောင်းမှ ကားတွေစီစဉ်ပြီး ကြိုပေးပါမယ်။ ကျောင်းကြိုကားတွေကို TTU Logo နဲ့ ကျောင်းတံဆိပ်ကပ်ထားပါလိမ့်မယ်။ ကျောင်းမှ ဆရာများလိုက်လာပါမယ်"ဟု သူမ၏ကိုယ်ပိုင် လူမှုကွန်ရက်စာမျက်နှာတွင် ကျောင်းသားများသိရှိနိုင်ရန် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

**သီဟသူ**

# မြစိမ်းရောင်ချေးငွေများထုတ်ချေး

**သန်လျင် စက်တင်ဘာ ၁၈**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးအတွက် သန်လျင်မြို့နယ် ဆေးလုံးကြီးကျေးရွာနှင့် ချောင်းစောက်ကျေးရွာတို့တွင် ဆိုလာမီး ၁၉၂ စုံစီ တပ်ဆင်ပြီးစီးပြီးဖြစ်ကြောင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေအကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် ပုဂံတောင်ကျေးရွာ၊ ရုံသပြေကန်ကျေးရွာ၊ မင်္ဂလွန်းကျေးရွာ၊ ညောင်ဝိုင်းကျေးရွာ၊ ပေါက်တောကျေးရွာတို့တွင် စက်တင်ဘာ ၁၅ရက်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ ကုန်ထုတ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့အတွက် မြစိမ်းရောင်ချေးငွေများကို ထုတ်ချေးပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ကျေးလက်)**

# ခရိုင်အဆင့် မိုးစပါးထွန်တုံးပိတ်ပွဲကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၁၈**

ဥတ္တရခရိုင် ခရိုင်အဆင့်မိုးစပါး ထွန်တုံးပိတ်ပွဲအခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ KNOWLEDGE CENTRE ခန်းမ၌ စက်တင်ဘာ ၁၇ရက် နံနက် ၈နာရီက ကျင်းပသည်။

ဥတ္တရခရိုင်စိုက်ပျိုးရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါး ၇၈၃၈၇ ဧက စိုက်ပျိုးရန်လျာထားသတ်မှတ်ခဲ့ပြီး ယနေ့အထိ ၈၁၅၆၅ ဧက စိုက်ပျိုးပြီးဖြစ်သဖြင့် လျာထားဧက ထက် ၃၁၇၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ထွန်တုံးပိတ်ပွဲတွင် ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျစိုက်စနစ် (GAP)စိုက်ပျိုးမှုကို ကောက်စိုက်လုံမေများက သရုပ်ပြခဲ့ကြပြီး ထွန်တုံးပိတ်ပွဲအနီးဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာသောကျေးရွာအုပ်စုများမှ လယ်သမားများအား နေပြည်တော် စိုက်ပျိုးရေးဦးစီးမှူးကကျောက်မှုန့်မြေဩဇာများ ပံ့ပိုးပေးကြောင်း သိရသည်။

**(မောင်ပု)**

# ဖလမ်း၌ ပျိုရွယ်သူများအား ကျန်းမာရေးဆိုင်ရာနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ဖလမ်း စက်တင်ဘာ ၁၈**

ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ပျိုရွယ်သူများအား ကျန်းမာရေးဆိုင်ရာနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ရက် နံနက် ၉ နာရီခွဲက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဇုန်လွယ်ခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ ဖလမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီး မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဂင်ရှန်မုန်က ပျိုဖော်ဝင်ချိန်ခန္ဓာကိုယ်ပြောင်းလဲပုံ၊ HIV/AIDS ရောဂါကြိုတင်ကာကွယ်နည်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် စိတ်ကိုပြောင်းလဲစေသောဆိုးကျိုးများစသည့် ကျန်းမာရေးဆိုင်ရာများကို ပညာပေးဆွေးနွေးဟောပြောပြီး ဖလမ်းခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့အမှတ်(၁၀၃) ရဲအုပ်ဦးခင်မောင်ထူးက ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး၊ ယာဉ်လိုင်စင်ပါ ယာဉ်များသာမောင်းနှင်ရေး၊ ဆိုင်ကယ်စီးသူများလိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် ဆွေးနွေးဟောပြောချက်များအပေါ် ကျောင်းသားကျောင်းသူ ၂၁၃ ဦးတို့ကို အဖွဲ့ ၂၄ ဖွဲ့က စာတွေ့ဆန်းစစ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများအား ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး
ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

# ဒေမီလက်ဗားတိုး၏ တေးသီချင်းသစ်ထွက်ရှိ



အမေရိကန်ပေါ့ပ်အဆိုတော် ဒေမီလက်ဗားတိုးသည် သူ၏နောင်ထွက်ရှိမည့် တေးအယ်လ်ဘမ်သစ် "Confident"မှ ခေါင်းစီးသီချင်း Confident ကို စက်တင်ဘာ ၁၈ရက်က စတင်ထုတ်လွှင့်ခဲ့သည်။

အဆိုပါတေးသီချင်းသည် နားဆင်သူကို ကိုယ့်ကိုယ်ကိုယုံကြည်မှုရရှိလာစေရန် ဆောင်ကြဉ်းပေးနိုင်ပြီး တေးအယ်လ်ဘမ်တစ်ခုလုံးကိုမူ အောက်တိုဘာ ၁၆ ရက်နောက်ပိုင်းတွင် စတင်ဖြန့်ချိသွားနိုင်ရန်စီစဉ်ထားသည်။

လတ်တလောတွင် သီချင်းကိုကြိုတင်မှာယူထားသူများသာ ကြည့်ရှုခံစားနိုင်ပြီး itunes stores များမှတစ်ဆင့် ဝယ်ယူနိုင်သည်။ ဒေမီသည် ယင်းတေးအယ်လ်ဘမ်အတွက် အထူးကြိုးစားထားကာ အဆိုပါတေးအယ်ဘမ်မှ သီချင်းများကို သူ၏ဖျော်ဖြေပွဲ Cool For the Summerတွင် ဖျော်ဖြေခဲ့ရာ၌ လည်းကောင်း၊ MTV တေးဗွီဒီယိုဆုပေးပွဲတွင် ဖျော်ဖြေခဲ့ရာ၌လည်းကောင်း ပရိသတ်အားပေးမှုကို ရရှိခဲ့သည်။

ထို့ပြင် အဆိုပါတေးအယ်လ်ဘမ်အတွက် တေးဗီဒီယိုရိုက်ကူးရေးလုပ်ငန်းများကိုလည်း စတင်နေပြီဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

# ဟာသသရုပ်ဆောင်တစ်ဦးနဲ့ သတင်းတွေထွက်နေတဲ့ မိုင်လီဆိုင်းရပ်စ်



အမေရိကန် ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်ဟာ လတ်တလောမှာ သူနဲ့အသက်အရွယ်အားဖြင့် နှစ်ဆခန့်ကြီးတဲ့ ဟာသသရုပ်ဆောင်မင်းသား ဒိန်းကွတ်ခ်နဲ့ မကြာခဏဆိုသလို ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာ အတူတွဲတွေ့ရလေ့ရှိပါတယ်။ ဒါ့ကြောင့်လည်း သူတို့နှစ်ဦးချစ်သူတွေတောင်ဖြစ်နေကြပြီလားလို့ ထင်မှတ်ရပါတယ်။

အသက်(၂၂)နှစ်အရွယ် မိုင်လီနဲ့ အသက်(၄၃)နှစ်အရွယ် ဒိန်းကွတ်ခ်တို့နှစ်ဦးစလုံးကတော့ သူတို့ရဲ့ ဆက်ဆံရေးနဲ့ပတ်သက်လို့ တစ်စုံတစ်ရာ အတည်ပြုပြောကြားတာမျိုးတော့မရှိသေးပါဘူး။

သူတို့နှစ်ဦးတွဲနေတယ်ဆိုတဲ့ သတင်းဟာ မိုင်လီသူ့ရဲ့ချစ်သူဟောင်း ပက်ထရစ်နဲ့ လွန်ခဲ့တဲ့ငါးလလောက်က လမ်းခွဲခဲ့ပြီးတဲ့အချိန်က စတင်ထွက်ပေါ်ခဲ့တာပါ။ ဒါပေမယ့်နောက်ပိုင်းမှာ သူတို့နှစ်ဦးပိုမိုအတွဲများလာခဲ့တာမို့ ချစ်သူတွေများလားလို့ ကောလာဟလတွေ ဖြစ်တည်လာခဲ့ရတာပါ။

မိုင်လီဟာ ပက်ထရစ်နဲ့ လမ်းခွဲပြီးနောက်မှာ Victoria's Secret မော်ဒယ် စတယ်လာမက်ဇ်ဝဲလ်နဲ့လည်း သတင်းတွေ ထွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လက Elleမဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူတို့နှစ်ဦးရဲ့အကြားက ဆက်ဆံရေးဟာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

မကြာသေးမီက အင်တာဗျူးတစ်ခုမှာလည်း သူဟာ ဘယ်သူတစ်ဦးတစ်ယောက်နဲ့မျှ ချိန်းဆိုတွေ့ဆုံတာမျိုးတွေ မလုပ်တော့ဘဲ တစ်ကိုယ်တည်းဘဝနဲ့သာ နေထိုင်သွားတော့မှာဖြစ်ကြောင်း မိုင်လီက ပြောခဲ့ပါသေးတယ်။ ဒါပေမယ့် လတ်တလောမှာ ဒိန်းကွတ်ခ်နဲ့ အတူသွားလာနေတာတွေ့ရတော့ မိုင်လီဆိုင်းရပ်စ်အဖို့ စိတ်ကူးတွေများ ပြောင်းလဲသွားပြီလားလို့လည်း ပရိသတ်တွေက ထင်ကြေးတွေပေးနေကြပါတယ်။

အေးပြည့် - စုစည်းသည်။

# အိပ်မက်တွေပြည့်ဝခဲ့ပြီဖြစ်တဲ့ iKON ရဲ့ ဘော်ဘီ



YGဖျော်ဖြေရေးအေဂျင်စီလက်အောက်ရှိ တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့သစ်တစ်ဖွဲ့ဖြစ်သည့် iKONမှ ရက်ပ်အဆိုတော် ဘော်ဘီသည် သူ၏ဘဝအိပ်မက်သည် မကြာသေးမီက ပြည့်ဝခဲ့ပြီဖြစ်ကြောင်းဆိုခဲ့သည်။

ဘော်ဘီ၏ ဘဝတွင်အရေးပါသော အိပ်မက်တစ်ခုမှာ သူ၏မိဘနှစ်ပါးကို တောင်ကိုရီးယားနိုင်ငံတွင် ကိုယ်ပိုင်အိမ်တစ်လုံးဝယ်ပေးကာ သက်သောင့်သက်သာဖြင့် ဘဝကိုအေးအေးချမ်းချမ်းဖြတ်သန်းစေလိုခြင်းဖြစ်ပြီး မကြာသေးမီက တောင်ကိုရီးယားတွင် သူ၏ကိုယ်ပိုင်အိမ်ကို ဝယ်ယူနိုင်ခဲ့ပြီဖြစ်ရာ သူ၏အိပ်မက်လည်း ပြည့်ဝနိုင်ပြီဖြစ်သည်။

ဘော်ဘီသည် စက်တင်ဘာ ၁၈ရက်က အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သော သူ၏မိဘနှစ်ပါးကို တောင်ကိုရီးယားနိုင်ငံသို့ ခေါ်ဆောင် နေထိုင်စေခဲ့ပြီဖြစ်ကြောင်းလည်း Ocenအွန်လိုင်းသတင်းစာက ဖော်ပြခဲ့သည်။ ဘော်ဘီသည် လွန်ခဲ့သည့် ငါးနှစ်ခန့်က သူ၏မိဘများနှင့်ခွဲခွာခဲ့ကာ တောင်ကိုရီးယားသို့ လာရောက်ခဲ့ပြီး YG Entertainment ၏ အဆိုတော်တစ်ဦးဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးမှုများကို ခံယူခဲ့သည်။ သူသည် YG Entertainmentနှင့် အင်တာဗျူးပြုလုပ်စဉ်ကပင် အေဂျင်စီ၏ထုတ်လုပ်သူ ယန်ဟွန်ဆပ်ခ်အပါအဝင် အခြားသော အင်တာဗျူးတွင်ပါဝင်သည့် ဒိုင်လူကြီးများကို သူ၏ဘဝအိပ်မက်မှာ မိဘများအား ကိုရီးယားနိုင်ငံသို့ ခေါ်ယူကာ ပျော်ပျော်ရွှင်ရွှင်အေးအေးချမ်းချမ်းနေထိုင်စေလိုခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သူသည် 'Show Me the Money"၊ 'Mix & Match"ကဲ့သို့သော ရုပ်သံအစီအစဉ်များတွင်လည်း သူ၏မိဘများအကြောင်း ထည့်သွင်းပြောဆိုလေ့ရှိပြီး သူတို့အကြောင်းပြန်ပြောင်း ပြောဆိုခဲ့သည့်အချိန်တိုင်းလည်း မျက်ရည်ကျလေ့ရှိသည်။ တစ်ခါက 'Show Me the Money"အစီအစဉ်တွင် သူသည် မိခင်နှင့် တွေ့ဆုံခွင့်မရသည်မှာ လေးနှစ်ကျော်ခန့်ပင်ရှိနေပြီဖြစ်ကြောင်း မှတ်မှတ်ရရပြောကြားခဲ့သည်။

မကြာသေးမီကပြုလုပ်ခဲ့သော 'Show Me the Money 3"အစီအစဉ်တွင် ဘော်ဘီသည် အနိုင်ရရှိခဲ့ပြီး ဆုကြေးငွေအမြောက်အမြားရရှိခဲ့ကာ ယင်းဆုကြေးငွေများနှင့် အေဂျင်စီကစိုက်ထုတ်ပေးသည့် ပိုက်ဆံများဖြင့် သူ၏အိမ်ကို ဝယ်ယူနိုင်ခဲ့ခြင်း ဖြစ်သည်။

လတ်တလောတွင် ဘော်ဘီပါဝင်သည့် iKONတေးဂီတအဖွဲ့၏ နောက်ဆုံးထွက်ရှိခဲ့သော တေးအယ်လ်ဘမ်"My Type"သည် စမ်းသပ်ထုတ်လွှင့်ခဲ့ပြီးသည့်အချိန်မှစတင်ပြီး တေးဂီတ ဝက်ဘ်ဆိုက်များ၏ အမှတ်ပေးဇယားများတွင် ထိပ်ဆုံးမှ ရပ်တည်နေသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၉ - ၉ -၂၀၁၅ (စနေနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -သီချင်းကြီးပဒေသာ
- ၆း၁၅ "တူနှိုင်းမရ"
- ၆း၃၀ ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ)
- ၆း၅၀ "လက်လွှတ်မခံသင့်တဲ့ အခွင့်အရေး"
- ၈း၁၅ တေးဂီတအစီအစဉ်
- ၈း၃၀ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း (အပိုင်း-၁၅) "မန္တလေးအငြိမ့်"
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "အမှောင်ငွေ့ရနံ့" (ရဲတိုက်၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ရီဇော်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၄၀ "သူများကိုကြည့် ကိုယ့်ကိုဖြည့်" (အပိုင်း-၁) တရားတော် [ဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)]
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၈၉)
- ၁၁း၀၀ Star တို့ရဲ့ လက်ရာ
- ၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၅+၆)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရွှေပိုးဖြူ (အပိုင်း-၃)]
- ၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၅၇)
- ၃း၄၅ Fashion Week [မိတ်ကပ်ညီညီမောင် (စမ်းချောင်း)] (part-2)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၅၈)
- ၇း၃၀ Let's Talk
- ၈း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [သံသရာအဆက်ဆက် (အပိုင်း-၁)]
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း " (အပိုင်း-၉၀)
- ၉း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၇+၈)
- ၁၁း၀၅ Forever Music Tribute မာရဇ္ဇ(အပိုင်း-၃)
- ၁၁း၄၅ MRTV-4 Stage
- ၄း၄၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ English For Myanmar
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "မဝေးတော့ဘူး" နေတိုး၊စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-မိုးအောင်]
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောကွန်မန်ဒို (အပိုင်း-၁၂)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ (အပိုင်း-၆၂)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း (အပိုင်း-၁၆) - လူရွှင်တော်စတား - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၁)

### mitv

- 07:03 News
- 07:26 Great Shwedagon- The Architectural Heritage
- 07:53 A Monk's Robe
- 08:03 News
- 08:26 Thread Charm "A Kayin Threading Ceremony"
- 08:35 Shrinking Footprints
- 09:03 News
- 09:25 Lady Pilot
- 09:36 Shwe Maw Daw: The Glory Of Bago City
- 10:03 News
- 10:26 Today Myanmar & ICT: Today Myanmar & E-commerce
- 07:03 News
- 07:25 The Mountain with antique stone sculptures & Mural Painting
- 07:42 Ngapali, Unique Spot To Relax
- 08:03 News
- 08:26 The Stories Of The Great Souls (Mar Mar Aye) (Ep-1)

# ပီတာဆက်ချ်နှင့် အိုစပီနာအား အလှည့်ကျပွဲထွက်ကစားစေမည့် အာစင်ဝင်းဂါး





ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွင် ဒိုင်နမိုဇာဂရက်အသင်းအားနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း အသင်းတွင်လက်ရှိကစားလျက်ရှိသည့် ဂိုးသမား ပီတာဆက်ချ်နှင့် ဒေးဗစ်အိုစပီနာတို့နှစ်ဦးအား အလှည့်ကျပွဲထွက်ကစားစေမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ဒိုင်နမိုဇာဂရက်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသည့် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွင် ဂိုးသမား ဒေးဗစ်အိုစပီနာအား ပွဲထွက်ကစားစေခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဂိုးသမားပီတာဆက်ချ်အား ပွဲထွက်ကစားစေမည် ဖြစ်ကြောင်းလည်း ဆိုသည်။

မည်သို့ပင်ဆိုစေ ဂိုးသမား ဒေးဗစ်အိုစပီနာအနေဖြင့် နည်းပြအာစင်ဝင်းဂါးနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး နောက်ယခုနှစ်ဘောလုံးရာသီတွင် နောက်ထပ်ပွဲထွက်ကစားခွင့်ပိုမိုရရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အာဆင်နယ်အသင်းအတွက် အကောင်းဆုံးပါဝင်ကစားပေးခဲ့ကာ ရာသီကုန်ချိန်တွင် အာဆင်နယ်အသင်းကို ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၃)နေရာတွင် ရပ်တည်နိုင်အောင် အကူအညီပေးနိုင်ခဲ့ပြီး အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန်လည်း မျှော်လင့်ထားသည်။

ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခဲ့ခြင်းကြောင့် ပထမဦးစားပေးဂိုးသမားအဖြစ် ပွဲထွက်ကစားခွင့်ရရှိရေးအတွက် ပီတာဆက်ချ်နှင့် အိုစပီနာတို့ အပြိုင်ကြိုးပမ်းနေရပြီး အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကမူ အဆိုပါဂိုးသမားနှစ်ဦးအား အလှည့်ကျပွဲထွက်ကစားခွင့် ပေးသွားမည်ဟု ဖွင့်ဟပြောကြားခဲ့သည်။

ဂိုးသမားဒေးဗစ်အိုစပီနာသည် လာမည့်သီတင်းပတ်တွင် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ၌ ပွဲဦးထွက်ကစားသမား ၁၁ ဦးစာရင်းတွင်ပါဝင်လာမည်ဖြစ်သည်။ ဒေးဗစ်အိုစပီနာသည် နွေရာသီအပြောင်းအရွှေ့ကာလက ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ကစားရန်အခွင့်အရေးရရှိခဲ့သော်လည်း အာဆင်နယ်အသင်းတွင် ပျော်ရွှင်မှုရရှိနေပြီဖြစ်သောကြောင့် အာဆင်နယ်အသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန် မျှော်လင့်ကာ အသင်းပြောင်းရွှေ့ခြင်းမရှိခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

**နိုင်လင်းကြည်**

## စက်တင်ဘာ ၁၉ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | | |
|---|---|---|---|
| **ပရီမီယာလိဂ်** | | | |
| ချယ်လ်ဆီး | - | အာဆင်နယ် | ည-၆း၁၅ |
| ဆွမ်ဆီး | - | အဲဗာတန် | ည-၈း၃၀ |
| စတုတ် | - | လက်စတာ | ည-၈း၃၀ |
| ဘုန်းမောက် | - | ဆန်းဒါးလန်း | ည-၈း၃၀ |
| နယူးကာဆယ် | - | ဝတ်ဖို့ဒ် | ည-၈း၃၀ |
| ဗီလာ | - | ဝက်စ်ဘရွန်း | ည-၈း၃၀ |
| မန်စီးတီး | - | ဝက်စ်ဟမ်း | ည-၁၁း၀၀ |
| **စပိန်လာလီဂါ** | | | |
| ရီးယဲလ်မက်ဒရစ် | - | ဂရန်နာဒါ | ည-၈း၃၀ |
| ဗလင်စီယာ | - | ဘက်တစ် | ည-၁၀း၄၅ |
| အီဘား | - | အက်သလက် | နံနက်-၁း၀၀ |
| ဆိုစီဒက် | - | အက်စ်ပန်ညို | နံနက်-၂း၃၀ |
| **စီးရီးအေ** | | | |
| အူဒီးနီးစ် | - | အမ်ပိုလီ | ည-၁၀း၃၀ |
| အင်တာမီလန် | - | ပါလာမို | နံနက်-၁း၁၅ |
| **ဘွန်ဒက်စ်လီဂါ** | | | |
| ဝုဖ်ဘတ် | - | ဟာသာဘာလင် | ည-၈း၀၀ |
| ဟမ်းဘတ် | - | ဖရန့်ဖတ် | ည-၈း၀၀ |
| ဝါဒါဘရီမင် | - | အင်ဂိုဆလပ် | ည-၈း၀၀ |
| ကိုလုံး | - | ဂလာဘတ်ချ် | ည-၈း၀၀ |
| ဒရန်စတက် | - | ဘိုင်ယန်မြူးနစ် | ည-၈း၀၀ |

**မောင်မောင်ဇော်**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ဘာစီလိုနာမှာပဲဆက်ရှိနေမှာ သေချာတဲ့ နေမာ



ပြီးခဲ့သည့်နွေဈေးကွက်တွင် နေမာအား မန်ယူအသင်းကပြောင်းရွှေ့ကြေး ပေါင် ၁၂၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ၎င်း၏ အနာဂတ်မှာ နူးကမ့်ကွင်း၌သာ ဆက်ရှိနေမည်မှာ သေချာကြောင်း သူ၏ဖခင်ဖြစ်သူက ပြောကြားလိုက်သည်။

နေမာသည် မန်ယူအသင်း၏မြောက်မြားလှစွာသော လစာနှုန်းထားဖြင့်ကမ်းလှမ်းလာမှုကြောင့်လာမည့်နွေဈေးကွက်တွင် မန်ယူသို့ သေချာပေါက်ပြောင်းရွှေ့ရန် သဘောတူညီမှုပြုလုပ်ခဲ့ပြီးဖြစ်သည်ဟု ကောလာဟလများပျံ့နှံ့ခဲ့ပြီးနောက် ဘာစီလိုနာကလည်း စာချုပ်သစ်တစ်ရပ်ထပ်မံချုပ်ဆိုရန် အလောတကြီးစီစဉ်လာခဲ့သည်။နေမာ၏ဘာစီလိုနာနှင့် လက်ရှိချုပ်ဆိုထားသော စာချုပ်မှာ ၂၀၁၈ ဇွန်လမှသာ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဘာစီလိုနာကစာချုပ်သက်တမ်းထပ်မံတိုးမြှင့်ရန် ဆောင်ရွက်နေပြီး ဘာကာဥက္ကဋ္ဌဘာမူတိုကမူ နေမာအနေဖြင့် ဘာကာတွင်သာ ကစားသမားဘဝကုန်ဆုံးသင့်ကြောင်း အကြံပြုပြောကြားထားသည်။

နေမာ၏ဖခင်ကမူ နေမာအနေဖြင့်မန်ယူသို့ မည်သည့်အခါမျှပြောင်းရွှေ့မည်မဟုတ်သောကြောင့် စာချုပ်သစ်ချုပ်ဆိုရန်ပင်မလိုအပ်ကြောင်း၊လက်ရှိစာချုပ်မှာလည်း သက်တမ်းသုံးနှစ်ကျန်ရှိနေသောကြောင့် စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ရန် အပြီးသတ်သဘောတူညီချက်မရရှိသေးကြောင်းဆိုခဲ့သည်။

နေမာ၏ဖခင်သည် ၂၀၁၃ခုနှစ်ဘာစီလိုနာသို့ နေမာပြောင်းရွှေ့ခဲ့ရာ၌ ဘာကာမှတရားမဝင် ယူရိုသန်း၄၀ခန့် သီးခြားရယူကာ သားဖြစ်သူ၏အပြောင်းအရွှေ့ကို ပြီးပြတ်အောင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

**ရွှိုင်ယန်ဟောဒင်**



# လအလိုက်စွမ်းဆောင်ရည် အကောင်းဆုံးနံပါတ်(၁)နေရာ ဂျိုကိုဗစ်ချ် ရယူ

တင်းနစ်ဒေ့ါကွန်းမှ သီးခြားရွေးချယ်သော အမျိုးသား၊ အမျိုးသမီးထိပ်တန်းကစားသမား၂၅ ဦးစာရင်းတွင် ယူအက်စ်အိုးပင်းအမျိုးသားတစ်ဦးချင်းပွဲစဉ်၌ ချန်ပီယံဖြစ်ခဲ့သူ နိုဗက်ဂျိုကိုဗစ်ချ်ကသာ အဆင့်(၁)နေရာတွင်ရပ်တည်နေကြောင်း သိရသည်။ အဆိုပါရွေးချယ်မှုမှာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်နှင့် မသက်ဆိုင်ဘဲ လစဉ်အလိုက်ကစားသမားတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို အခြေခံ၍အကဲဖြတ်ကာ သတ်မှတ်ထားသော အဆင့်များဖြစ်သည်။

အဆိုပါကစားသမား၂၅ဦးစာရင်းမှာ ၁-ဂျိုကိုဗစ်ချ်၊ ၂-ဖက်ဒရာ၊ ၃-ဆရီနာဝီလျံ၊ ၄-ပင်နီတာ၊ ၅-ဗင်စီ၊ ၆-ဝေါ်ရင်ကာ၊ ၇-စီလစ်၊ ၈-ဟီလပ်၊ ၉-အင်ဒီမာရေး၊ ၁၀-ကီဗင်အန်ဒါဆင်၊ ၁၁-ကိဗ်တိုဗာ၊ ၁၂-ဗစ်တိုးရီးယားအဇာရန်ကာ၊ ၁၃-ဘန်စစ်၊ ၁၄-ဂျွန်အစ္စနာ၊ ၁၅-နီရှိုကိုရီ၊ ၁၆-မလာဒန်နိုဗစ်၊ ၁၇-ဘိုချာ့၊ ၁၈-ကာဗာ၊ ၁၉-လိုပက်ဇ်၊ ၂၀-ဗီးနပ်စ်ဝီလျံ၊ ၂၁-ရာဖေးလ်နာဒယ်လ်၊ ၂၂-ဖေဘီယိုဖော့နီနီ၊ ၂၃-ရစ်ချက်ဂက်စကွက်ဇ်၊ ၂၄-ဘိုင့်ဒ့်၊ ၂၅-ပိုင်ရီတို့ဖြစ်ကြသည်။

ယခင်ဩဂုတ်လက ဖက်ဒရာမှာ အဆင့်(၁)နေရာတွင်သတ်မှတ်ခံခဲ့ရသော်လည်း ယခုလတွင်မူ အဆင့်(၂)နေရာသို့ကျဆင်းသွားခဲ့ပြီး ယူအက်စ်အိုးပင်းချန်ပီယံအဖြစ်အောင်ပွဲခံခဲ့သူ ဂျိုကိုဗစ်ချ်မှာမူ အဆင့်(၃)နေရာမှ အဆင့်(၁)နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။ဖက်ဒရာမှာ ပြီးခဲ့သည့် ဩဂုတ်လက ယှဉ်ပြိုင်ခဲ့သော စင်စင်နတီမာစတာစီးရီးတွင် ဂျိုကိုဗစ်ချ်ကို အနိုင်ယူကာ ဗိုလ်စွဲခဲ့သောကြောင့် အဆင့်(၁)နေရာသတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။ ယခင်ကထိပ်တန်းကစားသမားစာရင်းတွင်မပါဝင်နိုင်ခဲ့သော အီတလီတင်းနစ်မယ်ပင်နီတာမှာ ယူအက်စ်အိုးပင်းတွင် ချန်ပီယံဖြစ်ပြီးနောက် အဆင့်(၄)နေရာတွင် သတ်မှတ်ခံခဲ့ရသည်ကို တွေ့ရသည်။

**မေလဲ့သင်း**

# မန္တလေးမြို့အတွင်း ယာဉ်တိုက်မှုများလျော့နည်းကျဆင်းစေရေး လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးအရေးယူ



**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုနှင့်အညီ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေရဲတပ်ဖွဲ့၊ စည်ပင်သာယာ၊ ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ၃၁ ဖွဲ့နှင့် မန္တလေးမြို့ အချက်အချာကျသော လမ်းဆုံလမ်းခွများတွင် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ယာဉ်မတော်တဆမှုနှင့် သေဆုံးဒဏ်ရာရရှိမှုများ လျော့နည်းကျဆင်းလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာ၌ မန္တလေးမြို့တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အရာရှိ ၄၁ဦး၊အခြားအဆင့် ၂၆၅ ဦး စုစုပေါင်း ၃၀၆ ဦးရှိပြီး ခရိုင်တပ်ဖွဲ့စု ခြောက်စုတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၁၁၃ဦး စုစုပေါင်း ၁၁၃ ဦးရှိသည်။

မန္တလေးမြို့ပေါ်တွင် အချက်ပြမီးပွိုင့် ၄၉ ပွိုင့်၊ လမ်းဆုံလမ်းခွ ၁၇ နေရာ ကျောင်း ၁၅ ကျောင်းတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်နှစ်ဦးစီ နေ့စဉ်နေရာချထားပြီး လမ်းရှင်းလင်းရေး ဆောင်ရွက်လျက်ရှိသည်။

စည်းကမ်းချိုးဖောက်သော ယာဉ်များကို မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၆ ဖြင့် အရေးယူပြီး စည်ပင်သာယာအထူးတရားရုံးသို့ တရားစွဲတင်ပို့သည်။ တရားရုံးက ဒဏ်ငွေကျပ်တစ်သောင်းမှ ငွေကျပ် လေးသိန်းအထိ ဒဏ်ရိုက်သည်။ ကျန်ခရိုင်/မြို့များတွင် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၉၁ အရ အရေးယူပြီး မြို့နယ်တရားရုံးကဒဏ်ငွေကျပ် သုံးသောင်းမှ ကျပ်တစ်သိန်းထိ ဒဏ်ရိုက်သည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ မန္တလေးမြို့ပေါ်တွင် စည်းကမ်းပျက် ယာဉ် ၄၅၉၅ စီး (၄၆၆၇ မှု)၊ မော်တော်ဆိုင်ကယ် ၁၉၅၅၂ စီး (၁၉၆၃၄ မှု) စုစုပေါင်း ၂၄၁၄၇ စီး (၂၄၃၀၁ မှု) အရေးယူနိုင်ခဲ့ပြီး ကျန်ခရိုင်များတွင် စည်းကမ်းပျက်ယာဉ် ၅၇၃၁ စီး (၅၇၃၁ မှု)၊ မော်တော်ဆိုင်ကယ် ၄၂၄၀၃ စီး (၄၂၄၀၃ မှု) စုစုပေါင်း ၄၈၁၃၄စီး (၄၈၁၃၄ မှု) အရေးယူနိုင်ခဲ့သည်။ မန္တလေးမြို့ပေါ်တွင် ဖြစ်ပွားသော ယာဉ်မတော်တဆမှုများအနက် ၂၀၁၃ ခုနှစ်တွင် ဆိုင်ကယ်ပါဝင်သော ဖြစ်ပွားမှု ၃၀၇ မှု သေဆုံးသူ ၁၃၆ ဦး ဒဏ်ရာရသူ ၃၀၅ ဦးရှိပြီး၂၀၁၄ခုနှစ်တွင် ဖြစ်ပွားမှု ၃၀၁ မှု၊ သေဆုံးသူ ၁၂၈ ဦး၊ ဒဏ်ရာရသူ ၃၀၄ ဦး၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ဖြစ်ပွားမှု ၁၃၇ မှု၊ သေဆုံးသူ ၇၄ ဦး၊ ဒဏ်ရာရသူ ၁၁၃ဦး ရှိသည်။

မန္တလေးမြို့တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့က တရားမဝင် လိုင်စင်မဲ့ယာဉ်များအား စီမံချက်ချ ဖမ်းဆီးလျက်ရှိရာ ယခုနှစ်ဇန်နဝါရီလမှ ဩဂုတ်လအထိ လိုင်စင်မဲ့ယာဉ် ၆၅စီးကို ဖမ်းဆီးရမိခဲ့ပြီး ပိုင်ရှင်ရှိသော လိုင်စင်မဲ့ယာဉ် ၃၈စီးကို ပို့ကုန်/သွင်းကုန်ပုဒ်မ ၈ ဖြင့် လည်းကောင်း၊ ပိုင်ရှင်မဲ့ယာဉ် ၂၇စီးကို ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ အမှုဖွင့်အရေးယူခဲ့သည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များအား အများပြည်သူသိရှိစေရန် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ပညာပေးဟောပြောမှု ၁၈၃ ကြိမ် ပြုလုပ်ခဲ့ပြီး ကျောင်းသားကျောင်းသူ ၁၀၇၅၂ ဦး၊ ပြည်သူ ၁၃၅၇၅ ဦးအား ပညာပေးဟောပြောကာ လက်ကမ်းစာစောင် ၄၀၀၀၀ခန့် ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



# သာကေတမြို့နယ်တွင် ကျွန်းခွဲသားများ သိမ်းဆည်းရမိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုး၊ သယ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနှင်းအောင်ဆန်းတို့ ဦးဆောင်သော သစ်တောဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီက သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း ၄/မြောက်ရပ်ကွက် နယ်မြေရုံးမှတ်တိုင်အနီးရှိမသင်္ကာဖွယ်ရာ ယာဉ်အမှတ် 2B/---- ကုန်သေတ္တာအမှတ် CSLU/.... အား ဖွင့်ဖောက်စစ်ဆေးရာ **(အပေါ်ပုံ)** တရားမဝင်ကျွန်းခွဲသားအချောင်း ၃၀ (အလေးချိန် ၄ ဒသမ ၀၅၆၆ တန်)နှင့် ပိတောက်ခွဲသား ၁၅၂ ချောင်း (အလေးချိန် ၉ ဒသမ ၂၂၀၄ တန်)တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ဘိုကလေး စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ အမှတ်(၄)ရပ်ကွက် ကန္ဒားလမ်းနေ ဦးမြင့်သူ-ဒေါ်ရီရီသိန်း (ကုန်စုံဆိုင်)၏ နောက်ဖေးထမင်းချက်ဆောင်မှ စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ ကဒုံကနိကျေးရွာနယ်မြေစခန်းမှူး ဒုရဲမှူး အေးမင်းဦးစီးသော တပ်ဖွဲ့ဝင် ၁၇ ဦး၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀နှင့် ရွာသူ ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ်၅၀တွင် မီးညွန့်ကျိုးပြီး ညနေ ၃နာရီ ၁၅မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ် RC နှစ်ထပ်တိုက်သုံးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**အောင်မင်း(ဘိုကလေး)**

# မော်တော်ယာဉ် ရေမြောင်းထဲထိုးကျ၊ သုံးဦးသေဆုံး

**နေပြည်တော် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ်ဖြတ်လမ်း မိုင်တိုင်အမှတ်(၂/၄-၅)ကြားတွင် စက်တင်ဘာ ၁၆ ရက် က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့က အဆိုပါလမ်းအတိုင်း မြစ်ငယ်မှ ထုံးဘိုသို့ ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဘန့်ဘွေးရွာနေ အောင်နိုင်ဝင်း (၃၆)နှစ်မောင်းနှင်ပြီး တစ်ရွာတည်းနေ မခိုင်သက်စိုး(၂၂) နှစ်နှင့် မသန်းကြူ (၃၁) နှစ်တို့ လိုက်ပါ လာသည့် 6D/------ Range Rover ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ အကျယ် ၁၈ ပေ၊ ရေအနက်ငါးပေခန့် ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း အောင်နိုင်ဝင်းပါ သုံးဦးတို့တွင် ဒဏ်ရာများရရှိပြီး ရေနစ်သေဆုံးသွားကြောင်း သိရသည်။

**(ကြေးမုံ)**

❒

# ချဲထီလောင်းကစားပြုလုပ်သူများအား အရေးယူ

**အောင်လံ စက်တင်ဘာ ၁၈**

အောင်လံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက မကွေးတိုင်းဒေသကြီး အောင်လံမြို့ ကန်ကြီးရပ်ကွက် ပြည်လမ်းဘေးရှိ ပိတ်ထားသည့်ဈေးဆိုင်ခန်းရှေ့တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ အောင်လံမြို့ စမ်းချောင်းရပ်ကွက်နေ ဆွေလှိုင်မင်း(၃၆)နှစ်နှင့် ညီမဖြစ်သူ မဝင်းနန္ဒာအောင်(၂၄)နှစ်တို့အား ဘောလုံးပွဲ/ချဲထီလောင်းကစားရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၁၈၅၀၀နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

**(ကြေးမုံ)**

# နမ်းစိုက်ပျိုးနေစဉ် မိုးကြိုးပစ်ခံရ၍ နှစ်ဦးသေဆုံး

**နေပြည်တော် စက်တင်ဘာ ၁၈။** ။ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တယ်ပင်ကျေးရွာနေ ဒေါ်ဝင်း(၄၀)နှစ်နှင့် သမီးဖြစ်သူ မဖြိုးအိစံ(၁၉)နှစ်တို့သည် စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်က ကျေးရွာ၏အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ယာခင်းတွင် နှမ်းစိုက်ပျိုးနေစဉ် မိုးကြိုးပစ်ခံရ၍ သားအမိနှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်(မြိုင်)**

## အမည်မှန်

နောင်ချိုမြို့၊ အထက၊ ဒသမတန်း (ခ)မှ အဖဦးစိုးဝင်း၏သား မောင်ဟန်သာပိုင်စိုး၏ အမည်မှန်မှာ မောင်ဟံသာပိုင်စိုး ဖြစ်ပါကြောင်း။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများကိုမြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ၁၀/မမ | တိုင်း(၃)နယ်မြေအတွင်းထုံးဘိုကျောက်မိုင်းမှ(၁"×၁½")အရွယ် | ၂၀၀၀ |
| | | (စက်ခွဲ)လမ်းခင်းကျောက်ကျင်း(၂၀၀၀)အားထုံးဘိုကျောက်မိုင်း | |
| | | ဆိုဒ်ဒင်အရောက်ဝယ်ယူလိုခြင်းလုပ်ငန်း | |

တင်ဒါပိတ်မည့်အချိန် - ၁၆-၁၀-၂၀၁၅ရက် (သောကြာနေ့) ၁၅:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၉-၂၀၁၅ရက်ရုံးချိန်အတွင်းအသေးစိတ်သိရှိလိုပါက အောက်ပါဌာနသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

လက်ထောက်အထွေထွေမန်နေဂျာ(မြို့ပြ)ရုံး၊ မြန်မာ့မီးရထား၊ မန္တလေးဘူတာကြီး၊ တတိယထပ်၊ ဖုန်း-၀၂-၃၅၉၈၅


တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ

မန္တလေးတိုင်းဒေသကြီး

The Sun
Weekly News
နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး
သတင်းဝေဖန်သုံးသပ်ချက်တွေကို တစ်ဝကြီး ဖတ်ရှုချင်သူများ။
ပါတီပေါင်း ၉၀ ကျော်၊ အမတ်လောင်းက ၆၀၀၀ ကျော် ဘယ်သူ့ကို မဲပေးရမလဲ
ရွေးချယ်ရခက်နေသူများ။ ရယ်စရာမောစရာ ဖတ်ရှုလိုသူများ။
သားသမီးအတွက် အင်္ဂလိပ်စာသင်ခန်းစာ ရှာဖွေနေသူများအတွက်
စည်သူအောင်မြင့် စီစဉ်တည်းဖြတ်ပြီး
၂၄-၉-၂၀၁၅ မှ စတင်၍ အပတ်စဉ် သောကြာနေ့တိုင်း
ထွက်ရှိလာမည့် မွန်းတည့်နေသတင်းဂျာနယ်ကို စောင့်မျှော်ဖတ်ရှုကြပါ။
ဖြန့်ချိရေးဖုန်း-၀၉၉၆၀၇၉၂၄၂၂

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ကောင်းမွန် သန့်ရှင်းရေး လမ်းကြောင်း

**ဆူဒိုနင်**

ထင်ရှားတဲ့ နမူနာလေးနှစ်ခုနဲ့ စပြောချင်ပါတယ်။ ပထမနမူနာက ၂၀၁၅ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က နေပြည်တော်မှာ ကျင်းပတဲ့ အခမ်းအနား နဖူးစီးစာတန်းပါ။

"နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား"တဲ့ ခင်ဗျ။

နောက်တစ်ခုကတော့ "နိုင်ငံတော် သမ္မတ၏ လမ်းညွှန်ချက်အရ ညောင်ဦးမြို့နယ်အတွင်း ရောက်ရှိနေသော တောဆင်ရိုင်း ခြောက်ကောင်အုပ်အား ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်မှုမရှိစေရေး ဦးစားပေးကာ မူလကျက်စားရာ နယ်မြေဖြစ်သော နတ်မောက် မြို့သစ်မြို့နယ်ရှိ ပဲခူးရိုးမဒေသအတွင်းသို့ ပြန်လည်ပို့ဆောင်နိုင်ရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အထူးအလေးထား၍ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်"ဆိုတဲ့ နေပြည်တော် ဩဂုတ် ၂၅ နေ့စွဲပါ သတင်းပါပဲ။ နှယ်နှယ်တော့ မဟုတ်ဘူးနော်၊ အဲဒီသတင်းက ၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာရဲ့ မျက်နှာဖုံး သတင်းခင်ဗျ။

သတင်းအဆုံးမှာ သတင်းစဉ်ဆိုပြီး မျက်နှာမည်းစာလုံးနဲ့ ဖော်ပြထားတော့ ဒါ သတင်းစဉ်က ပေးလိုက်တဲ့ သတင်းကို ကြေးမုံက မတည်းမဖြတ် မပြုမပြင်ဘဲ စိတ်ချလက်ချ ဖော်ပြလိုက်တာပဲ ဖြစ်ပါလိမ့်မယ်။

သတင်းရေးတဲ့သူကို အပြစ်မတင်ရက်ဘူး။ သူ့ကို အဆင့်ဆင့်က မှာကြားထားပါလိမ့်မယ်။ နိုင်ငံတော်သမ္မတနဲ့တကွ အကြီးအကဲတွေကို ထိပ်ဆုံးမှာထားရမယ်ဆိုတဲ့ ညွှန်ကြားချက်က ရှိနေပုံပါပဲ။ အမေမှာ မှာတဲ့အတိုင်း လုပ်ရရှာတော့တာပေါ့။ သနားစရာ အင်မတန် ကောင်းပါတယ်။ စာတည်းမင်းများကလည်း အဲဒီညွှန်ကြားချက်နဲ့ ကိုက်ညီနေရင် ပြီးတာပဲလေဆိုပြီး မပြင်မဆင် မဖြတ်မတောက်ဘဲ ဖော်ပြလိုက်ပါတယ်။

အဓိကကတော့ ကြောက်ရွံ့မှုကြောင့် ဖြစ်ရတယ်ဆိုတာ ကျွန်တော့်မှာ ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး ခင်ဗျ။ ဟုတ်တယ်လေ- ကျွန်တော့် အပတ်စဉ် ခေါင်းစဉ်ကိုပဲ ကြည့်တော်မူပါ ခင်ဗျား။ "ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး"ဆိုကတည်းက အသက် ၆၀ နားကပ်နေတဲ့ ကျွန်တော်ကိုယ်တိုင် အဲဒီ အကြောက်တရားကြီးနဲ့ လူဖြစ်ခဲ့ရတာ ရှင်းလို့ နေပါတယ်။

လူစဖြစ်ကတည်းက ကြောက်လိုက်ရတဲ့ အကြောက်။ ပထမဆုံး ကြောက်ရတာကအဖေ။ သူကိုယ်တိုင်က ကန်တော့ပါရဲ့ဗျာ၊ ဆေးလိပ်ကို ဖင်က မီးခိုးထွက်အောင် သောက်ပေမယ့် ကျွန်တော် ဆေးလိပ်သောက်တော့ အသားနီလန်အောင် ဆော်ပလော်တီးသဗျ။ ဒါကျွန်တော့်ဘဝထဲကများပြားလှတဲ့ နမူနာတွေအနက် တစ်ခုလောက်ကို ပြန်ထုတ်ပြတာပါ။ ကိုယ်ကိုယ်တိုင်မလိုက်နာနိုင်တဲ့ စည်းကမ်းကို ချမှတ်ဖို့ အထုံပါနေတာများ မိဘတွေက စပါတယ်။

ကျောင်းနေအရွယ်ရောက်တော့လည်း ကျွန်တော်တို့ လူ့ဘောင်က အကြောက်တရားကိုပဲ အသုံးချတဲ့ လူ့ဘောင်ပီပီ စာသင်သားတွေကို နည်းမျိုးစုံနဲ့ ခြိမ်းခြောက်ခဲ့ကြတယ်။ မမေးရဲ၊ မပြောရဲအောင် လုပ်ခဲ့ကြပြန်ပါတယ်။ ဒါတောင် ကျွန်တော်တို့က ခေတ်ကောင်းလေး နည်းနည်း မီလိုက်သေးတယ်။ သာသနာပြုကျောင်းတွေ ပြည်သူပိုင်သိမ်းစမှာ ကျောင်းနေဘဝ စခဲ့တာမို့ ပညာရေးက အခုကာလလို ဤသည်မလွဲမှ အမှတ်ရတာ မဟုတ်ဘူး။ တတ်မြောက်မှု အစစ်ကို စစ်ဆေးနိုင်စွမ်းရှိတာမို့ နည်းနည်းတော့ တော်သေးရဲ့လို့ ဆိုရပါမယ်။

အဲ- မှတ်မိသေးတယ်။ ကိုးတန်းကျောင်းသားဘဝမှာ ထင်တယ်။ ကျူရှင်ဆရာကို စာမေးမိလို့ ထိုးမလို ကြိတ်မလို ခြိမ်းခြောက်တာ ခံရဖူးသေးသဗျ။ တကယ်တော့ အဲဒီဆရာက ကျူရှင်စာရေးဘဝက လာတာမှန်း အဲဒီတုန်းက ကျွန်တော် မသိဘူး။ သူက တကယ် ကျွမ်းကျင်တတ်ကျွမ်းသူ လျှမ်းလျှမ်းတောက် ကျူရှင်ဆရာတစ်ဦးရဲ့ကျောင်းက စာရေး။ အဲဒီ ဆရာရဲ့ သင်ပုံသင်နည်းတွေ အတုခိုးပြီးနောက် သူ့ဘာသာ တစ်စင်ထောင်တာ။ အဲတော့ သူက အက္ခရာ သင်္ချာနဲ့ ဩဂိုနော်မက်ထြီမှာတော့ ဟိုဆရာ့နည်းတွေ အကုန်ရပြီး သင်တာမို့ အဆင်ပြေတယ်။ ဂျော်မက်ထြီကျတော့ ညာဏ်ပါသွားပြီ။ တကယ် တတ်ကျွမ်းမှ သင်နိုင်တာကလား။

ကျွန်တော်ဆိုတဲ့ မောင်လူနက အဲဒါကို မသိဘူး။ သူ့ကို ဂျော်မက်ထြီ တစ်ပုဒ် မတွက်တတ်လို့ သွားမေးမိပါတယ်။ လူပဲ ထသတ်တော့မလို၊ ထိုးတော့ ကြိတ်တော့မလို လုပ်လွှတ်တာ အသားလွတ်ကြီး ခံလိုက်ရတယ်။ နောက်မှ တခြားဆရာတစ်ဦးကို ရင်ဖွင့်တဲ့အခါ အဲဒီ လူကြမ်းမင်းသားရဲ့ နောက်ကြောင်းကို သိလာရတာပ။ ရာဇဝတ်အိုးကိုမှ ကျွန်တော်က တုတ်နဲ့ သွားထိုးမိသလို ဖြစ်တာကိုး။

ပြောချင်တာက အခကြေးငွေယူပြီး သင်စားနေတဲ့ ကျူရှင်ဆရာဆိုတဲ့ မောင်တွေတောင် တပည့်တွေကို အကြောက်ကြီးကြောက်အောင် လုပ်ချင်တဲ့ အထုံဝါသနာက သွေးထဲသားထဲမှာ သတ်မရတဲ့ ဗိုင်းရပ်(စ်)ပိုးလို စွဲနေပါတယ်။ အဲဒီနောက်တော့ တက္ကသိုလ်ရောက်။ တက္ကသိုလ်ရောက်စမှာပဲ အဖေကွယ်တော့ ကြောက်ရခြင်းမှ ကင်းဝေပြီ မှတ်တာ ဘယ်ဟုတ်မတုံး။ အဖေမရှိတော့ တက္ကသိုလ်ကျောင်းသားတစ်ပိုင်း၊ အငှားယာဉ်မောင်းသမားတစ်ပိုင်းဘဝကို နုနုနယ်နယ်နဲ့ ရောက်သွားတော့ ကြောက်ရတာတွေ တိုးလာတယ်။ အငှားယာဉ်မောင်းဆိုတာ ယာဉ်ထိန်းရဲကို ကြောက်ရတဲ့ ဘဝ မဟုတ်လား ခင်ဗျာ။ (၁၉၇၀ ပြည့်လွန်တွေတုန်းက ပြောတာနော်။ အခုခေတ်တော့ ကျွန်တော်လည်း အငှားယာဉ်မောင်းသမား မဟုတ်တော့တာမို့ ဘယ်လိုဆိုတာ မသိတော့ဘူး။ ဟဲ- ဟဲ-)

ကျွန်တော်တို့ အရွယ်ရောက်လာတဲ့ ၁၉၇၀ နောက်ပိုင်းကာလတွေမှာ ကြောက်ရတဲ့ အကြောင်းတွေတော့ စာမဖွဲ့တော့ပါဘူး။ အဲဒီခေတ်ကို ဖြတ်သန်းဖူးသူတွေအားလုံး သိပါတယ်။ ယုတ်စွအဆုံးဗျာ၊ ဆေးရုံတွေ၊ ကျောင်းတွေက တံခါးပေါက်စောင့်တွေကတောင် သဟောက်သဟ လုပ်ချင်လုပ်တတ်တာမို့ ကြောက်ရချက်က ကမ်းကုန်ပါပဲ။

ကံကောင်းချင်တော့ ကျွန်တော်က ပြည်သူ့ဝန်ထမ်း မလုပ်ဖူးလိုက်ဘူး။ အဲဒါ အင်မတန် ကံကောင်းတယ်လို့ ခုအရွယ်ကျ သဘောပေါက်လာပါတယ်။ လုပ်ငန်းခွင်အကြောက်တောထဲမှာ မောစရာမှ မလိုတာကိုးခင်ဗျာ။ ပြည်သူ့ဝန်ထမ်း၊ ဒါမှမဟုတ် အရပ်ဘက် ဝန်ထမ်းတွေရဲ့ ဘဝတွေကို ကျွန်တော် မြင်နေရတယ်။ လုပ်သက်ခွင့်လေးမှ ကိုယ့်အခွင့်အရေးအဖြစ် ပိုင်ပိုင်နိုင်နိုင် မယူရဲရှာကြတဲ့ ဘဝ၊ အထက်လူကြီး ပြုံပြင်မှာကို တုန်နေအောင် ကြောက်ရတဲ့ ဘဝတွေက ကျွန်တော်တို့ မျက်စိအောက်မှာ။

"လူတော်လူကောင်း"အစား "လူကောင်းလူတော်"မွေးရမယ်ဆိုတဲ့ အယူအဆဆိုးကြီး အမြစ်တွယ်ခဲ့တာကိုး။ တော်တဲ့သူ၊ တတ်တဲ့သူထက်၊ ကောင်းတဲ့သူ၊ တစ်နည်းပြောရင် ဖောင်းတော်ညိတ် စိတ်တော်သိသူကိုသာ ဦးစားပေးရမယ်ဆိုတဲ့ အယူအဆ အစွဲအလမ်းနဲ့ ဌာနတိုင်း၊ နေရာတိုင်းမှာ နာခံသူတွေကိုပဲ တတ်တတ်၊ မတတ်တတ်၊ တော်တော်၊ မတော်တော်နေရာတွေ ပေးတဲ့ အစဉ်အလာကြီးက ကျွန်တော်တို့ရဲ့ အရပ်ဘက် ဌာနတွေမှာ လှိုက်စားတာ ၁၉၇၀ ပြည့်လွန်မှာ စတင်ပါတယ်။

အဲလိုနဲ့ တိုင်းပြည်ဟာ ဗုန်းဗုန်းလဲသွားခဲ့ရတယ်။ ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံစာရင်းထဲကို ဝင်သွားခဲ့ရတယ်။ စနစ်ကြီးတစ်ခု ချုပ်ငြိမ်းသွားခဲ့တယ်။

သို့သော် အဲဒီ စနစ်ကြီးသာ ချုပ်ငြိမ်းသွားတယ်၊ အကြောက်တရားကို လက်သုံးထားပြီး အုပ်ချုပ်စီမံတာ၊ လူကောင်း လူတော် ဝါဒကြီး ဆက်လက်လှိုက်စားနေတာတွေကတော့ လျော့မသွားတဲ့အပြင် ပိုတောင်တိုးပွားလာတာလည်း အများသိပါရဲ့။

၂၀၁၀ ပြည့်နှစ်မှာ ကျွန်တော်တို့တွေ ပြုပြင်ပြောင်းလဲရေးအတွက် လမ်းစစဖော်တယ်။ သမ္မတကြီးရဲ့ နှုတ်ကနေ ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသော အစိုးရဖြစ်ဖို့ ရည်သန်ကြောင်း ပြောသံဆိုသံတွေ ကြားလာရပါတယ်။ အင်မတန် ကြိုဆိုအပ်သပေါ့ဗျာ။

သို့သော် ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသော အစိုးရ ဖြစ်ချင်ရင် အဲဒီ အကြောက်တရားကြီးကို ဖယ်ရှားရတော့မှာ ဖြစ်သလို "လူကောင်း လူတော်"နေရာတွေမှာ "လူတော်လူကောင်း"တွေနဲ့ အစားထိုးရတော့မှာပဲ ဖြစ်ပါတယ်။ ဒါမှလည်း ကောင်းမွန်သန့်ရှင်းတဲ့ အုပ်ချုပ်ရေး ဖြစ်လာမှာပါ။ အကြောက်တရားနဲ့ အုပ်ချုပ်နေရင်၊ လူတော်ကို ချောင်ထိုးပြီး ပုတ်သင်ညိုတွေကိုသာ မျက်နှာသာပေးနေရင် ညံ့ဖျင်းညစ်ပတ်တဲ့ အုပ်ချုပ်ရေးဖြစ်နေပါလိမ့်မယ်။

အခုပဲ ကြည့်လေ- "နိုင်ငံတော် သမ္မတ၏ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ"တို့၊ "နိုင်ငံတော် သမ္မတ၏ လမ်းညွှန်ချက်အရ ညောင်ဦးမြို့နယ်အတွင်း ရောက်ရှိနေသော တောဆင်ရိုင်း ခြောက်ကောင်အုပ်"တို့လို မထော်မနန်း မြန်မာစာတွေ ပေါ်ထွန်းလာတာဟာ ကြောက်စိတ်ကြောင့်၊ လူတော်တွေ ရှိရမယ့်နေရာမှာ ဖောင်းတော်ညိတ် စိတ်တော်သိ ရွှေကိုယ်တော်တွေ ရောက်နေကြတာကြောင့်သာ ဖြစ်တာဟာ အင်မတန်မှ ထင်ရှားလှပါတယ်။

တိုင်းပြည်ကို တကယ်ဖွံ့ဖြိုးတိုးတက်စေချင်ရင်တော့ မေတ္တာကို အခြေခံတဲ့ အုပ်ချုပ်ရေး၊ လူတော်တွေကို ထိုက်တန်တဲ့ နေရာမှာ ထားတတ်တဲ့ အုပ်ချုပ်ရေးကို အမြန်ဆုံး ပြုပြင်ယူမှသာ ဖြစ်နိုင်မယ့်အကြောင်း ပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

> ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသော အစိုးရဖြစ်ချင်ရင် အဲဒီအကြောက်တရားကြီးကို ဖယ်ရှားရတော့မှာဖြစ်သလို "လူကောင်း လူတော်"နေရာတွေမှာ "လူတော်လူကောင်း"တွေနဲ့ အစားထိုးရတော့မှာပဲ ဖြစ်ပါတယ်။ ဒါမှလည်း ကောင်းမွန်သန့်ရှင်းတဲ့ အုပ်ချုပ်ရေးဖြစ်လာမှာပါ။ အကြောက်တရားနဲ့ အုပ်ချုပ်နေရင်၊ လူတော်ကို ချောင်ထိုးပြီး ပုတ်သင်ညိုတွေကိုသာ မျက်နှာသာပေးနေရင် ညံ့ဖျင်းညစ်ပတ်တဲ့ အုပ်ချုပ်ရေးဖြစ်နေပါလိမ့်မယ်။

# မြစိမ်းရောင်ကျေးရွာများ ကွင်းဆင်းညှိနှိုင်းဆွေးနွေး

**ကျိုင်းတုံ စက်တင်ဘာ ၁၈**

ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ မိုင်ခတ်မြို့နယ် တောင်သုံးလုံး၊ ပန်နော်လောင်းနှင့် မိုင်းယန်းမြို့နယ် ယန်းခိုင်မြစိမ်းရောင်ကျေးရွာများသို့ စက်တင်ဘာလ ဒုတိယပတ်က ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းသည် ပြည်နယ်ရုံးခွဲဦးစီးမှူး ဦးမျိုးအောင်၊ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန့်တို့နှင့်အတူ မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီများနှင့်တွေ့ဆုံပြီး မိမိတို့ ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်း ညှိနှိုင်းဆွေးနွေးကာ ကျေးရွာကော်မတီနှင့်ကျေးရွာသူ ကျေးရွာသားများမှ တင်ပြသော လိုအပ်ချက်များဖြစ် သည့် စိမ့်စိမ်းရေသွယ်ယူခြင်း လုပ်ငန်းအတွက် နှစ်လက်မရေပိုက် အလုံး ၃၂၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပဲခူးမြို့ အမှတ်(၂)မူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်

**ပဲခူး စက်တင်ဘာ ၁၈**

ပဲခူးမြို့ ဥဿာမြို့သစ် (၇)ရပ်ကွက် နတ်သျှင်နောင်လမ်းရှိ အမှတ် (၂) မူလတန်းကြိုကျောင်း၌ လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

ပဲခူးမြို့အမှတ်(၂) မူလတန်းကြိုကျောင်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၉၇၄ သိန်းဖြင့် အလျား ၇၅ ပေ၊ အနံပေ ၃၀၊ အမြင့် ၃၄ ပေ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အောက်ထပ်တွင် စာသင်ခန်းလေးခန်း၊ မီးဖိုချောင်၊ အပေါ်ထပ်တွင် ခန်းမကြီးတစ်ခု၊ ကျောင်းအုပ်ရုံးခန်း တစ်ခန်း၊ Multimedia Room တစ်ခန်း၊ ၄ လက်မ စက်ရေတွင်း တစ်တွင်းပါရှိသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်း၊ တိုင်းဒေသ ကြီးကယ် ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းငွေအောင်၊ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးမောင်ဝင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

**ရွှေဘုန်းအောင်(ပဲခူး)**

# ယင်းမာပင်ရှိ ရွာ ၁၀ ရွာအား မြစိမ်းရောင်ရန်ပုံငွေပေးအပ်

**ယင်းမာပင် စက်တင်ဘာ ၁၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်ကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာအား ဆင်းရဲမှုလျှော့ချရေးအတွက် မြစိမ်းရောင် ရန်ပုံငွေကျပ်သိန်း ၃၀၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအောင်က ကျေးရွာ ၁၀ ရွာအတွက် အရင်းမပျောက်မတည်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၃၀၀၀ ဖြင့် လုပ်ဆောင်ရမည့် နည်းလမ်းများကိုလည်းကောင်း အသီးသီးကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အရ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများထံသို့ တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီဖြင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်သိန်းနှင့် ဦးအောင်ဗိုလ်မြင့်တို့က မင်းဇူး၊ လက်ပံ၊ အင်းသာ၊ နှံ့သာကုန်းကျေးရွာများကိုလည်းကောင်း၊ ထို့အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိ သူများကလည်း ပြောင်းပြာ၊ အောင်ချမ်းသာ၊ အေးကုန်း၊ ကျောက်ပြုတ်၊ ပြန်လှည့်၊ ချင်းပုန်း စသည့်ကျေးရွာများကိုလည်းကောင်း အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ယင်းမာပင်မြို့နယ်တွင် "ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ပထမအကြိမ်အဖြစ် တင်ဆိုကျေးရွာတစ်ရွာသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျေးရွာပေါင်း ၁၀ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့လို့ စုစုပေါင်းကျေးရွာ ၁၁ ရွာက ကျေးလက်နေ လူဦးရေစုစုပေါင်း ခန့်မှန်း ၁၅၀၀၀ ဦးအတွက် အရင်းမပျောက်မတည် ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီ မတည်ပေးထားပါတယ်။

"မိမိတို့ မြို့နယ် ကျေးလက် ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်စီမံပေးမှုအပြင် သက်ဆိုင်ရာ မြစိမ်းရောင်ကျေးရွာကော်မတီများ၏ ကြီးကြပ်စီမံမှု အပါအဝင် စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး ဝင်ငွေ တိုးပွားရရှိစေပြီး ဆင်းရဲမှုလျှော့ချစေနိုင်လို့ ထပ်တူပီတိဖြစ်ပါတယ်"ဟု မြို့နယ် ကျေးလက်ဦးစီးမှူးက ပြောသည်။

"အခုလို ကျွန်တော်တို့ ပြောင်းပြာရွာလေးကို နိုင်ငံတော်နဲ့ မြို့နယ်ကျေးလက်မှ တာဝန်ရှိသူတွေက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးနက်ထားကာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီကို လွှဲပြောင်းပေးအပ်ပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။

"ကျန်တဲ့ကျေးရွာကိုးရွာကိုလည်း တစ်ပြိုင်နက်တည်း လွှဲပြောင်းပေးအပ်ပေးလို့လည်း ကျွန်တော်တို့ရွာနဲ့အတူ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေ၊ အရောင်းအဝယ်လုပ်ငန်းတွေ စသည်ဖြင့် အရှိန်အဟုန်မြင့် လုပ်ကိုင်နိုင်ပြီး ဝင်ငွေတိုးပွားရရှိမှာဖြစ်လို့ ထပ်တူအနိုင်းမဲ့ပျော်ရွှင်ပါတယ်"ဟု ပြောင်းပြာကျေးရွာမှ ဒေသခံတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ သက်ဆိုင်ရာ ကျေးရွာများမှ မြစိမ်းရောင် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ကျွန်းစုမြို့နယ် မရမ်းချောင်း – တောင်တွင်းကြီး ကျေးရွာချင်းဆက်တံတား ရေတိုက်စား၍ပြိုကျ



**ကျွန်းစု စက်တင်ဘာ ၁၈**

ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု မရမ်းချောင်း-တောင်တွင်းကြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တောင်တွင်းကြီး ရွာအဝင် သစ်သားတံတားသည် စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ကျရေတိုက်စားမှုကြောင့် တံတားကမ်းကပ်ခုံပျက်စီးပြီး တံတားမှာ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ တံတားသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၄-၁၅ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် တည်ဆောက်ခဲ့သော ကျေးရွာချင်းဆက်သစ်သားတံတားဖြစ်ပြီး ကျေးရွာပြည်သူများ နေ့စဉ်အသုံးပြုလျက်ရှိရာ တံတားပြိုကျပျက်စီးသွားသဖြင့် ကျေးရွာ ပြည်သူများမှ မရမ်းချောင်း-ကပ-တောင်တွင်းကြီးလမ်းမှ သွားလာလျက်ရှိသည်။ **ကျွန်းစု (ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**ဆိပ်ဖြူ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီးဆိပ်ဖြူမြို့နယ် အနောက်ကံတွင်းကျေးရွာတွင် စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်ဦးဆောင်ကာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာမှ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆိုပါကျေးရွာတွင် အိမ်ထောင်စု ၁၁၃ အိမ်၊ လူဦးရေ ၅၇၄ ဦး၊ ငါးနှစ်အောက်ကလေး ၂၀၄ ဦးရှိပြီး မိုးကာလတွင်ဖြစ်ပွားတတ်သော ရောဂါများကြိုတင်ကာကွယ်ရေးအတွက်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယခင်က သွေးလွန်တုပ်ကွေးရောဂါကို ကလေးသူငယ်များသာ ဖြစ်ပွားခဲ့ပြီး လတ်တလောကာလများတွင် လူကြီးများပါ ဖြစ်ပွားလာနေသည်ကို တွေ့ရှိနေရကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သိရသည်။ **လင်းနိုင် (ပြန်/ဆက်)**

# ရေမရသဖြင့် လျာထားချက်မပြည့်မီ

**နွားထိုးကြီး စက်တင်ဘာ ၁၈**

နွားထိုးကြီးမြို့နယ်တွင် မိုးစပါးဧက ၁၇၉၈၀ လျာထားသော်လည်းဆည်ရေ ကန်ရေမရသည့်ပြင် မိုးခေါင်နေ၍ မိုးစပါးကို အခြောက်စိုက်ပျိုးနေရာ ဩဂုတ်လကုန်သည်အထိ မိုးစပါး ၁၂၀၈၄ ဧက စိုက်နိုင်ကြောင်း သိရသည်။

စိုက်ထားသောစပါးဧက ၁၂၀၀၀ ကျော်မှာ မိုးရွာသွန်းမှုမရှိ၍ မိုးမျှော်နေကြရပြီး မိုးမရွာလျှင် အခြောက်စိုက် စပါးခင်းများပျက်စီးဖွယ် ရှိနေသည်။မိုးစပါးကို ပြင်စည်၊ ကန်နား၊ ဝက်လူး၊ လက်ဝဲမြင်းနီ၊ ရသစ်၊ ထိမ္ဘလားစသည့်ကျေးရွာများက အများဆုံးစိုက်နေကြသည်။

အခြောက်စိုက်ခြင်း၊ ပျိုးထောင်ခြင်းပြုလုပ်သော်လည်းမိုးမရွာ၍ အခက်တွေ့နေရကြောင်း ပြင်စည်မှဒေသခံတစ်ဦးကပြောသည်။ **ဌေးမြင့်မောင်**











အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မောင်းမကန်
အိမ်၊ခြံ၊မြေ
Ph : 43025530, 5092815

ရောင်းမည်
ဒဂုံအရှေ့ပိုင်း ချမ်းသာရွှေပြည်အိမ်ရာ ပေ(၇၅ × ၇၅)၊ မြေကွက်ကျယ်၊ ဝင်ပေါက် အနီး ညှိနှိုင်းဈေး။
ဖုန်း-၀၉-၇၉၅၅၆၀၉၆၆၊
၀၉-၉၇၀၁၁၂၆၉၉

ကား မျိုးစုံ
(Alphard/Crown/MarkII/အန်တတုံ/Hiace၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph : 09795549249, 095418126



အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

သက်ခိုင် အငိုက်မိ၍ ငိုင်နေခိုက် လေးဦးသော သတ္တဝါတို့သည် မိကောင်းဖခင်သားသမီးများ ပီသစွာ မလေးနွယ်ကို နှုတ်ဆက်ပြီး ပြန်သွားကြ၏။

သူတို့ ပျောက်သွားမှာ မလေးနွယ်သည် ခါးကလေးထောက်၊ ခေါင်းကလေးငဲ့ကာ သက်ခိုင်ကို စူးစမ်းဟန်လုပ်၍ ကြည့်၏။

"မမနွယ်. . . မောင့်ကို ဘာကြည့်နေတာလဲ"

"ဩော်. . မောင့်သူငယ်ချင်းတွေက စိတ်ဝင်စားဖို့ကောင်းတယ်၊ ဒါပေမဲ့ အားလုံးထဲမှာ မောင်က စိတ်ဝင်စားဖို့ အကောင်းဆုံးပဲ"

"မောင်က ဘာများ စိတ်ဝင်စားဖွယ်ကောင်းလို့လဲ"

"ကောင်းသမှ သိပ်ကောင်း၊ မမနွယ် ထင်တယ်၊ မောင် တစ်ခုခုကို ညာနေတယ်၊ ဘာကို ညာနေမှန်းတော့ မမနွယ် မသိဘူး၊ ညာနေတာတော့ အမှန်ပဲ"

သက်ခိုင်သည် တုန်လှုပ်သွား၏။

"မမနွယ်. . . မောင့်ကို ဘာတွေ စွပ်စွဲနေတာလဲ"

မလေးနွယ်သည် သက်ခိုင်၏ အမေးကို မဖြေဘဲ တယောကို သွားယူသည်။

"ရော့. . မမနွယ်ကို မိုးနတ်ဒေဝီ ဆိုတီးပြ၊ မောင်က အဲဒီ သီချင်းကို တီးကြဖို့ ငြင်းတုန်းက မောင့်မျက်လုံးတွေကို မမနွယ် သေသေချာချာ ကြည့်နေတယ်"

"ဒီတော့. ."

"ဒီတော့. . မောင် တစ်ခုခုကို ညာနေတာ မမနွယ် သိတာပေါ့မောင်၊ မမနွယ်က မောင့်ထက်ကြီးတဲ့ အစ်မ၊ မမနွယ်ကို မောင် ဘယ်တော့မှ ညာလို့မရဘူး၊ သိလား၊ လာ. . . ခြံထဲ သွားကြရအောင်"

မလေးနွယ်က ရှေ့မှ ထွက်သွားသောကြောင့် သက်ခိုင်သည် လိုက်ခဲ့ရ၏။

မလေးနွယ်က ဒန်းပေါ်၌ ထိုင်သည်။ သက်ခိုင်က ခုံရှည်ပေါ်၌ ထိုင်၏။

နေဝင်စဖြစ်၍ နေရောင်မှ မကုန်သေး။

ပြာသော ကောင်းကင်၌ ကြယ်များကို မြင်ရ၏။ ဆန်းစလကွေးကွေး သည်ပင် မိုးပြာ၌ ဖြူဖြူဖွေးဖွေး ထင်နေ၏။

မလေးနွယ်သည် ဒန်းကို မလွှဲဘဲ ငြိမ့်ငြိမ့်လှုပ်ရုံ လှုပ်ပြီး တိုက်တွန်း၏။

"စလေ. . မောင်၊ မိုးနတ်ဒေဝီ"

သက်ခိုင်သည် မငြင်းတော့ဘဲ တယောတီးရင်း မိုးနတ်ဒေဝီဘောလယ်ကို ဆို၏။

မိုးနတ်ဒေဝီဘောလယ်ကို ကျိုက်လတ်မြို့ဆရာကြီး ဦးပြုံးချို ရေးစပ်သည်။ စာထောင့်ဘောလယ် ဖြစ်သောကြောင့်အနည်းငယ် ခက်ရကား ယခုခေတ်၌ အဆိုနည်းသည်။

"မိုးနတ်ဝေဒ-မေဘရဏီ တန္ဆန်းကဲ့သို့၊ ငွေပန်းချီရှုံးလောက်ကဲ့၊ ပြုံးလျက်မူရာ၊ ခုံးမျက်စ-သုံးရက်လ တူမကွာ၊ အဆုံးတသက်ပ မမုန်းရက်စရာ့ ရူပကာ၊ အုံးစက်ပ အတူမကွာ-မြဲရအောင်လေး၊ စွဲမောင့်စိတ်မှာ. ."

သက်ခိုင်သည် ဤသို့ ဘောလယ်ကို စတင်သီဆိုသည်။ မူလက စိတ်မပါလှသော်လည်း တီးရင်း ဆိုရင်းတွင် နှလုံးသားက သစ္စာဖောက်လာ၏။

ဒုတိယအပိုဒ်မှ-

"ဘဝါဘဝေ အထက်ကယ်က၊ နှစ်ဖြာရေစက် ပြုသမျှမကွာ၊ အာသဝေ-မပျက်ခင်မို့၊ ပါလေချက် သမုဒယ တဏှာ၊ ယခုဘဝမှာ မနီးရရင်လေး၊ ကြီးမောင့်ဒုက္ခာ" ဟူသော စာသားနေရာကစ၍ သူ့အသံသည် လှိုက်လှဲလာ၏။

ဤဘောလယ်၌ အပိုဒ်ငါးပိုဒ် ပါသည်။ နောက်ဆုံးအပိုဒ်ကိုမူ သက်ခိုင်သည် မျက်တောင်ကော့နှင့် ဝါဝင်းသန့်စင်လှသော မမနွယ်၏ မျက်နှာလေးကို ငေးကြည့်ရင်း ဆိုမိသည်။

"ပိတုန်းကေသျှောင်၊ ရွှေမျက်တောင်ကော့ရယ်နှင့်၊ ဖေမက်အောင်ကြော့တတ်ပါပေ့၊ တော်တော့်ထိုက်ဝင်၊ ရှုရသူ သဘောမကြည်ရှင်ဖို့၊ ဟောသည် ခင်သွေး၊ ရောဟဏီသွင်မဝေးပြီဟု၊ အေးတဲ့ မျက်နှာ၊ သွေမရှို့ ဘွေဝှန့်ကမ္ဘလာ၊ ဂဟေကွန့်ရလျှင်ဖြင့် သေဝံ့ပါရဲ့နှစ်ခါ၊ မေအညွန့် အသားဝါသတိုးကိုလေး၊ တိုးကြံလျက်ပါ. ."

တယောသံနှင့် သီချင်းသံသည် နေဝင်စ ညနေရီ၌ သိမ့်သိမ့်ပဲ့တင်ထပ်ကျန်ရစ်၏။

မလေးနွယ်နှင့်သက်ခိုင်သည် တစ်ဦး၏ မျက်လုံးများကို တစ်ဦးက စိုက်ကြည့်ရင်း ငြိမ်နေကြသည်။

မလေးနွယ်က အရင်မျက်လွှာချပြီး သိမ်မွေ့ညင်သာစွာ ပြော၏။

"မောင့်သီချင်းက သိပ်ကောင်းတာပါပဲ၊ တစ်ခုခုပဲ ရှိတယ်၊ မြေပြင်မှာ မိုးနတ်ဒေဝီ မရှိနိုင်ဘူး မောင်၊ စာရေးဆရာက ဖွဲ့တာ လွန်လွန်းသွားတယ် ထင်တယ်"

"မြေပြင်မှာ မိုးနတ်ဒေဝီ ရှိနိုင်ပါတယ် မမနွယ်"

"အို. . . ရှိနိုင်တယ်. . . မောင်က တွေ့ဖူးလို့လား"

"တွေ့ဖူးတယ်လို့ မောင် ပြောရင် မမနွယ် အံ့သြမလား"

"ဘုရားရေ. . . မောင်က တွေ့ဖူးနေပြီ၊ မောင့်မိုးနတ်ဒေဝီက သိပ်ချောနေသလား၊ ဟုတ်လား"

သက်ခိုင်က ဝမ်းနည်းပမ်းနည်း ခေါင်းခါ၏။

"သိပ်ချောနေသလား၊ ဒီစကားကို မောင် မဖြေတတ်ဘူး၊ ချောတယ် လှတယ် ဆိုတာက ပုဂ္ဂလိက စိတ္တဇ အမြင်တွေပါ၊ မောင်ဆိုလိုတဲ့ မိုးနတ်ဒေဝီက တစ်မျိုးပါ"

မလေးနွယ်က ဆိတ်ငြိမ်စွာ နားထောင်နေ၏။

သက်ခိုင်ကသာ သက်ပြင်းချပြီး ဆက်ပြော၏။

"မိုးနတ်ဒေဝီ ဆိုတာက မိုးနဲ့ဆိုင်တယ်၊ လူဆိုတာက မြေနဲ့ဆိုင်တယ်၊ မိုးနဲ့မြေက ကွာလှမ်းကြတယ်၊ ကွာလှမ်းကြတယ်ဆိုလို့ မိုးက မြင့်တယ်၊မြေကနိမ့်တယ်လို့ ပညတ်သဘောနဲ့ မောင် မပြောလိုဘူး၊ နိမ့်ခြင်း မြင့်ခြင်း ဆိုတာဟာလည်း ခုနင်က မောင်ပြောခဲ့သလိုပဲ၊ ပုဂ္ဂလိက စိတ္တဇ အမြင်တွေပါပဲ၊ ဒါပေမဲ့ ကွာလှမ်းခြင်းဆိုတာကတော့ သစ္စာတရားပါ၊ တစ်နည်းအားဖြင့် ကွာလှမ်းခြင်း ဆိုတာဟာ မဖြစ်နိုင်ခြင်းရဲ့ သရုပ်ပြတရားတစ်ခုပါ၊ မောင်တွေ့ဖူးတဲ့ မိုးနတ်ဒေဝီ ဆိုတာကို အဲဒီသဘောတရားနဲ့ ကြည့်မှသာ မြင်နိုင်တယ်"

မလေးနွယ်သည် သက်ခိုင်၏စကားကို စဉ်းစားကြည့်နေသယောင်ငြိမ်နေ၏။ ခဏကြာသောအခါ သာယာစွာ ရယ်မောသည်။

"မောင့်စကားက အဘိဓမ္မာလည်း ဆန်တယ်၊ ကဗျာလည်း ဆန်တယ်၊ နားထောင်လို့လည်း သိပ်ကောင်းတာပဲ၊ ဩော်. . မောင်ရေ. . . ကဗျာစပ်ပါလား၊ နေဦး၊ ခုနက ကိုရှိန်ကလည်း ပြောသွားတယ်၊ မောင် ကဗျာစပ် မလို့ဆို"

"စပ်မလို့ မဟုတ်ပါဘူး၊ တစ်ပိုင်းတစ်စတောင် စပြီးနေပြီ"

"ဟုတ်လား၊ နာမည်က ဘာတဲ့လဲ"

"ကမ္ဘာကုန်ကျယ်သရွေ့ဝယ်. . . တဲ့ မမနွယ်"

"အဲဒီ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်မှာ မောင်ပြောတဲ့ မိုးနတ်ဒေဝီလေးပါသလား"

"မပါသေးပါဘူး မမနွယ်၊ မိုးနတ်ဒေဝီအတွက်လည်း မောင် ကဗျာတစ်ပုဒ် စပ်ဖြစ်မလား မသိဘူး"

"စပ်ဖြစ်ရင် အဲဒီကဗျာကို မမနွယ်ကို ပြမလား"

"ပြပါ့မယ် မမနွယ်. . မမနွယ်ကို အရင်ဦးဆုံး မောင်ပြပါ့မယ်"

မလေးနွယ်သည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ဒန်းပေါ်မှ ဆင်း၏။

"ကဲ လာမောင်၊ ထမင်းစားချိန်နီးပြီ၊ အိမ်ထဲဝင်ကြစို့"

ထိုညက သက်ခိုင်သည် ကားနှင့် လိုက်မပို့ခိုင်းစေဘဲ ကျောင်းဆောင်သို့ တမင် လမ်းလျှောက်ပြန်လာခဲ့၏။

လမ်းလျှောက်ပြန်လာခဲ့စဉ် မိုးနတ်ဒေဝီဘောလယ်ကို တီးရင် စပြောသည့် မောင်ရှိန်အား ကျိန်ဆဲမိသည်။ ထို့နောက် သူ့ကိုယ်သူလည်း ကျိန်ဆဲမိ၏။ အမှန်မှာ ကံကြမ္မာကိုသာ ကျိန်ဆဲသင့်မည်လော မပြောတတ်။

ကံကြမ္မာကို ကျိန်ဆဲ၍လည်း ကံကြမ္မာသည် မှုမည်မဟုတ်။ အကြောင်းမှာ ကံကြမ္မာဟူသည် ကျိန်ဆဲခြင်း၏ အကျိုးသက်ရောက်ရာ မဟုတ်။ ကျိန်ဒဏ်ကဲ့သို့သာ အကျိုးတရားတို့ကို ပေါ်ပေါက်အောင် ပြုလုပ်သည့် အကြောင်းတရားသာလျှင် ဖြစ်လေသတည်း။

**အခန်း(၂၄)**

**ဆောင်းအိပ်မက် သံသရာနယ်**

ဆောင်းသည် တက္ကသိုလ်နယ်မြေသို့ သိမ်မွေ့လှပစွာ ဝင်လာခဲ့သည်။

မိုးအခါစဉ်ကမူ ပင်တိုင်းသည် ရိုင်းသော မုတ်သုံလေ ဝှေ့သမျှ ယိမ်းယိမ်းယိုင်ယိုင် ကတိမ်းကပါးနှင့် ရှိခဲ့ရသည်။ ရွှဲရွှဲစိုစေသော မိုးရေ၏ အလေးဒဏ်ကို ညွတ်ညွတ်ငိုင်ငိုင်နှင့် အားစိုက်တင်းခံခဲ့ကြရ၏။ ယခုမူ မြောက်ပြန်လေက တေးဆို၍ ညင်ညင်သာသာ ရောက်လာ၏။ နှင်းငွေလွှာက ဇာပဝါအလား ပေ့ါပေ့ါပါးပါး သိုင်းခြုံ ဝိုင်းအုံလိုက်ပါလာ၏။ ပင်တိုင်း ချမ်းပြ၍ တင့်တယ်သည်။ မြက်ခင်းတိုင်း စိမ်းလန်း၍ သန့်စင်သည်။

ဆောင်းရက်များအတွင်း သက်ခိုင်နှင့် အေးဝင်းသည် နံနက်စောစောထ၍ ကုတ်အင်္ကျီကိုယ်စီ ဝတ်ပြီး လမ်းလျှောက်တတ်ကြသည်။ သူတို့သည် ကျောင်းဆောင်၏ အရှေ့ဘက်ဝင်းတံခါးမှ ထွက်ကြသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**မေမြို့ T H S (ပဉ္စမ)အကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် အကြိုညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း**

မေမြို့ T H S တွင် ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် (ပဉ္စမ)အကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အကြိုညှိနှိုင်းစည်းဝေးကြရန် (ပဉ္စမ)အကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်အားလုံးနှင့် စိတ်ပါဝင်စားသူ ကျောင်းသားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၆-၉-၂၀၁၅ (စနေနေ့) |
| ကျင်းပမည့်အချိန် | - | ညနေ (၄း၀၀) နာရီ |
| ကျင်းပမည့်နေရာ | - | မိုးယံကဖီး<br>ဇေယျာလမ်း၊ ပိုးတန်းရပ်၊ စစ်ကိုင်းမြို့။ |

ဆက်သွယ်ရန်

| | | | |
|---|---|---|---|
| ဦးမြင့်ဆွေ | ဖုန်း ၀၉-၄၇၀၆၃၀၇၄ | ဦးအောင်မျိုး | ဖုန်း ၀၉-၅၀၃၄၀၀၃ |
| ဦးတင်အောင် | ဖုန်း ၀၉-၅၀၆၈၀၆၈ | ဦးအောင်စိုးမြင့် | ဖုန်း ၀၉-၂၀၂၂၂၆၁ |
| ဦးမြင့်လွင် | ဖုန်း ၀၉-၂၅၉၈၀၇၈၉၆ | ဦးပေါစန်း | ဖုန်း ၀၉-၄၇၀၅၉၂၃၉ |
| ဦးတန်ဂိုခန့်မန် | ဖုန်း ၀၉-၂၄၅၀၂၃၄ | ဦးတင်ဝင်း | ဖုန်း ၀၉-၈၆၂၈၄၉၆ |
| ဦးယုနိုင် | ဖုန်း ၀၉-၄၄၈၅၄၀၈၇၀ | ဦးသန်းနိုင် | ဖုန်း ၀၉-၄၂၀၂၇၃၅၃ |
| ဦးအေးမင်း | ဖုန်း ၀၉-၂၀၀၇၈၂၅ | ဦးဇော်ဝင်းထွန်း | ဖုန်း ၀၉-၅၅၀၂၉၇၅ |






PUN HLAING SILOAM HOSPITALS

ပန်းလှိုင်စီလုံဆေးရုံကျန်းမာရေးစစ်ဆေးခြင်းစင်တာ၏အထူးအစီအစဉ်များ

'ကျန်းမာပျော်ရွှင်တဲ့မိသားစုဘဝကိုပိုင်ဆိုင်ဖို့ ပုံမှန်ကျန်းမာရေးစစ်ဆေးကြပါစို့'

- အခြေခံကျန်းမာရေးစစ်ဆေးပေးခြင်း
- အသက်အရွယ်အပိုင်းအခြားအလိုက်အမျိုးသား/အမျိုးသမီးများကျန်းမာရေးစစ်ဆေးပေးခြင်း
- လက်ထပ်တော့မည့်ဇနီးမောင်နှံများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- အမျိုးသမီးများရင်သားနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အမျိုးသမီးများသားအိမ်ခေါင်းနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အမျိုးသမီးများအတွက် ကင်ဆာရောဂါနှင့်ပတ်သက်၍ အထူးစစ်ဆေးပေးခြင်း
- နိုင်ငံခြားသွားမည့်သူများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- ကုမ္ပဏီများအတွက် အလုပ်ခွင်မဝင်မီ နှင့် ဝန်ထမ်းများအားနှစ်စဉ် ကျန်းမာရေးစစ်ဆေးပေးခြင်း





LIKE US ON facebook Pun Hlaing Siloam Hospitals

Care with Compassion

CALL US - 01 68 44 33 ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများအတွက် Appointment ယူရန်လိုအပ်ပါသည်။ Email : bdd.phsh@spa-mm.com




# မကွေးမြို့၌ပျောက်ဆုံးယူနစ်ကျဆင်းရေးနှင့် ဓာတ်လိုက်အန္တရာယ်ကင်းရှင်းရေးအတွက် ကြွေသီးဟောင်းလဲလှယ်

**မကွေး စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ကို တိုင်းမြို့တော် အင်္ဂါရပ်နှင့်အညီ သက်ဆိုင်ရာမှ ပါရာဒိုင်း အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲနေပြီဖြစ်ပြီး မြို့နယ်လျှပ်စစ်ဌာနအနေဖြင့်လည်း မိုးတွင်းကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးအတွက် စက်တင်ဘာလပိုင်းမှစ၍ စီမံချက်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၃၃ ကေဗွီ - ၁၁ ကေဗွီ - ဝ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကြွေသီးအကွဲများ အသစ်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုင်းဖောက်ဖြစ်ပွားမှု အကြိမ်ရေနည်းခြင်းနှင့် ပျောက်ဆုံးယူနစ်ကျဆင်းရေးအတွက်ပါ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းထိုက်မွှေးက ပြောသည်။

မကွေးမြို့ပေါ် ၁၅ ရပ်ကွက်တွင် ကွန်ကရစ်ကျောက်တိုင် ၂၀၀၀ ဝန်းကျင်နှင့် သံတိုင်မီးပြုလုပ်သည့် ဓာတ်တိုင် ၇၀၀ ဝန်းကျင်ခန့်ရှိပြီး အိမ်သုံးမီတာ ၃၀၀၀၀ ဝန်းကျင်ခန့် တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း၊ အိမ်သုံးမီတာလိုအပ်၍ လျှောက်ထားသူများကိုလည်း မီတာတစ်လုံးလျှင် ကျပ်၈၉၀၀၀ ဖြင့် လျှပ်စစ်ဌာနသို့ တရားဝင်ပေးသွင်းရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ လျှပ်စစ်ဌာနအနေဖြင့်လည်း မီတာလျှောက်ထားသူများကို နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းလည်း မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ်တွင် ဓာတ်လိုက်သေဆုံးမှု လေးမှုဖြစ်ပွားခဲ့သော်လည်း ယခုနှစ်တွင် ဓာတ်လိုက်၍သေဆုံးမှုမှာ တစ်မှုသာ ဖြစ်ပွားခဲ့ကြောင်း မြို့နယ်လျှပ်စစ်ဝန်ထမ်းတစ်ဦးက ပြောသည်။ **ကျော်ဇေယျ**

# ပုသိမ်ခရိုင်အတွင်း ကျေးရွာမြေငှားဂရန်များပေးအပ်

**သာပေါင်း စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာအုပ်စု တောင်ကလေးကျေးရွာ၏ ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို တောင်ကလေးကျေးရွာ ဖူးပွင့်ရတနာ မူကြိုကျောင်း၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွန်းတို့က ကျေးရွာမြေငှားဂရန်ရရှိသူ ပြည်သူများပိုင်ဆိုင်သည့် ကျေးရွာမြေအမျိုးအစားတွင် ပါဝင်သော အိမ်ခြံမြေကွက် ၅၉ ကွက်အားအိမ်ထောင်စု တစ်စုချင်းအလိုက် မြေငှားဂရန်စာချုပ်များပေးအပ်ခဲ့ပြီး တစ်မြို့နယ် တစ်ရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းစီမံချက်အရ ပုသိမ်ခရိုင်အတွင်း သာပေါင်းမြို့နယ်သည် ဒုတိယပြီးစီးသည့် မြို့နယ်ဖြစ်သည်။

**မျိုးဇော်ဦး (ပြန်/ဆက်)**

# ဟားခါးကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်သူများအား ထောက်ပံ့

**ဟားခါး စက်တင်ဘာ ၁၈**

ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအား ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဝတ်အထည်များပေးအပ်ထောက်ပံ့မှုများကို စက်တင်ဘာ ၁၆ ရက်က ယင်းကယ်ဆယ်ရေးစခန်း များ၌ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဦးကျော်သူရနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဟားခါးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှနှင့် အဖွဲ့ဝင်များက ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သက်ကြီးရွယ်အို အဘိုးအဘွားများအား စောင်နှင့် အခြား ထောက်ပံ့ပစ္စည်းများအားလည်းကောင်း၊ ကျောဘုတ်ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်းရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများနှင့် အခြား ထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။ **ဟားခါးခရိုင် (ပြန်/ဆက်)**



# ဝန်းကြီးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရန် ရေလှောင်ကန်တွင်းတူးဖော်

**ခင်ဦး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ဝန်းကြီးကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၉ ဒသမ ၉၅ သိန်းဖြင့် စက်တင်ဘာလပထမပတ်မှ စတင်တူးဖော် ဆောင်ရွက်လျက်ရှိသည်။

ဝန်းကြီးကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရန် ရေလှောင်ကန်တွင်းကို နှစ်လက်မပိုက်ဖြင့် ပေ ၁၀၀၀ တူးဖော်ဆောင်ရွက်မှာဖြစ်သည်။

ရေရရှိလာပါက ကျေးရွာအတွင်း အများပြည်သူလွယ်ကူစွာ သုံးစွဲနိုင်ရန် ဂါလန် ၃၀၀၀ ဆန့် အုတ်ရေကန်နှစ်ကန်ကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။ **ခင်ဦးစိုးဝေ**



# မြန်မာတို့စံထားမင်းကိုးပါးလက်ရာမြောက် ရုပ်တုများကိုလေ့လာသူ များပြား



**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်၏ အရှေ့မြောက်ရပ်တွင် မြန်မာတို့စံထားမင်းကိုးပါး ရုပ်တုကို ခံ့ညားစွာတွေ့မြင်နိုင်ပြီး ယင်းရုပ်တုများအား လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါရုပ်တုများမှာ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ ဘုရင့်နောင်သာလွန်မင်းတရား၊ အလောင်းမင်းတရား၊ ဘိုးတော်ဘုရား၊ မဟာဗန္ဓုလနှင့် ကနောင်မင်းသားကြီးတို့၏ ကြေးသွန်းရုပ်တုများဖြစ်သည်။

ယခုအခါ မန္တလေးမြို့ရှိ အဖိုးတန်သမိုင်းအမွေအနှစ် မြနန်းစံကျော် ရွှေနန်းတော်ကို ဝင်ရောက်လေ့လာသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များသည် ပြည်ထောင်စုကျောက်တိုင်နှင့် မြန်မာသူရဲကောင်းများ ဗိမာန်ကိုသွားရောက်ကာ မြန်မာတို့စံထားမင်းကိုးပါးကို လေ့လာကြသူများ ပိုမိုများပြားလာကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု မြို့တော်ဖြစ်သော မန္တလေးမြို့သည် အနုပညာမြောက် ကြေးသွန်းရုပ်တုများ တစုတဝေးတည်း တည်ရှိရာမြို့ဟု တင်စားကြပြီး ထို့အတူ လက်ရာမြောက် ကြေးသွန်းပညာရှင်များတည်ရှိရာမြို့ဖြစ်ကာ မန္တလေးမြို့တွင် လက်ရာမြောက်ရုပ်တုများစွာလည်း တည်ရှိသည်ကို တွေ့ရသည်။

ထိုရုပ်တုများကို မြန်မာတို့ စံထားရုပ်တုများဟုဆိုနိုင်ပြီး ရုပ်တုများသည် အင်္ဂတေရုပ်တု၊ ကြေးသွန်းရုပ်တုများဖြစ်ကာ မြန်မာနိုင်ငံ၏ စံပြပုဂ္ဂိုလ်၊ လေးစားသောပုဂ္ဂိုလ်များနှင့် နယ်ပယ်စုံမှ ရုပ်တုများလည်း ပါဝင်သည်။

ထိုရုပ်တုများကို လေ့လာခြင်းဖြင့် မြန်မာတို့ ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်နိုင်ခဲ့ပြီး ကိုယ်ပိုင်အနုပညာများဖြင့် အဆင့်တန်းမြင့်စွာ ရပ်တည်နေထိုင်ခဲ့သော ယဉ်ကျေးသည့် တိုင်းပြည်ဖြစ်ကြောင်းကို သက်သေပြနိုင်သည်။

ယခုလက်ရှိကာလတွင်အဆိုပါ မြန်မာတို့စံထား မင်းကိုးပါးရုပ်တုနေရာကို သန့်ရှင်းသပ်ရပ်စွာပြုလုပ်ထားသလို မင်းတုန်းမင်း ဂူဗိမာန်တော်နှင့် အခြားနေရာများကို သန့်ရှင်းသပ်ရပ်မှုရှိအောင် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ထားသည့်အတွက် ပြည်တွင်းပြည်ပနိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ချမ်းသာဖြင့်လာရောက် လေ့လာကြည့်ရှုသူများပြား လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ကနီမြို့အဝင်ရှိ ရေဝါချောင်း ချောင်းကူးတံတားချဉ်းကပ်လမ်း ဖောက်လုပ်မှု ၃၀ ရာခိုင်နှုန်းပြီးစီး



**ကနီ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီ-ချောင်းမ-မုံရွာ ကားလမ်းမပေါ်ရှိ ကနီမြို့အဝင်တွင် ရေဝါချောင်း ချောင်းကူးတံတားတည်ဆောက်မှုတွင် တံတားချဉ်းကပ်လမ်းဖောက်လုပ်မှုမှာ ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းတံတားဆောက်လုပ်မည့် ရေဝါချောင်းမှာ ကနီမြို့နှင့် မိုင်နှစ်ဆယ်ကျော်ဝေးကွာသော မဟူရိုးမတောင်တန်းမှ အဖျားခံကာ အရှိန်အဟုန်ဖြင့် စီးဆင်းသောကြောင့် မိုးရာသီမိုးများရွာသွန်းချိန်တွင် ချောင်းရေများကျဆင်းလာပါက မြို့နယ်အတွင်းမှ ပြည်သူများ ခရီးသွားလာရန် အလွန်ခက်ခဲကြောင်း ယင်းမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ကားများ၊ ဆိုင်ကယ်များစသည့် ယဉ်ကြီး ယာဉ်ငယ်များဖြင့် ချောင်းကိုကူးရန်ခက်ခဲပြီး မြို့ပေါ်သို့ ကျောင်းသွားတက်ရသော ကျောင်းသား၊ ကျောင်းသူလေးများပါ ကျောင်းကို သွားလာရန်လည်း ခက်ခဲကြောင်း သိရသည်။

ယခု ချောင်းကူးတံတားကို ဇူလိုင် ၁၃ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး တံတားချဉ်းကပ်လမ်းများ ဖောက်လုပ်နေပြီဖြစ်၍ တံတားကြီးဆောက်လုပ်ပြီးစီးပါက ကနီမြို့နယ်သာမက ကနီ-ချောင်းမ-မုံရွာ ကားလမ်းတစ်လျှောက်နှင့် ကနီ-မင်းကင်းလမ်းဘေးရှိ ကျေးရွာများပါ သွားလာရန် လွယ်ကူ၍ ကုန်စည် စီးဆင်းမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများလျင်မြန်စွာ တိုးတက်လာမည်ဖြစ်သည်။

ယင်းဒေသများရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်အခက်အခဲများ လွယ်ကူလာစေရန် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။

"ကျွန်မတို့ ဒီရေဝါချောင်းတံတားချဉ်းကပ်လမ်းကို စက်တင်ဘာလဆန်းပိုင်းက စတင်ဖောက်လုပ်ခဲ့ပါတယ်။ အခုချဉ်းကပ်လမ်းကို ချောင်းအရှေ့ဘက်ခြမ်း ရှမ်းမြောင်းဘက်ကမ်းတွင် လမ်းအရှည် ၆၂၇ ပေ ဖောက်လုပ်ရပြီး ၉၀ ရာခိုင်နှုန်းအထိဆောင်ရွက်နိုင်ခဲ့ပြီး ကနီဘက်ခြမ်းမှာ ချဉ်းကပ်လမ်းအရှည် ၃၅၅၈ ပေရှိပြီး ၃၀ ရာခိုင်နှုန်းအထိ ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်ပါတယ်" ဟု မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာအောင်က ပြောပြသည်။

**သန်းဌေးအောင်(ကနီ)**

# ညောင်ဦးတွင် ကျေးရွာနှစ်ရွာအား မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) ရန်ပုံငွေပေးအပ်

**ညောင်ဦး စက်တင်ဘာ ၁၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် ငါးကဏ္ဍ၊ အသားကဏ္ဍ အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် မတည်ငွေအဖြစ် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ထူထောင်ပေး၍ ကျေးလက်နေပြည်သူများ ဆင်ရဲမှု လျှော့ချရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ညောင်ဦးမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများဖြစ်သည့် သဖန်းကုန်းကျေးရွာနှင့် ကြအိုကျွန်းကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) ရန်ပုံငွေကို ယခင်နှစ်က မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာကိုးရွာရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ကျေးရွာခုနစ်ရွာရရှိခဲ့သည့် အနက်မှ ညောင်ဦးမြို့နယ်အတွင်းမှ သဖန်းကုန်းကျေးရွာနှင့် ကြအိုကျွန်းကျေးရွာတို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်**




ရွှေပုပ္ပါး Travel
(၆၃) ကြိမ်မြောက်
အဘထွက်ပွဲ (ဝှက်-ဝှ)
Sep: 28
Oct : 16
0973028597, 09.420201083, 09.260404360, 09.799825456

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

**N-Car Company** မှအောက်ပါ ဝန်ထမ်းများအလိုရှိသည်။
1. Office Staff (Computerကျွမ်းကျင်)
2. Sales and Marketing
3. ကိုရီးယားစကားပြန်
အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ CV Formနှင့်တကွ လာလျှောက်ရန်။
အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီးနေထိုင်သူကို ဦးစားပေးမည်။
ဆက်သွယ်ရန်-**Ph: 09-401604282, 09-422517562**
လိပ်စာ-အမှတ်(၈)၊ **A-1**လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ။

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှုစွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ဖျံ့-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)



## ဝမ်းတွင်းမြို့ကန်အောက်ရွာ၌စွမ်းအားမြင့်မီးဖိုများ ထုတ်လုပ်

**ဝမ်းတွင်း စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် စွမ်းအားမြင့်မီးဖိုများ စတင်သုံးစွဲမှုရှိလာသဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးတွက် ပင်းတလဲကျေးရွာအုပ်စု ကန်အောက်ကျေးရွာတွင် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

၎င်းမီးဖိုများ သုံးစွဲမှုကြောင့် ထင်း၊ မီးသွေးသုံးစွဲရမှုလျော့နည်းခြင်း၊ မီးဖိုမှအပူဒဏ်နှင့် မီးခိုးများမီးသုံးစွဲသူတို့ကို ထိခိုက်မှုနည်းပါးခြင်း၊ မီးအပူချိန်ကောင်းခြင်း၊ မီးဘေးအန္တရာယ် လျော့နည်းခြင်းစသည်တို့ရရှိနိုင်သည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတဖြစ်သော သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်လာစေရန် ကျေးလက်ဒေသအရောက် ကွင်းဆင်းပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ထင်းကုန်ကျမှု သက်သာသော စွမ်းအားမြင့်မီးဖိုများ သုံးစွဲရေး အသိပညာပေးဟောပြောပွဲများ၊ စွမ်းအားမြင့် မီးဖိုများ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများကို လစဉ်ပြုလုပ်လျက်ရှိသည်။

စွမ်းအားမြင့် မီးဖိုများကို ယခင်က သာစည်မြို့နယ် မယ်စလီကန်ကျေးရွာမှ သယ်ယူ၍ ဖြန့်ဖြူးခဲ့ပြီး ယခုအခါ မြို့နယ်အတွင်း ထင်းသုံးစွဲမှု လျော့နည်းစေရေးကို အထောက်အကူပြုရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် အိုးမကွာ၊ အိမ်မကွာ စီးပွားရှာနိုင်ရေးအတွက် ရည်ရွယ်ချက်များဖြင့် ကျေးရွာသူ၊ ကျေးရွာသားများအား စွမ်းအားမြင့်မီးဖို ပြုလုပ်နည်းသင်တန်းကို ပို့ချပေးခဲ့ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် စွမ်းအားမြင့်မီးဖို အလုံးရေ ၁၀၀ ဆံ့သည့် မီးဖုတ်ဖိုကြီးအား အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာန ရုံးချုပ်က ပံ့ပိုးကူညီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စွမ်းအားမြင့်မီးဖို ထုတ်လုပ်ရာတွင် လူတစ်ဦးလျှင် တစ်နေ့မီးဖိုအကြမ်း ၁၀ လုံးခန့်ပြီးကြောင်း ၁၀ ရက်ခန့်ရှိလျှင် မီးဖိုအကြမ်း ၁၀၀ လုံးရပြီး နေလှန်းရကြောင်း အစိုဓာတ်မရှိသည့်အခါ မီးဖိုကြီးအတွင်းထားပြီး အမှိုက်များဖြင့် မီးဖုတ်ရကြောင်း၊ မီးဖိုအလုံး ၁၀၀ လျှင် အစအဆုံး ၁၅ ရက်ခန့်ကြာရှိ၍ တစ်လလျှင်နှစ်ကြိမ် ပြုလုပ်နိုင်ပြီး စွမ်းအားမြင့်မီးဖိုအလုံးရေ ၂၀၀ ပြီးစီးကြောင်း သိရသည်။

စွမ်းအားမြင့် မီးဖိုများကို ယခင်က သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာကဝယ်ယူရ၍ ဝမ်းတွင်းမြို့နယ်အရောက် တစ်လုံးလျှင်ကျပ် ၁၂၀၀ ရှိကြောင်း၊ ယခုအခါ မိမိမြို့နယ်အတွင်းတွင်ထုတ်လုပ်နိုင်သည့်အတွက် တစ်လုံးကို ကျပ် ၁၀၀၀ ဖြင့် ရောင်းချနေရသည်။

ယခင်က အိုးအမျိုးမျိုးရောင်းချမှုပြုရာတွင် မီးဖိုအသေးများကို အသုံးပြု၍ မီးဖုတ်ရသဖြင့် မိုးရာသီတွင် လုပ်ငန်းများ ရပ်ဆိုင်းထားရာမှ ယခုအခါ ဌာနမှ ပြုလုပ်ပေးသည့် မီးဖုတ်ဖိုကြီးဖြင့် လုံခြုံစွာ ပြုလုပ်ရသည့်အတွက် လုပ်ငန်းမရပ်နားရဘဲ တစ်နှစ်ပတ်လုံး လုပ်ကိုင်ရသဖြင့် ဝင်ငွေပုံမှန်ရရှိနေကြောင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယုက ပြောကြားခဲ့သည်။

ထိုကဲ့သို့ စွမ်းအားမြင့် မီးဖိုများကို ဝမ်းတွင်းမြို့နယ်အတွင်းမှာပင် ထုတ်လုပ်နိုင်သဖြင့် ကျေးလက်လူမှုစီးပွားကို အထောက်အကူပြုနေသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုပါ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **ဝင်းနွယ်စံ**

## စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ အိမ်ခြံမြေငှားဂရန်စာချုပ်များဆောင်ရွက်ပေး

**ကျွန်းလှ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျီကုန်းကျေးရွာအုပ်စု ကျီကုန်းကျေးရွာ၌ အိမ်ခြံမြေငှားဂရန်စာချုပ်များ ပြုလုပ်ခြင်းကို စက်တင်ဘာ ၁၆ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ပေးကြောင်း သိရသည်။

ယင်းနောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးဦးကျော်နိုင်ဝင်းက ကျေးရွာတောင်သူများ မြေငှားဂရန်ပြုလုပ်ပေးခြင်းဆိုင်ရာများ ရှင်းလင်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ရွာသူရွာသားများ မေးမြန်းသည်များကို တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနများမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် တာဝန်ရှိသူတို့ ပူးပေါင်းပြီး ကျေးရွာတောင်သူ ၁၁၉ ဦးကို မြေငှားဂရန် စာချုပ်များပြုလုပ်ပေးကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## ပုလောမြို့နယ်မြိတ်–ထားဝယ်ကားလမ်းမတွင် တောင်မြေပြိုကျပြီး လမ်းများ ခေတ္တပိတ်ဆို့

**ပုလော စက်တင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် စက်တင်ဘာ ၁၆ ရက် ည ၉ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကဒဲကျေးရွာအုပ်စု မင်းထိန်ကျေးရွာနှင့် မကျည်းကုန်းကျေးရွာတို့တွင် တောင်မြေပြိုကျပြီး လမ်းခေတ္တပိတ်ဆို့ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မကျည်းကုန်းကျေးရွာအုပ်စု ခမောင်းတောကျေးရွာတွင် လမ်းဘေးတောင်နံရံပြိုကျပြီး ရော်ဘာပင်များ လမ်းမပေါ်လဲကျပိတ်ဆို့မှုကြောင့် မော်တော်ယာဉ်သွားလာ၍ မရခဲ့ကြောင်း၊ မင်းထိန်ကျေးရွာနှင့် ပဝတ်ကုန်ကျေးရွာအကြားရှိ လမ်းဘေးတောင်နံရံမြေပြိုကျပြီး ရော်ဘာပင်များ လမ်းမပေါ်လဲကျပိတ်ဆို့မှုကြောင့် မြိတ်မှထားဝယ်သို့ ထွက်ခွာလာသော မော်တော်ယာဉ်များ ည ၉ နာရီတွင် ခေတ္တပိတ်ဆို့ခဲ့ရသည်။

ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ မြေတူးစက်အဖွဲ့များက စုပေါင်းရှင်းလင်းပေးခဲ့မှုကြောင့် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီက မော်တော်ယာဉ်များ လိုရာခရီးဆက်လက်ထွက်ခွာသွားနိုင်ခဲ့ကြောင်း သိရသည်။



အလားတူ ကြဲကျေးရွာမှ ပုလောမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးသည် ကဒဲတံတားအနီး ကားဘီးမြေကျွံကာ လမ်းမပေါ်ကန့်လန့်ဖြတ်ပိတ်ဆို့နေရာ မော်တော်ယာဉ်များ ပိတ်ဆို့ခဲ့သဖြင့် ကယ်ဆယ်ရေးအဖွဲ့မှ ဖြေရှင်းပေးမှုကြောင့် မော်တော်ယာဉ်များ လိုရာခရီးကို ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။

**ပုလော( ပြန်/ဆက်)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော ဒီဇယ်ဆီ ဂါလန်(၁၀၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ (၂၁-၉-၂၀၁၅)ရက်နေ့ (၁၂း၀၀)ဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်နိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

ဝန်ထမ်းအလိုရှိသည်။(နေ/စားစီစဉ်ပေးသည်။)
မော်တာစက်ချုပ် (၃)ဦး
အထွေထွေ (၂)ဦး
D Fashion- အမှတ်(၁၆ဂ)၊ ၃လွှာ+၅လွှာ၊ ပညာဒလလမ်း၊ ယုဇနပလာဇာအနီး။
☎: 206148, 09-5034163, 09-420244994

တရုတ်
ENGLISH
Conversation Practice
စကားပြောခုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182







Diabetasol
Diabetes Nutrition Solution
Diabetasol START 3C Count Classify Comply CONTROL DIABETES
ဆီးချို သွေးချို ရှိသူများ၏ အာဟာရအတွက်
အသင့်တော်ဆုံးရွေးချယ်မှု .. ဒိုင်ယာဘီတစော
Count
တွက်ချက် စားသုံးပါ
Classify
ရွေးချယ် စားသုံးပါ
Comply
လိုက်နာ စားသုံးပါ
သွေးတွင်းရှိအချိုဓာတ်ပမာဏကို ထိန်းသိမ်းပေးနိုင်ခြင်း
ကိုလက်စထေရော လုံးဝ မပါဝင်ခြင်း
အမျှင်ဓါတ် ပါဝင်သောကြောင့် ဝမ်းမှန်စေခြင်း
စရိုမီယမ် အပါအဝင် ဗီတာမင်နှင့် သတ္တုဓါတ်(၁၇)မျိုးပါဝင်ခြင်း
ဆိုဒီယမ်(ဆား)ပါဝင်မှုနည်း၍ သွေးတိုးသမားနှင့် သင့်လျော်ခြင်း
ကယ်လဆီယမ်ဓါတ် ကြွယ်ဝခြင်း
ဗနီလာ၊ ချောကလက်၊ ကာပူချီနို အရသာ (၃)မျိုး ရွေးချယ်နိုင်ခြင်း
ဆီးချို သွေးချို ရှိသူများနှင့်
ကိုယ်အလေးချိန်ထိန်းသူများအတွက် ...
ကယ်လိုရီ လုံးဝ (လုံးဝ) မပါဝင်သော
သကြားအစားထိုးအချို ...
Diabetasol Zero Calorie Sweetener
Diabetasol
Diabetasol
Diabetasol
Diabetasol Zero Calorie Sweetener
Clinically Proven
KALBE Customer Care 01-2399800
Monday-Friday (9am-5pm)
KALBE


PRENAGEN (ပရီနာဂင်)
သံဓာတ်ချို့တဲ့မှုကို လျော့ချပေးမည့် BioFe နှင့် Folic Acid ကြွယ်ဝစွာပါဝင်သော
ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်တို့အတွက်
ပြီးပြည့်စုံသောအာဟာရ
Prenagen Mommy emesis သည် ကိုယ်ဝန်ဆောင်မိခင်များအတွက် ပြည့်စုံမှုရှိသော အာဟာရများဖြစ်သည့် ကြွယ်ဝစွာပါဝင်သော Folic Acid, ထူးခြားသောသံဓာတ် Biofe, ကြွယ်ဝသော Calcium, DHA, Choline, Vitamin B6 နှင့် Protein တို့ ပါဝင်ပါသည်။ ကိုယ်ဝန်ဆောင်ကာလ ပထမ(၃)လမှာ ဖြစ်တတ်သော ပျို့အန်ခြင်းဝေဒနာကို သက်သာစေနိုင်ကြောင်း ဆေးပညာအရ စမ်းသပ်အတည်ပြုပြီးဖြစ်ပါသည်။
နို့တိုက်မိခင်များအတွက် အာဟာရအပြည့်ပါသော Prenagen Lactamon လည်း ရနေပါပြီ။
BioFe has higher absorption and bioavailability
4000
3000
2000
1000
0
3,5 Higher
BioFe
Ordinary Fe
ကောင်းမွန်သော အရသာ
တစ်နေ့ နှစ်ကြိမ် သောက်သုံးပါ
PRENAGEN mommy emesis plain
PRENAGEN lactamom Vanilla
မိခင်တို့ရဲ့ ဘဝခရီးကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့် PRENAGEN (ပရီနာဂင်)
CLINICALLY PROVEN
ကိုယ်ဝန်ဆောင်စအချိန်တွင် ဖြစ်တတ်သော ပျို့ခြင်း၊ အန်ခြင်းများ လျော့ကျနိုင်ကြောင်း ဆေးပညာအရ အတည်ပြုပြီးဖြစ်ပါသည်။
PRENAGEN Mommy emesis သည် ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏အထူးထောက်ခံချက်ရရှိထားပါသည်။
KALBE Customer Care 01-2399800
Monday-Friday (9am-5pm)
KALBE


NEO
MIXAGRIP
အအေးမိတုပ်ကွေး အတွက်ဆို
နီယို
မစ်ဆာဂရစ် နဲ့
ကွက်တိဘဲ
COLD CAPLET
MIXAGRIP
NEO
MIXAGRIP
လျှင်မြန်ထိရောက်စွာ ပျောက်ကင်းစေပါသည်။
KALBE


NOW AVAILABLE IN MYANMAR
JAPAN QUALITY PRODUCT
morinaga
(မောရီနာဂါး)
ဉာဏ်ရည်ဉာဏ်သွေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကိုယ်ခံစွမ်းအားအတွက်
အကောင်းဆုံးရွေးချယ်မှု
ဘက်စုံထူးချွန်ထက်မြက်သော
စွမ်းဆောင်ရည်များ ရရှိနိုင်စေရန်
ဉာဏ်ရည်ဉာဏ်သွေး ထိန်းသိမ်း
စောင့်ရှောက်ဖို့အတွက် မရှိမဖြစ်
လိုအပ်သော အာဟာရများ
ဖြစ်သည့် Choline, ALA,
LA, DHA, Iron & Inositol တို့
ပါဝင်ပေါင်းစပ်ထားပါသည်။
ကိုယ်ခံစွမ်းအားအတွက် အစာခြေ
စနစ်ကို ကောင်းမွန်စေသော
Prebiotic (Lactulose) သည်
အစာအိမ်နှင့်အူလမ်းကြောင်းအတွင်း
ကောင်းသော ဘက်တီးရီးယားများကို
ပွားများစေပြီး ခုခံအားစနစ်ကို
ကောင်းစေသော Lactoferrin,
Vitamin A & Zinc တို့ ထူးခြားစွာ
ပေါင်းစပ် ဖွဲ့စည်းထားပါသည်။
chil-school
BRAIN CARE
BODY DEFENSE
ဘက်စုံထူးချွန်ထက်မြက်သော မျိုးဆက်သစ်များအတွက်
1 2 3 4
KALBE Customer Care
01-2399800
Monday-Friday (9am-5pm)
KALBE




WEBS
IELTS, 4 Skills, Business English
➢ သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။
သင်ကြားသည့်ဆရာ - ဆရာစိုးဝင်းနိုင်သည်
➢ အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်ဇော်ခင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00am 14 Sep
Mon to Thurs-1:00-3:00pm 14 Sep
Sat & Sun - 9:00-12:00 am 19 Sep
Sat & Sun - 12:30-3:30 pm 19 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-1:00-3:00pm 21 Sep
MontoThurs 3:00-5:00-7:00pm 21 Sep

**Pre-Intermediate English**
Mon to Thurs-5:00-7:00 pm 7 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-10:00-12:00 am 21 Sep

**Basic Writing Course**
Mon to Thurs - 3:00-4:30 pm 28 Sep

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 21 Sep

**Grammar Foundation Course**
Sat & Sun - 9:00-12:00am 5 Sep
Mon to Thurs - 1:00-2:30 pm 14 Sep
Mon to Thurs - 3:30-5:00 pm 14 Sep

**Structure & Written Expression**
Sat & Sun - 3:30-6:30pm 12 Sep
Mon to Thurs - 1:00-3:00 pm 14 Sep
Sat & Sun - 9:00-12:00am 26 Sep
Sat & Sun - 12:30-3:30 pm 10 Oct

**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 21 Sep
**SAT** Mon to Thurs -3:30-5:00pm 21 Sep
**IELTS**(Foundation) Mon&Thurs 5:30to7:00pm 21 Sep
**IELTS**(Test Practice) Sat&Sun 10:30to12:30am 19 Sep
**IELTS**(Speaking) Sat&Sun 1:00to3:30pm 19 Sep

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 19 Sep

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910






## ကြော်ငြာ


**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-
Tender No. 16/HPGE/15-16 (ဘိလပ်မြေ ၅၀၀တန် ဝယ်ယူခြင်း)
၂။ Tender No-16 ၏ တင်ဒါပိတ်ရက်မှာ ၅-၁၀-၂၀၁၅ရက်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈**

**K.T.Aung** Travels & Tours
ဦးခေအောင် (ဘာသာပြန်) ဦးစီးသော ဆိုင်းထီးသင်္ကေတ (KTA)
ထွက်ရက် – 28/09/2015 | 15/10/2015 | 28/10/2015
ဗန်ကောက် → ပတ္တရား → အယုဒ္ဓယ ($ 630) 5 ည 6 ရက်
ဗန်ကောက် → ပတ္တယား → ဖူးကက် ($ 750) 6 ည 7 ရက်
ဗန်ကောက် → ချင်းမိုင် → ချင်းရိုင် ($ 800) 7 ည 8 ရက်
Promotion ခရီးစဉ်တိုင်း (1) ည (1) ရက် Free !
Nok Air & Air Asia Ticket များအထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်။
Yangon ⟷ Bangkok
Passport & Air Ticket Included
09-798421949, 09-970134049, 09-420084823, 09-252858844, 01-553825

"သင့်ဘဝရှေ့ရေးကို နက္ခတ္တဗေဒအလင်းရောင်အတွင်းမှ လျှောက်လှမ်းစေလိုပါသည်"
အောင်မြင်မှုခရီးအတွက် ရည်မှန်းချက်ပန်းတိုင်ရောက်ရန် လက်တစ်ကမ်းအလို
**ဆရာကြီးဦးအောင်ဇေ**
အဆင့်မြင့်နက္ခတ္တဗေဒအတိုင်ပင်ခံ
ဖုန်း ၀၉-၄၂၀၀၈၂၅၅၄၊ ၀၉-၇၃၂၃၃၇၆၇၊ ၀၉-၄၀၂၆၇၈၄၇၈
ရန်ကုန်-မန္တလေး-နေပြည်တော်
နေ့စဉ်နံနက်(၉:၀၀)နာရီမှ ညနေ(၅:၀၀)နာရီအတွင်းဆက်သွယ်ပါရန်။
လူကြီးမင်း၏ကိုယ်ရေးအချက်အလက် လုံခြုံမှုအတွက် အထူးတာဝန်ယူပါသည်။ လူဦးရေကန့်သတ်ထားပါသည်။

**ဗိန်ရတနာ** Vinyl Riso မိတ္တူ
ဗီနိုင်း (1'x1') ၁၃၀ ကျပ်
sq-ft ၁ ထောင်အထက် အားပေးသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။
sq-ft ၁ ထောင် ၁၂၀ ကျပ်
sq-ft ၁ သောင်း ၁၁၀ ကျပ်
sq-ft ၅ သောင်း ၉၀ ကျပ်
၇၆၊ ၃၂လမ်း (အောက်)၊ 0925 20 400 20, 0925 20 400 30, 01 388 115, 09 510 2750 Email: sein.yadanar@hotmail.com

**P.E.S.**
**English Speaking**
**U WIN MAW**
(၄-လ)အတွင်း ကျွမ်းကျင်စွာ ပြောနိုင်ရမည်။
(၂၃၆) (3C)၊ဒုတိယထပ်၊ ရတနာလမ်း၊ မြေနီကုန်းစမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
Ph: 503984 / 516503 / 09 258814935 / 09 73140326

**ရောင်းမည်**
သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။အဆင့်မြင့် ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။
ဖုန်း- ၀၉-၅၄၀၁၀၁၁၊၀၉-၇၃၀၉၅၆၇၇








BRIDGESTONE
Your Journey, Our Passion
BECAUSE YOU LOVE
YOUR FAMILY
မိုးရာသီ Promotion အစီအစဉ်
BUY ANY PSR TYRE 2
To Get 1 Umbrella.
BUY ANY PSR TYRE 4
To Get 2 Umbrellas.
ယခုလိုမိုးရာသီအချိန်အခါတွင် သင့်ဘဝလုံခြုံစိတ်ချမှုအတွက်
တာယာများကို လဲလှယ်တပ်ဆင်ပေးရန် လိုအပ်ပါသည်။
BRIDGESTONE မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်မှတဆင့်
သင်ရဲ့ လုံခြုံစိတ်ချမှုကို ကူညီပံ့ပိုးပြသပေးသွားမည် ဖြစ်ပါသည်။
BRIDGESTONE
KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
a subsidiary of Mitsubishi Corporation
fjts@fjts-mm.com Hotline : 09 2615 96860
Pyi Htun Aung Trading Co., Ltd. Hotline : 09 42110 3088


www.facebook.com/chindwincollege
www.chindwincollegemyanmar.com
CHINDWIN COLLEGE
helping you engineer your future
WHY ?
International lecturers, local & oversea industry trips, networking dinners with successful entrepreneurs & corporate executives, classmates from different industry background
Ms Maw Maw Tun,
Founder, TOP HR Solutions
Chindwin Executive MBA 1st Batch
MBA for Working Executives
Saturday & Sunday Every 2 Weeks OR 4 days a month
75 Theinbyu Street, Yangon
Tel: 01-297673 , 298137
Sabai Building, bet: 31 & 32 St, 77 & 78 St, Mandalay
Tel: 02-72179 , 74179
92 Yay Htwet Oo Road, Yay Aye Qwin Quarter, Taunggyi
Tel: 09-784038995 , 784038996
University of Sunderland


ထွန်းတောက်ဆန်းသစ်သော
အနာဂတ်များဟာ UTS နဲ့ စတင်သည်။
UTS ဟာ နိုင်ငံတကာအမြင်အပြည့်ရှိပြီး စွန့်ဦးဆန်းသစ်မှုနဲ့ လက်တွေ့ဆန်မှုကို ဦးစားပေးတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့လည်မှာ တည်ရှိတဲ့ UTS ဟာ အလုပ်အကိုင်ရှေ့ရေး အဆင်သင့်အောင် မတူကွဲပြားတဲ့ ပညာရပ်နယ်ပယ်စုံကို ပို့ချသင်ကြားပေးနေပါတယ်။
သင် UTS ဝင်ခွင့်ရဖို့အတွက် လမ်းကြောင်းကတော့ UTS:INSEARCH ဖြစ်ပါတယ်။ ကျောင်းသားတွေ ပညာရေးအသိဉာဏ်နဲ့ အင်္ဂလိပ်စာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေဖို့အပြင် မိမိကိုယ်ကို ယုံကြည်မှုပါ တိုးလာစေဖို့အတွက် UTS:INSEARCH မှာ စတင်သင်ယူကြပါတယ်။ အဲဒီနောက်တော့ UTS ဘွဲ့အစီအစဉ်ရဲ့ ဒုတိယနှစ်ကို တက်ရောက်နိုင်ပါတယ်။
5 stars
1st
28th
UTS:INSEARCH အနာဂတ်ရဲ့ စွန့်ဦးဆန်းသစ်သူများ ပညာသင်ဆုသစ်ကြောင့် သင့်ရဲ့အတွေးတွေကို လက်တွေ့အဖြစ်ပြောင်းလဲလိုက်ဖို့ အခုအချိန်ဟာ အကောင်းဆုံးအချိန်ပါပဲ။
အင်တာနက်ပေါ်က
insearch.edu.au/innovate
မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။
UTS INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY
INSEARCH CRICOS provider code: 00859D | UTS CRICOS provider code: 00099F
ဓါတ်ပုံ : Andrew Worssam

Hot Line No-0930500100

# ထူးမခြားနားတော့သည့် ရန်ကုန်ဘတ်စ်ကား ဘယ်လိုရှေ့ဆက်သွားမှာလဲ

သတင်းဆောင်းပါး - ဆုနှင်းလဲ့



ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသည့် ဘတ်စ်ကားများကို စက်တင်ဘာလဆန်းပိုင်းက တွေ့ရစဉ်။ [ဓာတ်ပုံ- ဖိုးခွား]

အံ့သြဖွယ်ကောင်းလှအောင်ပင် ရန်ကုန်မြို့၏ ယာဉ်ကြောများ ရှင်းလင်းနေ၏။ ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်လည်းမဟုတ်ပါဘဲ ကားလမ်းများ ရှင်းလင်းလို့နေသည်။ သို့သော်ခရီးသွားမိဘပြည်သူများကတော့ အတော့်ကိုခက်ခဲဒုက္ခရောက်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်မြို့ရှိ အများပြည်သူအားထားစီးနင်းနေသော ဘတ်စ်ကားများ ဆန္ဒပြသည့်အနေဖြင့် မပြေးဆွဲခြင်းကြောင့်ပင်တည်း။ ဘတ်စ်ကားများပြေးဆွဲခြင်းမပြုခြင်းကြောင့် ကားလမ်းများရှင်းလင်းသွားသော်လည်း အများပြည်သူသယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများဖြစ်သွားသည့်ကိစ္စရပ်သည် အဓိကထား ဖြေရှင်းရမည့်ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ ဘတ်စ်ကား အစီး ၆၀၀၀ ခန့်တွင် နေ့စဉ် ပြေးဆွဲသည့်ကားအစီးရေ ၄၀၀၀ ကျော်ခန့်ကိုသာ မြို့နေလူထုတစ်ရပ်လုံး အားထားနေရခြင်းဖြစ်ပြီး ယခုကဲ့သို့ ကားလိုင်းများ ပြေးဆွဲခြင်းမပြုသည့်အခါ ပိုမိုခက်ခဲသွားခြင်းပင်ဖြစ်သည်။

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးသည် ခေတ်အဆက်ဆက်တွင် ခရီးသည်တင် ဘတ်စ်ကားလိုင်းများကိုသာ အားထားအသုံးပြုခဲ့ရခြင်းဖြစ်သည်။ အစိုးရ၏ စီစဉ်ထောက်ပံ့ဆောင်ရွက်မှုဖြင့် တာဝန်ယူဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ တစ်သီးပုဂ္ဂလ၊ တစ်ဦးတစ်ယောက်ချင်းပိုင် ယာဉ်ပိုင်ရှင်များကို စုစည်းအုပ်ချုပ်ကာ ယာဉ်လိုင်းများ ပြေးဆွဲနေခြင်းပင်ဖြစ်သည်။ ရန်ကုန်ရှိ လူဦးရေ၏ ထက်ဝက်ကျော်ခန့်မှာ နေ့စဉ် ထိုယာဉ်လိုင်းများကိုသာ အားထားအသုံးပြုနေရသည်။ မြို့ပတ်ရထားခရီးစဉ်များကို ယခုနောက်ပိုင်းတွင် အားထားစီးနင်းလာမှုများလာသော်လည်း ရထားကွန်ရက်နှင့် လက်ရှိမြို့ပြဖွံ့ဖြိုးမှု၊ မြို့သစ်များနှင့်ချိတ်ဆက်ထားမှု၊ ဖြန့်ကြက်ထားမှုမလုပ်နိုင်ခဲ့ခြင်းကြောင့် ရထားဘူတာရုံများသို့ သွားလာရန်အဆင်ပြေသည့်နေရာများတွင် နေထိုင်သူများသာ ရထားကို အားထားစီးနင်းနိုင်သည်။ ထို့ကြောင့်လည်း နေ့စဉ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

ယနေ့

## မာတိကာ

နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိ ဂူပိမာန်စေတီတော်ပြုပြင်ရန် မြေတူးရာမှ တွေ့ရှိခဲ့သည့် ရှေးဟောင်းအုတ်ခွက်ဘုရားများ ပုဂံခေတ်ထက်စောဟုဆို

စာမျက်နှာ - ၁၁

ပီတာဆက်ချ်နှင့် အိုစပီနာအား အလှည့်ကျပွဲထွက်ကစားစေမည့် အာစင်ဝင်းဂါး

စာမျက်နှာ - ၁၃

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော်  စက်တင်ဘာ  ၁၈**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ် နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ရန်ကုန်တွင် လိုင်းကားအချို့ မထွက်သဖြင့် စာမေးပွဲဖြေဆိုနေသည့် တက္ကသိုလ်ကျောင်းသားအချို့ အခက်တွေ့နေဟုဆို

သတင်းစာမျက်နှာ - ၁၁

## MNL ပြိုင်ပွဲ၌ ရတနာပုံ၊ ကမ္ဘောဇ၊ ဟံသာဝတီနှင့် ရခိုင်တို့ နိုင်ပွဲများရရှိ

သတင်းနှင့်ဓာတ်ပုံ - ချစ်ကိုကို

၂၀၁၅ခုနှစ်ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည်။

**(တောင်ကြီးကွင်း)**

**ကမ္ဘောဇ - နှစ်ဂိုး၊ မကွေး- တစ်ဂိုး**

အမှတ်ပေးဇယားထိပ်ပိုင်းတွင် အပြိုင်ဖြစ်နေသည့် မကွေးအသင်းကို အိမ်ကွင်း၌ အနိုင်ရရှိခဲ့သည့် ကမ္ဘောဇအသင်းမှာ တတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ အမာခံကစားသမားများဖြစ်သည့် စိုးမင်းဦးနှင့်ဘာကာတို့ မပါဝင်နိုင်သော်လည်း အိမ်ကွင်းတွင် အများအယွင်းမရှိခြေစွမ်းပြကစားနိုင်ခဲ့ပြီး လေးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သောကြောင့် အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းကတည်းက ဂိုးအပြိုင်အဆိုင်သွင်းခဲ့ကြသည်။ ခြောက်မိနစ်တွင် ဂျော်ဂျီက ကမ္ဘောဇအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၂၂ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် နန္ဒကျော်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ပွဲမှာ အကြိတ်အနယ်ပိုရှိလာပြီး ပုံစံကောင်းရနေသည့် တိုက်စစ်မှူး ဖိုလန်က ၂၉ မိနစ်တွင် ဒုတိယဂိုးသွင်းခဲ့သည်။ ဒုတိယပိုင်းတွင်မကွေးအသင်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍




ကမ္ဘောဇအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။






themirror.npt@gmail.com
www.facebook.com/themirrordaily

# ကြိုတင်မဲ

## ကြိုတင်မဲဆိုတာ ဘာလဲ

ကြိုတင်မဲဆိုသည်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ပေးသောမဲဖြစ်သည်။ တစ်နည်းအားဖြင့် မဲရုံတွင်မပေးသောမဲဖြစ်သည်။

## ကြိုတင်မဲ ဘယ်နှစ်မျိုးရှိပါသလဲ

ကြိုတင်မဲနှစ်မျိုးရှိပါသည်။ မဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော မဲပေးပိုင်ခွင့်ရှိသူများပေးရမည့် ကြိုတင်မဲနှင့် မဲဆန္ဒနယ်အတွင်း၌ရှိသော မဲရုံသို့ မသွားရောက်နိုင်သူများပေးရမည့် ကြိုတင်မဲတို့ဖြစ်သည်။

## မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများ

မဲဆန္ဒရှင်တစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် မိမိမဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေပါက ပုံစံ(၁၅)ဖြင့် လျှောက်ထားပြီး ကြိုတင်ဆန္ဒမဲပေးနိုင်သည်။

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများမှာ-

(၁) အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၊
(၂) တပ်မတော်သားများ၊ ရဲများနှင့် ၎င်းတို့၏ အတူနေအိမ်ထောင်စုဝင်များ၊
(၃) တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊
(၄) သင်တန်းကျောင်းများမှ သင်တန်းသားများ၊
(၅) ဆေးရုံတွင် တက်ရောက်နေသော အတွင်းလူနာများ၊
(၆) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ။

## မဲဆန္ဒနယ်အတွင်းမှ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများ


မဲဆန္ဒနယ်အတွင်း၌ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲမပေးနိုင်သူများဖြစ်ကြသည်။ ၎င်းတို့မှာ-

(၁) အနာကြီးရောဂါ စွဲကပ်နေသူများ၊
(၂) ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊
(၃) နေအိမ်တွင် မီးဖွားနေသူများ၊
(၄) အသက်အရွယ်ကြီးရင့်သူများ၊
(၅) မသန်စွမ်းသူများ၊
(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများ၊ (မဲဆန္ဒနယ်အတွင်း၌ရှိသော ဆေးရုံ)
(၇) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ၊ (မဲဆန္ဒနယ်အတွင်း၌ရှိသော အချုပ်စခန်း၊ အကျဉ်းစခန်း)
(၈) ရွေးကောက်ပွဲကျင်းပသောနေ့တွင် မိမိ၏ရပ်ကွက်၊ ကျေးရွာမှ ခရီးဝေးသည့်ဒေသသို့ ရွေးကောက်ပွဲတာဝန်ဖြင့် သွားရောက်ရန်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲများနှင့် အစိုးရဝန်ထမ်းများ၊
(၉) လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်မှစ၍တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကြေညာထားသည်။ မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့် မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။ မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

## သင် (၁၈)နှစ် ပြည့်ပြီလား




**ရွေးကောက်ပွဲကျင်းပရန် ရက် ၅၀ သာ လိုတော့သည်။**

# ကမန်အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ကမန်အမျိုးသားတိုးတက်ရေးပါတီ(ဗဟို) ဥက္ကဋ္ဌ ဦးဇော်ဝင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




မြန်မာပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူ ပြည်သားအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ကမန်အမျိုးသားတိုးတက်ရေးပါတီ(ဗဟို)မှ ဥက္ကဋ္ဌ ဦးဇော်ဝင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီကို ၂၀၁၀ပြည့်နှစ် ဇွန်လမှာ ပါတီတည်ထောင်ခွင့်လျှောက်ထားခဲ့ပြီး ၂၀၁၀ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမှတ်စဉ် (၃၆)ဖြင့် မှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ပင်ရင်းတိုင်းရင်းသား ရှစ်မျိုးကို လူတိုင်းသိကြပါတယ်။ ဒါပေမယ့် လူမျိုးစုတွေကိုတော့ လူတိုင်းမသိကြပါဘူး။ ကျွန်တော်တို့ကတော့ ရခိုင်မျိုးနွယ်စုမှာပါဝင်တဲ့ ကမန်လူမျိုးစုဖြစ်ပြီး ရခိုင်ပြည်နယ်မှာ အခြေခံပေါက်ဖွားလာတဲ့ လူမျိုးစုဖြစ်ပါတယ်။ ကမန်လူမျိုးတွေဟာ ရခိုင်ဘုရင်များအုပ်စိုးစဉ်ကာလက ရခိုင်တပ်မတော်မှာ လေးကိုင်သူရဲကောင်းများအဖြစ် အမှုထမ်းခဲ့ကြတဲ့ စစ်သည်တွေဖြစ်ကြောင်း ရခိုင်ဆရာတော်ကြီးများ ရေးသားခဲ့တဲ့ ရာဇဝင်သမိုင်းမှတ်တမ်းတွေမှာ တွေ့ရှိရပါတယ်။

ကမန်လူမျိုးတွေဟာ တိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်တဲ့အတွက် မြန်မာ့နိုင်ငံရေးမှာ စစ်ကြိုခေတ်၊ စစ်ပြီးခေတ် အချိန်တွေမှာလည်း ကမန်အမျိုးသား ဦးဖိုးခိုင်က နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သလို ၁၉၉၀ ခုနှစ်မှာလည်း ကမန်တိုင်းရင်းသားများအနေဖြင့် နိုင်ငံရေးပါတီတည်ထောင်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်တွင်လည်း ကမန်အမျိုးသားတိုးတက်ရေးပါတီကို ဖွဲ့စည်းတည်ထောင်ပြီး ရခိုင်ပြည်နယ်အနှံ့မှာ ကိုယ်စားလှယ်ခြောက်နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခု ၂၀၁၅ ခုနှစ်တွင်လည်း ကျွန်တော်တို့ပါတီမှ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ရခိုင်ပြည်နယ် နေရာအချို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကိုယ်စားလှယ်အမည်စာရင်းတင်သွင်းပြီး ဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပါတီဟာ အမျိုးသားရေးကို အခြေခံပေမယ့် ကျွန်တော်တို့ပါတီကို ဝင်ရောက်လိုသူ နိုင်ငံသားတိုင်း ဝင်ရောက်ခွင့်ရှိပါတယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဥပဒေနဲ့ညီညွတ်တဲ့ ဘယ်သူမဆို ပါတီဝင်အဖြစ်လျှောက်ထားနိုင်ပါတယ်။ ဒါပေမယ့် ပါတီဝင်တိုင်းကတော့ ကမန်လူမျိုးဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်တော့ မရှိပါဘူး။ ယခု ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ နိုင်ငံတော်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်မယ့် အစိုးရသစ်နှင့် ဥပဒေပြုရေးမဏ္ဍိုင်ကို တည့်မတ်ထိန်းကျောင်းနိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်များ ထွက်ပေါ်လာရေးအတွက် အများကြီးအရေးကြီးပါတယ်။ အဲဒီလို မှန်ကန်ကောင်းမွန်ပြီး ကိုယ်ကျိုးမဖက်ဘဲ အုပ်ချုပ်မှုစနစ်ကောင်းမွန်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာရေးနဲ့ ပြည်သူတွေရဲ့ လိုလားချက်များကို အကောင်းဆုံးအကောင်အထည်ပေါ်လာစေနိုင်ဖို့ အစိုးရကို တိုက်တွန်းတင်ပြနိုင်မယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ထွက်ပေါ်လာရေးမှာ ပြည်သူတို့က ပေးအပ်ရွေးချယ်မယ့် အသည်းကြားကမဲတစ်ပြားပေါ်မှာ အဓိကမူတည်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အကျိုးကို အမှန်တကယ် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့ အစိုးရနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများကို ပြည်သူများကမှားယွင်းပြီး မဲပေးရွေးချယ်မိမယ်ဆိုလျှင် အဲဒီလွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့တွေရဲ့အကျိုးကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ အသေအချာပါပဲ။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဒါကြောင့်လည်း ပြီးခဲ့တဲ့ရွေးကောက်ပွဲမတိုင်မီက ပြည်သူများဆီက မဲများရရှိပြီး ရွေးကောက်ပွဲအနိုင်ရရှိဖို့ နည်းလမ်းမျိုးစုံနဲ့ ကတိတွေပေးပြီး စည်းရုံးရေးဆင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ထဲမှာ အချို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲအနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရပြီးနောက် လွှတ်တော်ထဲကို ရောက်ရှိပြီးချိန်မှာ ပြည်သူများရဲ့အကျိုးကို မဆိုထားနှင့် သူတို့ဝင်ရောက်ရွေးခံခဲ့တဲ့ မဲဆန္ဒနယ်ရဲ့ အကျိုးကိုတောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတာကို မိဘပြည်သူများ တွေ့မြင်ကြားသိနေရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ကတော့ အဲဒီလွှတ်တော်ကိုယ်စားလှယ်များလို ပြည်သူများရဲ့အကျိုးကို လျစ်လျူရှုမယ့်သူများမဟုတ်ဘဲ ရပ်ရွာအကျိုးအတွက်၊ နိုင်ငံအတွက် စိတ်ကောင်းစေတနာမှန်နဲ့ မိမိတတ်နိုင်တဲ့ဘက်က ကြိုးစားဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တကယ်မလုပ်နိုင်တဲ့ကိစ္စကို ကတိလွယ်လွယ်ပေးပြီး ပြည်သူများဆီကမဲကို လိမ်လည်ရယူသွားတဲ့သူတွေ မဖြစ်စေရပါဘူး။ ကျွန်တော်တို့ဟာ ကမန်တိုင်းရင်းသားတွေဖြစ်ပါတယ်။ ဒါပေမယ့် မိမိလူမျိုးအတွက်သာ ဦးစားပေးဆောင်ရွယ်မယ့် သူများမဟုတ်ဘဲ မိမိဒေသမြို့ရွာနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ၏ အခက်အခဲ အကျပ်အတည်းများကို ဥပဒေနှင့်အညီ ကူညီဖြေရှင်းဆောင်ရွက်ပေးဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် မဲဆန္ဒရှင် နိုင်ငံသူနိုင်ငံသားများအနေနဲ့ မိမိအသည်းကြားက မဲတစ်ပြားကို မဲပေးတဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ စိတ်ကောင်းစေတနာ မှန်/မမှန်၊ အကျင့်စာရိတ္တကောင်း/မကောင်း လေ့လာဆုံးဖြတ်ပြီး အရွေးမမှားကြဖို့ စေတနာကောင်းနဲ့ သတိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့ကတော့ ကိုယ်မလုပ်ပေးနိုင်တာတွေကို ပုံကြီးချဲ့ပြီး ချမပြလိုပါဘူး။ ကိုယ်ကြိုးစားပြီး ဆောင်ရွက်နိုင်မယ့်ကိစ္စကို ပြည်သူ့အကျိုးအတွက် အတတ်နိုင်ဆုံး ဥပဒေဘောင်အတွင်းက ဆောင်ရွက်ပေးသွားမယ်လို့ တင်ပြလိုပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒကိုလည်း အခုလိုဖော်ပြထားပါတယ်။

**မူဝါဒသဘောထားများ**

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လောကပါလတရားများကို အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာသော ပြည်ထောင်စုဖွား ပြည်သူ ပြည်သားများ ပါတီများနဲ့ လက်တွဲပြီး အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာစေဖို့ အစွမ်းကုန်ကြိုးပမ်းသွားရေး။

(ခ) အကြမ်းဖက်ဝါဒနဲ့ အခြားအစွန်းရောက်တဲ့ ဘယ်ဝါဒမျိုးကိုမဆို ဆန့်ကျင်သွားရေး။

(ဂ) ကမ္ဘာ့နိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများနဲ့ ဖြောင့်မတ်ပြီး ဘက်မလိုက်မူဝါဒကို အခြေခံတဲ့ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးတွင် ပါဝင်ကူညီရေး။

(ဃ) နိုင်ငံတစ်ဝန်းလုံးမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရေး။

(င) မြန်မာလူ့ဘောင်အဖွဲ့အစည်းကို အကျိုးမပြုတဲ့ အတွေးအခေါ် အယူအဆများ ပပျောက်ချုပ်ငြိမ်းသွားအောင် ပညာပေးစည်းရုံးရေး။

ဘယ်လိုပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တွေကို လွှတ်တော်တွင်း ဝင်ရောက်ရေးအတွက် မကြာမီ ပြည်သူများက မဲပေးခွင့်ရကြတော့မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်တစ်ရပ်မှာ မိမိတို့ ရွေးချယ်လိုတဲ့ခေါင်းဆောင်ကို မဲပေးခွင့်ရရှိနေခြင်းဟာလည်း ဒီမိုကရေစီရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တာမို့လို့ မဲပေးမမှားဖို့၊ လူရွေးမမှားဖို့၊ ပါတီရွေးမမှားဖို့တော့ အရေးကြီးပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ နိုင်ငံရေးဘက်ကို နည်းနည်းလေးဖြစ်ဖြစ် အလေးထားအချိန်ပေးပြီး လှည့်ကြည့်စေချင်ပါတယ်။ ကိုယ်ပေးရမယ့် အသည်းကြားက မဲတစ်ပြားကို လေးလေးနက်နက် တန်ဖိုးထားစေချင်ပါတယ်။ တတ်နိုင်သလောက်ချိန်ဆပြီး ဆုံးဖြတ်စေချင်ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရာမှာ ကိုယ်ရွေးချယ်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ အရည်အချင်း ကောင်း/ မကောင်း၊ အများပြည်သူရဲ့အကျိုးကို ဆောင်ရွက်နိုင်သူဟုတ်/မဟုတ် ခွဲခြားသိနိုင်ပြီး ရွေးချယ်နိုင်စွမ်းရှိဖို့ မဲပေးတဲ့ပြည်သူတွေမှာလည်း လိုအပ်ပါတယ်။ ရွေးကောက်ပွဲပြီးသွားလို့ အချိန်တန်လျှင် မိမိတို့ရစေချင်တဲ့ လွှတ်တော်ကိုယ်စားလှယ်ရမှာမဟုတ်ဘဲ မရထိုက်/မရစေချင်သူတွေသာ အနိုင်ရသွားတဲ့အချိန်မှာ တာဝန်မဲ့စကားကို အဲဒီအချိန်မှာ မပြောစေချင်ပါဘူး။

အဲဒီလို တာဝန်မဲ့စကားကို ပြောမယ်ဆိုရင် မဲဆန္ဒရှင်ပြည်သူတွေက ဖြောင့်မတ်မှန်ကန်ပြီး အများပြည်သူအကျိုးကို ဆောင်ရွက်မယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို ဆန့်ကျင်ပြောဆိုသလို ဖြစ်နေမှာပါ။ မိမိတို့ရဲ့ မဲရွေးချယ်ပေးရန်တာဝန်ကို အလေးပေးမဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ်၊ မဲမပေးခဲ့တာကြောင့်ပဲဖြစ်ဖြစ် နိုင်ငံတော်အတွက် အများပြည်သူအတွက် လူကောင်းသူကောင်းတွေ ပြည်သူ့လွှတ်တော် အဆင့်ဆင့်ထဲကို ရောက်မလာခဲ့လို့ရှိရင် ကျွန်တော်တို့ရဲ့ တိုင်းပြည်အခြေအနေတိုးတက်လာနိုင်မလား။ ဘယ်လိုဖြစ်သွားနိုင်လဲဆိုတာကို စဉ်းစားကြစေလိုပါတယ်။ တိုင်းပြည်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးရမယ့်သူများက မဲဆန္ဒရှင်ပြည်သူများသာ ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ကမန်အမျိုးသားတိုးတက်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးခဲ့မယ်ဆိုလျှင် ကျွန်တော်တို့ပြည်သူတွေရဲ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတဲ့အခါ ကျွန်တော်တို့ကို မဲပေးခဲ့တဲ့ပြည်သူတွေရဲ့အကျိုး၊ နိုင်ငံ၊ မြို့ရွာအကျိုးကို အပြောနဲ့မဟုတ်ဘဲ အလုပ်နဲ့ သက်သေပြသွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ လူမျိုးစုပါတီ ဖြစ်တာကြောင့် စစ်တွေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁)ဦး၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁)ဦးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၄)မှာ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကမန်အမျိုးသား တိုးတက်ရေးပါတီတံဆိပ်ကတော့ အခုပြသတဲ့ ဒီပုံပဲဖြစ်ပါတယ်။ ပြည်သူများ လွှတ်တော်ကိုယ်စားလှယ်များကို သေချာလေ့လာဆန်းစစ်ပြီး မိမိအသည်းကြားက မဲတစ်ပြားကို ပေးတဲ့အခါ မဲပေးမမှားကြဖို့ တိုင်းပြည်နဲ့ နိုင်ငံသားများရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ။

## မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲနှင့် ကိုယ်စားလှယ်လောင်းများတွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် ရွေးကောက်ပွဲ ဝင်ရောက်မည့် ကိုယ်စားလှယ်လောင်းများတွေ့ဆုံပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများမှ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ တက်ရောက်ကြသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မဲဆန္ဒနယ်နှစ်ခုရှိပြီး လွှတ်တော်အသီးသီးသို့ ကိုယ်စားလှယ်လောင်း ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ရွေးကောက်ပွဲတွင် ပါဝင်ဖို့ မဲစာရင်းကြည့်ကြစို့

# ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းဌေးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



"မင်္ဂလာပါခင်ဗျား"

ချင်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မိဘပြည်သူများခင်ဗျား-

ကျွန်တော်ကတော့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"**မှ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းဌေး ဖြစ်ပါတယ်။ မဲဆန္ဒရှင် တိုင်းရင်းသား မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

**ပါတီဖွဲ့စည်းတည်ထောင်ခြင်းနှင့် ရည်ရွယ်ချက်**

ကျွန်တော်တို့ **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ဟာ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မျိုးနွယ်စုငယ်ပါတီတစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားလူနည်းစု မျိုးနွယ်စုငယ်များ အခြားသောတိုင်းရင်းသားများနဲ့အတူ တန်းတူညီတူ တရားမျှတ လွတ်လပ်ခံစားခွင့်ရရှိရေးကို ဆောင်ရွက်မည့်ပါတီဖြစ်ပြီးတော့ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများရဲ့ အကျိုးစီးပွားကို လက်တွဲပူးပေါင်း အကောင်အထည်ဖော်ရန်အတွက် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့လို မျိုးနွယ်စုငယ် တိုင်းရင်းသားများဟာ ကျေးလက်ဒေသ၊ နယ်စပ်ဒေသတောထဲတောင်ထဲတွေမှာ နေထိုင်ကြပြီး တောင်သူလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုတာများပါတယ်။ အများစုက ဆင်းရဲကြပါတယ်။ ပညာရေးနိမ့်ကျပါတယ်။ ပညာမသင်နိုင်တဲ့ လူဦးရေများပြီး လယ်ယာ၊ တောင်ယာလုပ်ငန်းတွေနဲ့ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ကြရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပါတီအနေနဲ့ ကျေးလက်ဒေသ၊ ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများကို အထူးအလေးထား ဦးစားပေး ဆောင်ရွက်မည့်ပါတီလည်းဖြစ်ပါတယ်။

ကျွန်တော်တို့ ခမီတိုင်းရင်းသားတွေဟာ ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ်များဖြစ်တဲ့ စစ်တွေ၊ မြောက်ဦး၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ဘူးသီးတောင်နဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွေအထိ ပျံ့နှံ့နေထိုင်လျက်ရှိကြပါတယ်။ ရခိုင်ပြည်နယ်ရှိ မိမိတို့ ခမီလူမျိုးစုတစ်စု အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခမီမျိုးနွယ်စုတွေရဲ့ လူမှုဘဝ၊ လူသားအရင်းအမြစ်များ အခြားသော ပြည်ထောင်စုဖွားတိုင်းရင်း သား နောင်တော်/ညီတော်များနဲ့အတူ တစ်ပြေးညီဖွံ့ဖြိုးလာစေရေး ဆောင်ရွက်နိုင်ရန်အလို့ငှာ **"ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ကို ဖွဲ့စည်းရခြင်းလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီကနေ့ အခြေအနေအချိန် အခါအရ မိမိတို့ခမီတိုင်းရင်းသား မျိုးနွယ်စုတွေရဲ့ National Indinity လို့ ခေါ်တဲ့ (အမျိုးသားရေး သွင်ပြင်လက္ခဏာများ) မပျောက်ပျက်စေဖို့ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဖွဲ့စည်းရခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ရုံးချုပ်ကတော့ အမှတ်(၁၁၄)၊ ဆင်ကူးလမ်း၊ အကွက်(၁)ရပ်ကွက် စစ်တွေမြို့ ရခိုင်ပြည်နယ်မှာ ဖွင့်လှစ်ထားရှိပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူအပေါင်း တို့ခင်ဗျား-**

**ပါတီမူဝါဒ(၄)ချက်**

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မူဝါဒသဘော ထားကတော့-

(၁) ကမ္ဘာ့နိုင်ငံများအလယ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဖြစ် ထာဝရခိုင်မာစွာ ရပ်တည်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။

(၂) စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်/ဖက်ဒရယ် ပြည်ထောင်စုစနစ် ပီပြင်စွာဖော်ဆောင်ရာ၌ တိုင်းရင်းသား အချင်းချင်း လက်တွဲဆောင်ရွက်ရန်။

(၃) ခမီမျိုးနွယ်စုတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး အခြားသောမျိုးနွယ်စုများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးကူညီသွားရန်။

(၄) မိမိတို့ဓလေ့ထုံးစံရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ခေတ်နှင့်လျော်ညီစွာ တီထွင်လေ့ကျင့်ပြုစုပျိုးထောင်မှုများ ဆောင်ရွက်သွားရန်တို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"**ရဲ့ မူဝါဒသဘောထား(၄)ချက်ကို လေ့လာကြည့်ပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အား ကမ္ဘာ့နိုင်ငံများအလယ်မှာ ငြိမ်းချမ်းသာယာစည်ပင်ဝပြောသော ပါတီစုံ ဒီမိုကရေစီနိုင်ငံတော်ကြီး/ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်လိုတယ်ဆိုတာကို နားလည်သဘောပေါက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ပါတီအနေနဲ့ **"ပြည်ထောင်စုမပြိုကွဲရေး" "တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး" "အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"**ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားတဲ့ မျိုးနွယ်စုငယ်ပါတီဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ရဲ့ မူဝါဒသဘောထားများအပေါ် အကောင်အထည်ဖော်လုပ်ဆောင်သွားမည့် ရှေ့လုပ်ငန်းစဉ်အခြေခံမှုများကတော့-

(၁) တိုင်းရင်းသားလူမျိုးများ အားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဖြစ်သော တိုင်းရင်း သား စည်းလုံးညီညွတ်မှုအားဖြင့် ကမ္ဘာ့အလယ်တွင် ခိုင်မာစွာ ရပ်တည်သွားနိုင်ရေး ဆောင်ရွက်ရန်။

(၂) ပါတီစုံဒီမိုကရေစီဖော်ဆောင်ရာတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန် လေးစားမှု၊ ပုဂ္ဂိုလ်ရေးပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အခြေခံ၍ ဆောင်ရွက်ရန်။

(၃) မိမိတို့ လူမျိုးစုများနှင့် အခြားတိုင်းရင်းသားလူမျိုးစုများ၏ ဖွံ့ဖြိုး တိုးတက်မှုကိုပါ အားသွန်ခွန်စိုက် ဆောင်ရွက်ရန်။

(၄) ပထဝီဒေသကွဲပြားမှုအရ လူမျိုးအမည်နာမအမျိုးမျိုးကွဲပြားနေ သော မိမိတို့လူမျိုးစုများအား တစုတစည်းတည်းဖြစ်အောင် ဆောင်ရွက်သွားရန်။

(၅) မိမိတို့မျိုးနွယ်စု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြား သော တိုင်းရင်းသားလူမျိုးများနှင့်ဖြစ်စေ၊ အခြားသော တိုင်းရင်း သား အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါ တယ်။

စောစောက ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ပေါ်ပေါက်လာရခြင်းနဲ့ ပါတီရဲ့မူဝါဒကို အကျဉ်းချုပ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အခု ဆက်လက်ပြီး ပါတီအလံတော်နဲ့ ပါတီတံဆိပ် (Logo) ကို တင်ပြသွားမယ် ဖြစ်ပါတယ်။

ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအလံကတော့ မိဘပြည်သူများ မြင်တွေ့တဲ့အတိုင်း အစိမ်းရောင်၊ အဖြူရောင်၊ အပြာရောင် တို့ကို အချိုးညီစွာ အရောင်သုံးမျိုးဖြင့် အလျားလိုက်ကန့်လန့်ဖြတ် ရောစပ်ထား ပြီး အထက်ကွက်မှာ အပြာရောင်၊ အလယ်ကွက်မှာ အဖြူရောင်နဲ့ အောက်ခြေ မှာတော့ အစိမ်းရောင်ဖြစ်ပါတယ်။ ပါတီအလံတော်ရဲ့ အထက်ကွက် အပြာရောင် လက်ဝဲဘက်ထောင့်မှာ ကျွန်တော်တို့ ခမီဘာသာစကားနဲ့ **"မခီအာ့ဆိန်"**လို့ခေါ်တဲ့ အနီရောင် မိုးသောက်ကြယ်ပြောင်တစ်လုံးပါ ပါတယ်။

အလံတော်ရဲ့ အပြာရောင်အဓိပ္ပာယ်ဟာ မိုးကောင်းကင်ကို ရည်ညွှန်းပြီး အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းသဘောကို ဆောင်ပါတယ်။ မိုးသောက်ကြယ်ပြောင် အနီရောင်ကတော့ ရဲရင့်တက်ကြွပြတ်သားခြင်းကို အဓိပ္ပာယ်ဆောင်ပါတယ်။ အလံတော်ရဲ့ အဖြူရောင်ကတော့ စိတ်ဓာတ်ဖြူစင်ခြင်းကို ညွှန်းဆိုပြီး ဖြူစင် ရိုးသားဖြောင့်မတ်ခြင်းကို အဓိပ္ပာယ်ဆောင်ပါတယ်။ အလံတော်ရဲ့ အောက်ခြေ အစိမ်းရောင်ကတော့ ကမ္ဘာမြေကြီးကို ညွှန်းဆိုပြီး စိမ်းလန်းစိုပြည်တည်ငြိမ် သန့်ရှင်းခြင်း အဓိပ္ပာယ်ကိုဆောင်ပါတယ်။

**ပါတီ၏ အထိမ်းအမှတ်တံဆိပ်**

ကျွန်တော်တို့ ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အထိမ်းအမှတ် (Logo) တံဆိပ်ကတော့ ကျွန်တော်တို့ ခမီဘာသာစကားနဲ့ **"ဝ,မယက်"** ခေါ်ပြီး မြန်မာလိုတော့ **"ငှက်ဝါ"** ဖြစ်ပါတယ်။ နောက်ခံ အပြာရောင်နဲ့ သစ်ကိုင်းပေါ်မှာ နားနေတဲ့ ငှက်ဝါပုံကိုဖော်ထားပြီး တည်ကြည်ခြင်း၊ အေးချမ်းခြင်း၊ အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ ပါတီဆောင်ပုဒ်ကတော့ **"စုပေါင်းဆွေးနွေး၊ တစ်ဦးချင်းတာဝန်ယူ"** ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်ရှိ မဲဆန္ဒရှင်မိဘပြည်သူများနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ **"ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** အနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်လေးမြို့နယ်အတွင်းမှာ ပြည်သူ့ လွှတ်တော်နှစ်နေရာနဲ့ ပြည်နယ်လွှတ်တော်သုံးနေရာ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြမှာ ဖြစ်ပါတယ်။ အရွေးခံမယ့် မြို့နယ်တွေနဲ့ ကိုယ်စားလှယ် တွေကတော့ မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် အမျိုးသမီးကိုယ်စားလှယ် ဒေါ်လှစောရီ၊ ပုဏ္ဏားကျွန်းမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွီးမောင်၊ ပေါက်တောမြို့နယ် ပြည်နယ် လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးရွှေဘော်စိန်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော် ကိုယ်စားလှယ် ဦးလှအောင်နဲ့ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးသန်းဌေးတို့ပဲ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများနဲ့ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ်မှာ ရှေးပဝေသဏီကတည်းက မရှိ အတူ ရှိအတူ အေးအတူပူအမျှ သမိုင်းရှည်ကြာ အတူတကွ နေထိုင်လာခဲ့ကြ တဲ့ တိုင်းရင်းသားများဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်သူ/သားများ ငြိမ်းချမ်းသာယာစည်ပင်ဝဖြိုးစေဖို့အတွက် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်နဲ့ဆောင်ရွက်ခွင့်ရှိတဲ့ အချိန်အခါဖြစ်တယ်လို့လည်း ကျွန်တော်တို့ပါတီက ယုံကြည်ပါတယ်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရေးဟာ အလွန်အရေးကြီးလှပါ တယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်နယ်အကျိုးပြု၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေမှာ တစ်ထောင့်တစ်နေရာ ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးစေဖို့အတွက် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ အဖွဲ့များနဲ့ ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီအနေဖြင့် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ချင်ပါတယ်။ ကျွန်တော်တို့ ပါတီဟာ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ပါတီငယ်တစ်ခုဖြစ်သည့် အားလျော်စွာ ရခိုင်ပြည်နယ်ရဲ့ အကျိုးစီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ခွင့်ရရှိရေးအတွက် ကျွန်တော်တို့ပါတီ ဝင်ပြိုင်မယ့် မဲဆန္ဒနယ် တွေမှာ ငှက်ဝါအမှတ်တံဆိပ်ဖြစ်တဲ့ **"ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ကို ဆန္ဒမဲပေးကြပါ။ အားပေးကြပါလို့ မေတ္တာရပ်ခံတိုက်တွန်းနှိုးဆော် ပြန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ကျွန်တော်တို့ ရခိုင်ပြည်နယ်သူ ပြည်နယ်သားများနဲ့တကွ ပြည်ထောင်စု ဖွားတိုင်းရင်းသား ညီအစ်ကို မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ်။**

# ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများသို့ မဲစာရင်းကွင်းဆင်းကြည့်ရှု

**ကျောက်တန်း စက်တင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ကော်မရှင်အဖွဲ့ဝင် (ကျောက်တန်းမြို့နယ်တာဝန်ခံ) ဦးချစ်ဆွေ၊ ကျောက်တန်း မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းဝင်း၊ မြို့နယ်ကော်မရှင် အတွင်းရေးမှူး ဦးမြသိန်းထွန်း (ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ထွေ/အုပ်)နှင့် ကော်မရှင်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်က ကျောက်တန်းမြို့နယ် တံတားမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၁၆ ရွာသို့ ကွင်းဆင်း၍ ကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မဲစာရင်းများ ထုတ်ပြန်ကြေညာထားမှုကို လှည့်လည် ကြည့်ရှု၍ ယခုအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်၍ ပြည့်စုံမှန်ကန်တိကျရန်လိုအပ်ကြောင်း၊ ပြင်ဆင်ဖြည့်စွက်စရာရှိပါက မဲဆန္ဒရှင်များ၏ ဆန္ဒအရ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြား၍ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

■

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား-**

၂၀၁၅ ရွေးကောက်ပွဲကြီးဟာ မကြာခင်ရောက်ရှိလို့လာပါတော့မယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာ နိုင်ငံရေးခေတ်သစ်တစ်ခုကို ၂၀၁၅ အလွန်မှာ စတင်ဝင်ရောက်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ စားဝတ်နေရေး မပြေလည်လို့ ဆင်းရဲတွင်းနက်နေတဲ့ပြည်သူတွေကို ကူညီဖို့၊ ဖက်ဒရယ် ဒီမိုကရေစီအခြေခံဥပဒေ ပေါ်ပေါက်စေဖို့နဲ့ အမျိုးသားညီညွတ်ရေးကြီးကို ရှာဖွေဖော်ထုတ်နိုင်ဖို့ နိုင်ငံသစ်တည်ဆောက်ရေးအင်အားစုတွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခင်က လယ်သိမ်းယာသိမ်း၊ မြေအသိမ်းခံရလို့ လက်ငုတ်ပျောက်ပြီး လုပ်စားကိုင်စားမရတဲ့သူတွေ၊ လက်ဝါးကြီးအုပ်စီးပွားရေးကြောင့် လုပ်ခွင့်ကိုင်ခွင့်တွေ ဆုံးရှုံးနေကြတဲ့သူတွေ အဲဒီလက်ဝါးကြီးအုပ်စီးပွားရေးကြောင့် ချမ်းသာတဲ့သူတွေက ထားစရာမရှိအောင် ချမ်းသာနေကြပြီး ဆင်းရဲသူတွေက စားစရာမရှိအောင် ဆင်းရဲနေတဲ့ မြန်မာ့လူမှုစီးပွားရေးဘဝတွေကို ပြောင်းပစ်ဖို့ NDF ပါတီပေါ်ပေါက်လာတာဖြစ်ပါတယ်။ အလုပ်သမားတွေရဲ့ ဘဝတွေကို ကြည့်ပြန်တော့လည်း သင့်တင့်မျှတတဲ့လုပ်ခ၊ လုပ်အားနဲ့ ထိုက်တန်တဲ့လုပ်ခတွေ ရကြပြီလား။ မရကြသေးပါဘူး။ ဒါကြောင့် အလုပ်သမားအရေး၊ လယ်သမားအရေးတွေဟာ ရှင်းမရနိုင်တဲ့ အနေအထားကို ရောက်နေတာ အားလုံးအသိပါပဲ။ ကျောင်းသားသမဂ္ဂတွေ၊ လယ်သမား၊ အလုပ်သမားသမဂ္ဂတွေ တရားဝင်တည်ရှိဖို့ကိစ္စဟာလည်း အလှမ်းဝေးနေစဲပဲလို့ ပြောရပါလိမ့်မယ်။ ဒါဟာ ဒီမိုကရေစီလွတ်လပ်ခွင့်ကို မခံစားကြရသေးဘူးဆိုတဲ့ သက်သေပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မြေပေါ်မြေအောက်သယံဇာတတွေ ပေါကြွယ်ဝတယ်လို့ မစားရ ဝခမန်း ပြောနေကြတယ်။ ဒါပေမယ့် အဲဒီသယံဇာတအခွင့်အလမ်းတွေကို ပြည်သူတွေမခံစားကြရဘူး။ ဘယ်သူတွေ ခံစားနေရသလဲ၊ လက်တစ်ဆုပ်စာ အခွင့်ထူးခံတွေပဲ ခံစားနေရတယ်မဟုတ်လား။ ဒါကြောင့် ဒီကနေ့ ပြည်သူတွေ ကြုံတွေ့ခံစားနေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနဲ့ ဥပဒေပြုရေးနယ်ပယ်တွေက အနိဋ္ဌာရုံတွေဟာ ခေတ်အဆက်ဆက် လက်ဝါးကြီးအုပ်ဖိနှိပ်မှုတွေကြောင့်ဖြစ်တယ်ဆိုရင် ဘယ်သူငြင်းမလဲ။ ငြင်းလို့မရနိုင်ဘူး။

အဲဒီတော့ ဒီကနေ့ပြည်သူတွေ ကြုံတွေ့ခံစားနေရတဲ့ စားဝတ်နေရေးဒုက္ခတွေက လွတ်မြောက်ဖို့ဆိုရင် ဒီခေတ်ကြီးကို ပြောင်းပစ်ရပါမယ်။ NDF ပါတီဟာ ပြည်သူ့အတွက် စွမ်းနိုင်တယ်။ ဒါကြောင့် ဒီခေတ်ကြီးကို ပြောင်းပစ်ဖို့ ခမောက်ပါတီ NDF ဟာ ပြည်သူ့ရှေ့မှောက်ကို ရောက်လာတာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

နိုင်ငံသစ်ဆီသွားတဲ့နေရာမယ် ညီညွတ်ရေးကို ရှေးမရှုဘဲ နိုင်ငံရေးလောဘတွေတက်ပြီး သခွတ်ပင်က မီးတကျည်ကျည်လုပ် အပုပ်ချနေကြရင် ဒီမိုကရေစီကတော့ မျှော်တိုင်းဝေးနေဦးမှာပဲ။ အဲဒီလို နိုင်ငံရေးငါတကောကောပြီး ပုဂ္ဂိုလ်နိုင်ငံရေးတွေ၊ အာဏာနိုင်ငံရေးတွေကိုပဲ လုပ်နေကြမယ်ဆိုရင် နိုင်ငံရေးဝိပ္ပတ္တိခေတ်ဆိုးကြီးက ပြည်သူတွေ ဘယ်တော့မှလွတ်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ပြည်သူ့အတွက်လုပ်တဲ့ နိုင်ငံရေးလား၊ အာဏာအတွက် လုပ်တဲ့နိုင်ငံရေးလားဆိုတာ နိုင်ငံရေးပါတီတွေကို ခွဲခွဲခြားခြား သိထားဖို့ လိုပါလိမ့်မယ်။ ခမောက်ပါတီကတော့ လွှတ်တော်တွေထဲမှာ ပြည်သူတွေအတွက် သဲသဲမဲမဲ အရေးဆိုခဲ့တယ်။ လွှတ်တော်သက်တမ်းနဲ့အမျှ အဆိုတွေ၊ မေးခွန်းတွေ၊ ဥပဒေကြမ်းတွေ အများဆုံးတင်ခဲ့တဲ့ ပါတီတစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တစ်ယောက်တည်းပဲရှိပါစေ၊ အဲဒီလွှတ်တော်ကြီးကို ကိုင်လှုပ်နေဦးမှာပဲဆိုတာ ဒီနေရာကနေ အတိအလင်းကြေညာလိုက်ပါတယ်။

NDF ဟာ နိုင်ငံတစ်နံတစ်လျားမှာ နယ်စည်းမခြားဘဲ မြေအသိမ်းခံရတဲ့ တောင်သူတွေရဲ့ပြဿနာကို ဖြေရှင်းဆောင်ရွက်ခဲ့တယ်။ ဒါ ပြည်သူ့ထံပါးက ဘယ်တော့မှ ခွာမသွားဘူး။ ပြည်သူနဲ့အတူ ရပ်မယ်ဆိုတဲ့အတိုင်း ရပ်ခဲ့တာပဲ၊ အဲဒါကြောင့် ဒီမိုကရေစီနဲ့ လွတ်လပ်ခွင့်တွေကို တကယ်ဆောင်ကြဉ်းပေးမယ့် ပါတီကို ဦးနှောက်ထဲက မဲတစ်ပြားကိုထည့်လိုက်ပါ။ ဒါမှ စိတ်ချရပါလိမ့်မယ်။

အဲဒီလို ပြည်သူတွေ စားဝတ်နေရေးအဆင်ပြေရေးနဲ့ လူမှုဘဝတွေ သက်သာစေဖို့ NDF က ကြိုးပမ်းခဲ့တယ်ဆိုတာ တွေ့နိုင်ပါလိမ့်မယ်။ ဒါဟာ ဒီခေတ်ကြီးကို ပြောင်းပစ်ဖို့ NDF ရဲ့ ကြိုးပမ်းချက်တွေပါပဲ။ အဲဒါကြောင့် NDF ခမောက်ပါတီကို ယုံလိုက်ပါ။ ဒီမိုကရေစီကိုလိုချင်ရင်၊ လူမှုရေးဒုက္ခတွေက လွတ်ချင်ကြရင် "ဒီခေတ်ကြီးကို ပြောင်းပစ်ဖို့ NDF ကိုယ်စားလှယ်တွေကို ရွေးချယ်လိုက်ပါ။ အဲဒါဆိုရင် လာမယ့်လွှတ်တော်တွေထဲမှာ ခမောက်ပါတီ NDF ဟာ ပြည်သူ့အကျိုးပြုနိုင်ငံရေးကို စံပြုလောက်အောင် ထမ်းဆောင်သွားမှာပဲဆိုတာ ကတိပြုပါတယ်။

**မိဘပြည်သူများခင်ဗျား -**

ပြည်သူတွေက ခမောက်ပါတီ NDF ကို ရွေးချယ်လိုက်ရင် ကျွန်တော်တို့ပါတီဟာ စားဝတ်နေရေးချောင်လည်စေဖို့ အဓိကထား ကြိုးပမ်းသွားပါမယ်။ ဒါကြောင့် ထားစရာမရှိအောင်ချမ်းသာသူတွေနဲ့ စားစရာမရှိအောင် ဆင်းရဲနေသူများရဲ့ ချမ်းသာဆင်းရဲကွာဟမှုကြီးကို ကျဉ်းကျုံ့ပစ်နိုင်အောင် ကြိုးပမ်းသွားပါမယ်။

လယ်သိမ်းယာသိမ်းမြေသိမ်းခံပြည်သူတွေရဲ့ ဘဝအာမခံချက်ရှိရေးအတွက် မိမိတို့နှစ်သက်ရာ စပါးမျိုးတွေကို စိုက်ပျိုးခွင့်ရရှိရေး၊ လယ်လုပ်သူတိုင်း လက်ဝယ်ပိုင်ပိုင် လယ်လုပ်ပိုင်ခွင့်ရရှိနိုင်အောင် မဖြစ်မနေကြိုးပမ်းသွားပါမယ်။

အခြေခံလူတန်းစားတွေရဲ့ မိသားစုလုပ်ငန်းတွေကို ဘဏ်ချေးငွေတွေ ရရှိအောင် ဆောင်ကြဉ်းသွားပါမယ်။

၂၀၂၀ ပြည့်နှစ်မှာ ကျေးရွာအားလုံး လျှပ်စစ်မီးရရှိစေဖို့ ဘက်ပေါင်းစုံက ဖန်တီးဖော်ဆောင်သွားပါမယ်။

ဒါတင်မကသေးပါဘူး။ ကုန်ဈေးနှုန်းတွေလည်းတည်ငြိမ်စေရပါမယ်။ ဒါကြောင့် အခွန်နှုန်းထားတွေ လျော့ကျစေပြီး တစ်ဖက်မှာ လုပ်ငန်းဦးရေပမာဏ တိုးချဲ့ကောက်ခံရေးကိုကြိုးပမ်းသွားပါမယ်။

ပြည်သူအများ အလုပ်အကိုင်သစ်တွေဖြစ်ပေါ်စေဖို့ ရထားလမ်း၊ ကားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်စေရပါမယ်။ နောက်ပြီး ရထားပို့ဆောင်ရေးနဲ့ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်ကုမ္ပဏီကြီး၊ငယ်၊လတ်တွေကို လုပ်ကိုင်ခွင့်ပြုစေရပါမယ်။ ဒါကြောင့် ခရိုနီလုပ်ငန်းရှင်ကြီးတွေရဲ့ မတည်ငွေတွေနဲ့ နိုင်ငံကို ပြန်လည်အကျိုးပြုရေးမှာ ပါဝင်နိုင်အောင် လမ်းဖွင့်ပေးသွားရပါမယ်။ ဒါတွေအပြင် ပြည်တွင်းငြိမ်းချမ်းရေး ရရှိသည်အထိ ကျွန်တော်တို့ ခမောက်ပါတီ NDF ဟာ ပြည်သူနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းကတိပြုလိုက်ပါတယ်။

**မိဘပြည်သူများခင်ဗျား -**

အဲဒါကြောင့် ပြည်သူလူထုကြီးကို ပွင့်ပွင့်လင်းလင်းပဲပြောချင်တယ်။ ရွေးကောက်ပွဲ မဲထည့်တဲ့အခါမယ် ဟိုလူထည့်ရကောင်းနိုးနိုး၊ ဟိုပါတီထည့်ရကောင်းနိုးနိုး၊ ဒီမိုကရေစီသမားတွေပဲဆိုပြီး မဲထည့်မှားရင်တော့ ဒီမိုကရေစီစုန်းပြူးတွေပဲဖြစ်ပါလိမ့်မယ်။ ဒီမိုကရေစီသမားဆိုတိုင်း အထင်ကြီးစိတ်နဲ့ မဲထည့်မှားရင် ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးတာနဲ့ တွေ့ရလိမ့်မယ်လို့ သတိပေးချင်ပါတယ်။ ဒီမိုကရေစီအရေခြုံထားတဲ့ အာဏာနိုင်ငံရေးသမားတွေကို မဲထည့်မှားရင်တော့ နောင်ငါးနှစ်လုံးလုံး နိုင်ငံရေးအမှောင်ဖုံးပြီး ပြည်သူတွေ ဒုက္ခလှလှကြီးတွေ့ပါလိမ့်မယ်။ အဲဒါ မြေကြီးကို လက်နဲ့ခတ်ရင်လွဲချင်သာလွဲမယ်။ ဒုက္ခကတော့ တွေ့မှာအမှန်ပဲ။ ဒါကြောင့် ဘယ်သူတွေက အပြောသမားတွေလဲ၊ ဘယ်ပါတီက လက်တွေ့သမားတွေလဲ ဆိုတာလေ့လာပြီးမှ ဦးနှောက်ထဲက မဲတစ်ပြားထည့်ကြဖို့ တိုက်တွန်းချင်တယ်။

**မိဘပြည်သူများခင်ဗျား -**

အသည်းကြားက မဲတစ်ပြားပဲဆိုရင်တော့ ဒီမိုကရေစီ အာဏာရှင်စနစ်အောက်မှာ ပြည်သူတွေ နေရပါလိမ့်မယ်။ အသည်းကြားက မဲတစ်ပြားလုပ်ခဲ့ကြလို့ တိုင်းပြည်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ပုဂ္ဂိုလ်နိုင်ငံရေးတွေနဲ့ အာဏာလုပွဲတွေပဲဖြစ်ခဲ့တယ်ဆိုတာ သမိုင်းမှာ သက်သေထင်ရှားရှိခဲ့ပါတယ်။

ခမောက်ပါတီ NDF ဟာ ပြည်သူကို မရေမရာ နိုင်ငံရေးအိပ်မက်တွေ ပေးတဲ့ပါတီမျိုးလား။ မဟုတ်ပါဘူး။ ခြံစည်းရိုးပေါ် ခွထိုင်ပြီး မူမရှိ လုပ်ငန်းစဉ်မရှိ၊ အခွင့်အရေးမျှော် နိုင်ငံရေးအချောင်သမား စားဖားတွေလား ဆိုတာကို လေ့လာပြီးမှ မဲထည့်လိုက်ပါ။ ကျွန်တော်တို့ပါတီဟာ မှန်ရာကန်ရာကို ပြောပြီး ပြောသလိုလုပ်မယ့်ပါတီဖြစ်တယ်။ ဒါကြောင့် မဲရရေးအတွက် ပြည်သူကို လှည့်စားပြီးပြောနေမယ့်ပါတီမျိုး မဟုတ်ဘူးဆိုတာ ရဲရဲကြီးကတိပေးလိုက်ပါတယ်။ ဒါကြောင့် ပြည်သူကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ အခွင့်အရေးကြောင့်နဲ့တော့ လူထုအကျိုးပြုနိုင်ငံရေးက တစ်လက်မမှ သွေဖည်မသွားဘူးဆိုတာ ဒီနေရာကနေ နိုင်ငံရေးသစ္စာစကားဆိုပါတယ်။

အဲဒါကြောင့် NDF ကိုယုံလိုက်ပါ။ ပြည်သူ့အတွက်ဆိုရင် NDF စွမ်းနိုင်တယ်။ ဒါကြောင့် ဒီမိုကရေစီကို လိုချင်ရင်၊ စားဝတ်နေရေးပြေလည်ချင်ရင် ခမောက်ပါတီကိုယ်စားလှယ်တွေကို ရွေးချယ်လိုက်ပါ။

ဒီခေတ်ကြီးကိုမှ ပြောင်းချင်ရင်တော့ ခမောက်ပါတီ NDF ကိုမဲထည့်ပါမှ ခင်ဗျားတို့နောင်ရေး စိတ်အေးရပါလိမ့်မယ်။ ဘာကြောင့်လဲ၊ ခမောက်ပါတီ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူတွေက မလိုလားတော့ပါဘူးဆိုပြီး မျက်နှာတစ်ချက်ညိုးတာနဲ့ နိုင်ငံရေးသိက္ခာမဲ့စွာ လွှတ်တော်တွေထဲမှာ ပေကပ်နေမယ့်လူစားမျိုးတွေမဟုတ်ဘူးဆိုတာကို ရဲရဲကြီး အာမခံရင်း နိဂုံးချုပ်ပါတယ်။ ။

# တောင်ငူ၌ မဲစာရင်းများရှာဖွေကြည့်ရှုရခက်နေ

**တောင်ငူ စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်တွင် စက်တင်ဘာ ၁၄ ရက် နံနက် ၆ နာရီမှ စ၍ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာရာ တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်၊ တောင်ငူခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဌေး၊ တောင်ငူမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံလှတို့က မဲစာရင်းကပ်ထားကြေညာရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိုက်လံစစ်ဆေးကြည့်ရှုကြကာ မဲစာရင်းကြည့်ရှုနည်းကို ရှင်းလင်းပြောကြားခဲ့ကြသည်။**(ယာပုံ)**

တောင်ငူမြို့နယ်တွင် မဲရုံပေါင်း ၂၀၀ နှင့် မဲဆန္ဒရှင်ပေါင်း ၁၇၆၈၈၆ ဦးခန့်ရှိရာ ယခုဒုတိယအကြိမ်မဲစာရင်းမှာ အက္ခရာစဉ်အလိုက်ပြုစုထုတ်ပြန်သည်ဆိုသော်လည်း မိသားစုအလိုက်၊ နယ်မြေအလိုက်၊ ကျေးရွာခွဲအလိုက်မဟုတ်ဘဲ ရောနှောနေသည့်မဲစာရင်းများဖြစ်နေ၍ လာရောက်ကြည့်ရှုသူများမှာ အလွယ်တကူ ရှာဖွေမတွေ့ရှိသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်နေကြသည်။

သက်ဆိုင်ရာ တာဝန်ရှိသူ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက ကူညီရှာဖွေပေးနေကြရသည့်အပြင် မဲရုံတစ်ရုံချင်းအလိုက် မဲစာရင်းခွဲထုတ်ရန်ခက်ခဲနေသဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများမှ ယခင်ပဏာမမဲစာရင်းပြုစုသည့်မိသားစုအလိုက်၊ နယ်မြေအလိုက် မဲစာရင်းများကိုသာ အတည်ပြုကြေညာပေးရန် ဆန္ဒပြုပြောကြားနေကြကြောင်း သိရသည်။

**ဦးကျော်လှ(တောင်ငူ)**



## 4TV ၏ တစ်ပတ်စာကြည့်ရှုရေးအစီအစဉ်ကောင်းများ
## (၁၉-၉-၂၀၁၅ မှ ၂၅-၉-၂၀၁၅ အထိ)

4tv Vol.1 No-36

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

**HD Quality** ဖြင့်
နိုင်ငံခြားရုပ်ရှင်များ၊ ဂီတဖျော်ဖြေပွဲ
တိုက်ရိုက်ထုတ်လွှင့်မှုများကို
ခံစားကြည့်ရှုနိုင်မယ့်
အရည်အသွေးမြင့်ရုပ်သံလိုင်း

4 HD




4tv

ရုပ်သံဖမ်းစက် နှင့် ဖန်း




Hotline - 01- 2306166

www.facebook.com/4tvmyanmar

## မြန်မာပြည်အနှံ့ မြို့နယ်တိုင်းမှာကြည့်နိုင်ပြီ

အရည်အသွေးမြင့်ရုပ်သံလိုင်းပေါင်း များစွာ ဖမ်းယူကြည့်ရှုနိုင်သည်။

အားလုံးပျော်အောင် 4TV

Taunggyi Showroom နှင့် Monywa Showroom တို့တွင် ဖွင့်ပွဲအထိမ်းအမှတ် **Promotion** များရှိပါသည်။

**4TV Showroom Taunggyi**

အမှတ် (C-15, C-16)၊ အရှေ့မြို့ပတ်လမ်း၊
တောင်ကြီးမြို့။ ဖုန်း- ၀၉ ၂၆၅၆၅၆ ၈၄၅

**4TV Showroom Monywa**

အိမ်အမှတ် ၁၃၂၂၊ မြေကွက်အမှတ် ၂၀၊ ဗိုလ်ချုပ်လမ်း၊
နာရီစင်အနီး၊ မုံရွာမြို့နယ်။ ဖုန်း- ၀၉ ၂၆၂၇၅၈၅၆၁

## 4TV ၏ တစ်ပတ်တာကြည့်ရှုရအစီအစဉ်ကောင်းများ

( ၁၉ - ၉ - ၂၀၁၅ မှ ၂၅ - ၉ - ၂၀၁၅ အထိ)

**High Definition ရုပ်သံလိုင်းများ** | **ရုပ်ရှင် ရုပ်သံလိုင်းများ**

### (စနေနေ့) ၂၀၁၅ · ၉ · ၁၉

7:00 PM Beyond the Reach — 4 HD




5:20 PM Spider-Man 2 — Fox Movies



for CINEMA 2
12:02 PM ချိန်ခွင်
နေတိုး ဝတ်မှုံရွှေရည်
02:18 PM မမဖော်ရ
နိုင်နိုင်း မို့မို့မြင့်အောင်
04:21 PM အပျိုကြီး
မို့မို့မြင့်အောင်၊ဘုန်းသျှန်
08:04 PM ဆုတောင်းသောလမ်း
သီဟတင်စိုး၊ဝင်းမာဦး
09:58 PM အတွေ့လေးရယ်မှတိုအကြိ
ကျော်ဟိန်းမင်းဦး
မျိုးသဉ္ဇာထွန်း

### (တနင်္ဂနွေနေ့) ၂၀၁၅ · ၉ · ၂၀

7:00 PM Underworld: Awakening — Fox Action Movies




7:45 PM I Fine...Thank You Love You — For Cinema




for CINEMA 2
12:33 PM ပန်းရိုက်သံ
နေတိုး၊ဖွေးဖွေး
02:26 PM လက်ဝဲဘက်
ရင်ဘတ်ဆီကဂီတ
နိုင်သင်းကြည်၊ ချစ်စနိုးဦး
ပြေတီဦး
04:28 PM အပိုင်စနစ်ကြိုက်လိုက်ချင်
ရန်အောင်၊ လင်းမြတ်မင်း
မေသန်းနု၊ ဝိုင်းစုခိုင်သိန်း
06:26 PM ရည်းစား
ကျော်ရဲအောင်၊စိုးမြတ်သူဇာ
08:32 PM သစ္စာမကြောက်သတ္တိသမီး
လူမင်း၊ စုရှာလှိုင်

### (တနင်္လာနေ့) ၂၀၁၅ · ၉ · ၂၁

12:00 PM Her — HBO HD



5:35 PM 27 Dresses — Fox Movies HD




8:05 PM Yes Man — 5 Movies



for CINEMA 2
01:23 PM ဂျိုရဲရွှေ
ထွန်းထွန်း၊ နိုင်သင်းကြည်
03:54 PM နောင်းနောင်တရနေမယ်
ရန်အောင်
05:39 PM အောင်ပါစေ
ကျော်ရဲအောင်၊ရွှမ်း
မေသန်းနု
07:45 PM မေမေ့ပလွှင့်
ညီနန္ဒ၊ဝိုင်းစုခိုင်သိန်း

### (အင်္ဂါနေ့) ၂၀၁၅ · ၉ · ၂၂

6:30PM Ghost-Seeing Detective Cheo Yong — M HD



7:00 PM Insurgent — 4 HD




8:30 PM Automata — CINEMAX




for CINEMA 2
01:33 PM လွဲချော်ကကမ်းကုန်ပဲ
ဒိန်းဒေါင်
03:30 PM မချိုမရှင်ချစ်
ပြေမွေ့စိုးအိန္ဒြာကျော်ဇင်

5 သုခမ
03:42 PM လူမှန်သောထွက်
(ကောင်းခန့်မိုးဟေက်)

### (ဗုဒ္ဓဟူးနေ့) ၂၀၁၅ · ၉ · ၂၃

7:00 PM Gravity — HBO HD




1:05 PM The Last Song — Fox Family Movies




for CINEMA 2
12:14 PM သော့
နေမင်း၊နိုင်သင်းကြည်
01:52 PM တကယ်နေစ်
ပြေမွေ့စိုး၊နိုင်သင်းကြည်
07:52 PM မလောင်းမလဲ
ပြေတီဦး၊မိုးဟေက်

### (ကြာသပတေးနေ့) ၂၀၁၅ · ၉ · ၂၄

7:30 PM Star Trek — Fox Movies HD



8:00PM The Water Diviner — 5 Movies




for CINEMA 2
11:50 AM လေလွှ
ထွန်းထွန်း၊ပုလဲဝင်း
မေသန်းနု


5 သုခမ
06:08 PM ချစ်ခဲ့တယ် နေခဲ့တယ်
သေခဲ့တယ်
(သူထူးအံ့ညီညီမင်းထက်၊
သစ်စေအဆုပန်ထွာ)

### (သောကြာနေ့) ၂၀၁၅ · ၉ · ၂၅

7:00 PM The Runner — 4 HD




12:40 PM Rob Roy — Fox Action Movies



9:02 PM Jumping The Broom — For Cinema



for CINEMA 2
03:43 PM ရတနာ
ကျော်သူ၊မေသန်းနု
ထွန်းအိန္ဒြာဗိုလ်
05:46 PM လေညာကမေဒါ
နေဆန်းတင့်တင့်ထွန်း

5 သုခမ
04:44 PM နှစ်ထပ်ကိန်း
(မြင့်မြတ်၊သက်မွန်မြင့်)

www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

